
mgoe.com SAMPLE BOOK

# ကလာရာ
# နှင့်
# ရှင်နေမင်း

အာကာဦး



# Klara and the Sun

Kazuo Ishiguro

mgyoe.com SAMPLE BOOK



Klara and the Sun

Kazuo Ishiguro

ကလာရာနှင့် ရှင်နေမင်း

9 782024 001171

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၁၇)

ပုံနှိပ်မှတ်တမ်း



**အာကာဦး**

**ကလာရာနှင့် ရှင်နေမင်း**

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ **Jackie Lynn**

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၁၇၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘောကျောင်း ၂ လမ်း၊
သဘောကျောင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

အာကာဦး
ကလာရာနှင့် ရှင်နေမင်း / အာကာဦး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၁၉၂၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၁၇) ကလာရာနှင့် ရှင်နေမင်း

mgyoe.com

mgyoe.com SAMPLE BOOK

# မိတ်ဆက်

ကျွန်တော်တို့ အခြေအနေတစ်ခုကို စိတ်ကူးနဲ့ မြင်ယောင်ကြည့်ကြည့် ရအောင်။ အနာဂတ်ကာလ တစ်ချိန်ချိန်မှာပေါ့... အဲဒီအချိန်ကာလကလည်း မကြာခင် ရောက်လာတော့မယ် ထင်ပါတယ်။ အခုချိန် တချို့သော နေရာဒေသတွေမှာ အတိအကျ ပြောရရင် ဖွံ့ဖြိုးပြီး နိုင်ငံတွေရဲ့ မဟာမြို့တော်ကြီးတွေမှာ အဲဒီအခြေအနေရဲ့ တစ်စိတ်တစ်ဒေသကို တွေ့မြင်နေရပြီ။ စိတ်ကူးမြင်ယောင် ကြည့်စေချင်တဲ့ အခြေအနေဆိုတာ ဒီလိုပါ။

ကမ္ဘာပေါ်မှာ ရှိတဲ့ မိသားစုတိုင်း၊ မိသားစုတိုင်း နီးပါးက သူတို့ရဲ့အမွေခံအဖြစ် သား (သို့မဟုတ်) သမီးတစ်ယောက်တည်းပဲ ယူကြတော့တယ်။ တချို့တလေကတော့ သားသမီး နှစ်ယောက်ပေါ့။ အဲဒီလို နှစ်ယောက်ယူရတာကလည်း ပထမတစ်ယောက်ရဲ့ ကျန်းမာရေး အခြေအနေ. သို့မဟုတ် ဉာဏ်ရည်ဉာဏ်သွေးကို စိတ်မချလို့သာလျှင် အရန်အနေနဲ့ တစ်ယောက်ပိုယူထားတဲ့ သဘောမျိုး ဖြစ်နေကြတယ်။ ပြီးတော့ အဲဒီ မိသားစုတွေက လင်စုံ မယားစုံ၊ မိစုံဘစုံရယ်လို့ မရှိကြဘဲ အိမ်ထောင်အများစုမှာ တစ်ခုလပ်အဖေ သို့မဟုတ် တစ်ခုလပ်အမေတွေကပဲ မိသားစုကို ထိန်းကျောင်းအုပ်ချုပ်နေရတယ်။ ဒီတော့ အိမ်တစ်အိမ်မှာ (မိသားစုတစ်စုမှာ) အမိ သို့မဟုတ် အဖ တစ်ယောက်ရယ်၊ သား သို့မဟုတ် သမီး တစ်ယောက်ရယ်၊ ပေါင်းကြည့်မှ နှစ်ယောက်ပဲ ရှိတော့တယ်။ ပိုက်ဆံတတ်နိုင်လို့

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်မှာ ဘာညာသာရကာ ခိုင်းဖို့ အခိုင်းအစေတစ်ယောက် ငှားထားမယ် ဆိုရင်တော့ အဲဒီအိမ်ထဲမှာ စုစုပေါင်း လူသုံးယောက် ရှိနေမှာပေါ့။ ဒါပေမယ့် အဖေသို့မဟုတ် အမေက ပိုက်ဆံရှာရဦးမှာ ဆိုတော့ နေ့ခင်းဘက်တွေမှာ အိမ်ကပ်နိုင်ကြမှာ မဟုတ်ဘူး။ ဒီတော့ အဲဒီကလေးတွေ ဘယ်လောက်တောင် အထီးကျန်နေလိုက်မလဲ။ တွေးသာကြည့်လိုက်ပေတော့။ အဲဒီလို အခြေအနေမျိုးက တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံတွေရဲ့ မြို့ကြီးပြကြီးတွေမှာ... ဥပမာ တိုကျို၊ နယူးယောက်၊ လန်ဒန် စတဲ့မြို့တွေမှာ... အခုချိန် မြင်နေတွေ့နေရပြီ။ အဲဒီလို ဒေသတွေမှာ ကလေးကိုတစ်ယောက်ထက် ပိုမယူကြတော့ဘူး။ ဒါကြောင့် အဲဒီဒေသတွေရဲ့ ကလေးငယ်တွေက သူတို့ရဲ့ကလေးဘဝကို အထီးကျန်စွာ ဖြတ်သန်းခဲ့ကြရတယ်။ သူတို့လေးတွေ နေ့စဉ် နီးနီးကပ်ကပ် ထိတွေ့နေကြရတဲ့ သူက သူတို့ရဲ့ နာနီ သို့မဟုတ်ကလေးထိန်းပဲ။ အဖေ သို့မဟုတ် အမေကို နေ့ခင်းပိုင်းမှာ မတွေ့ကြရတာဘဲများတယ်။

အခုခေတ် အဲဒီကလေးတွေက ဘာပဲဖြစ်ဖြစ် ကံကောင်းသေးတယ်လို့ဆိုနိုင်ပါသေးတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ ကျောင်းနေအရွယ်ရောက်ရင်၊ သို့တည်းမဟုတ် မူကြိုထားနိုင်တဲ့ အရွယ်ရောက်ရင် ကျောင်းတက်ကြရတာမို့ သူတို့လေးတွေမှာ အတန်းဖော်၊ သူငယ်ချင်းဆိုတာတွေ ရှိလာကြတယ်။ ဒါကြောင့် အထီးကျန်မှု၊ အဖော်မဲ့မှုက အထိုက်အလျောက်တော့ လျော့ပါးသွားနိုင်တာပေါ့။ ဒါပေမယ့်... တစ်နေ့ကျရင် အဲဒီကလေးတွေအဖို့ သွားစရာ ကျောင်းမရှိတော့ဘူးဆိုရင် ဘယ်နှယ့်လုပ်မလဲ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က အထိတော့ အဲဒီလို အခြေအနေမျိုးက ဘယ်တော့မှ ဖြစ်မလာနိုင်မှာ မဟုတ်ပါဘူးလို့ ကျွန်တော်တို့ ယုံကြည်ခဲ့ကြတယ်။ ဒါပေမယ့် ၂၀၂၀ ပြည့်နှစ်မှာ Covid-19 ကပ်ရောဂါဖြစ်ပွားလာတော့ကျောင်းတွေအားလုံးကို မဖြစ်မနေ ပိတ်ပစ်လိုက်ရတယ်။ ဆိုတော့ အဲဒီလို အခြေအနေမျိုးက တကယ် ဖြစ်လာနိုင့်ခြေ ရှိတယ်လို့ ကျွန်တော်တို့ လက်ခံလာခဲ့ရပြီ။

အနာဂတ် အကြောင်းကို စဉ်းစားကြည့်တဲ့အခါမှာ စာသင်ကျောင်းတွေလုံးဝ မရှိတော့ရင် ဘယ်လိုတွေ ဖြစ်လာမလဲ။ ဒါကိုပါ စိတ်ကူးနဲ့ တွေးဆမြင်ယောင်ကြည့်ကြည့်လိုက်ပါ။ စာသင်ကျောင်းတွေ လုံးဝ မရှိတော့ဘူး ဆိုတာက ပညာသင်ယူခြင်းကို ရပ်ဆိုင်းပစ်လိုက်ပြီလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ကိုဗစ်ကာလတုန်းကလိုပေါ့။ အပြင်မှာ ကျောင်းတွေ မဖွင့်ပေမယ့် အွန်လိုင်းကနေ ပညာသင်ယူကြတယ်။ ဆိုတော့... အနာဂတ်မှာ ကျန်းမာရေးအခြေအနေကြောင့်၊ သို့တည်းမဟုတ်

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံရေး မတည်ငြိမ်တာကြောင့်၊ သို့တည်းမဟုတ် ပြင်ပလောကက အိမ်တွင်းမှာ ထက် အန္တရာယ်များလွန်းနေလို့ စာသင်ကျောင်းဆိုတာ မရှိတော့ဘဲ ကလေးတွေ အားလုံးက ကိုယ့်အိမ်ထဲကနေပြီးတော့ပဲ နည်းပညာအကူအညီနဲ့ ပညာသင်ယူကြ တော့မယ် ဆိုရင် ဘာတွေ ထူးထူးခြားခြား ဖြစ်လာနိုင်မလဲ။ နည်းပညာ အကူအညီ ကြောင့် သူတို့လေးတွေရဲ့ ပညာရေးကို ကြီးကြီးမားမား ထိခိုက်သွားမှာတော့ မဟုတ်ဘူး။ ဒါပေမယ့် ကျောင်းသွားပြီး ပညာသင်တယ် ဆိုတာက ကျောင်းစာတတ်ရုံ သက်သက်အတွက်မှ မဟုတ်တာ။ လူတွေနဲ့ ပေါင်းတတ်သင်းတတ်အောင်၊ အပေး အယူလုပ်တတ်အောင်၊ မေတ္တာတွေ မျှဝေခံစားတတ်အောင်၊ အချုပ်ပြောရရင် လူသားမျိုးနွယ်ရဲ့ အကြီးမားဆုံး အားသာချက်ဖြစ်တဲ့ အစုအဖွဲ့အားနဲ့ ကြီးပွားတိုး တက်အောင် နေထိုင်တတ်ခြင်း ဆိုတဲ့ ပညာရပ်ကို သင်ကြားတတ်မြောက်ဖို့က ကျောင်းစာတွေ ကျက်နေ၊ မှတ်နေ၊ သင်နေရတာထက် ပိုပြီးလို့တောင် အရေး ပါပါသေးတယ်။

သို့ပေမယ့်လည်း အဲဒီပညာရပ်မှာက သင်ရိုးညွှန်းတမ်း မရှိဘူး။ ဆရာ တပည့်ရယ်လို့လည်း မရှိဘူး။ ရွယ်တူတန်းတူ လူသားတွေနဲ့ လက်ပွန်းတတီး ယှဉ်တွဲနေထိုင်ပြီးမှ လက်တွေ့ လုပ်ကိုင်သင်ယူရတာမျိုး မဟုတ်လား။ ဒါကြောင့် ကျောင်းတွေ မရှိတော့လို့ ကလေးတွေအတွက် စုဖွဲ့သင်ယူစရာ နေရာမရှိတော့ဘူး ဆိုရင် အဲဒီလူမှုဆက်ဆံရေးပညာကို ဘယ်နှယ့်လုပ်ပြီး တတ်မြောက်နိုင်ပါတော့ မလဲ။ တကယ်လို့သာ ကမ္ဘာပေါ်မှာ ရှိတဲ့ လူသားအသစ်စက်စက် ကလေးတွေက မွေးဖွားလာတဲ့ အချိန်ကနေစပြီး အရွယ်ရောက်ပြီလို့ သတ်မှတ်လို့ရတဲ့ အသက် ၂၀ ဝန်းကျင်အထိ သူ့ဘဝသက်တမ်းတစ်လျှောက်လုံးမှာ နေ့စဉ်နေ့တိုင်းလိုလို လူသား ငါးယောက်ထက် ပိုပြီး ဆက်ဆံပေါင်းသင်းခွင့် မရခဲ့ဘူး ဆိုရင် အဲဒီကလေး တွေဟာ စိတ်ကျန်းမာတဲ့ လူသားလေးတွေ ဘယ်လိုမှ ဖြစ်လာနိုင်စရာအကြောင်း မရှိတော့ဘူး။

အထက်မှာ ရေးပြထားခဲ့တဲ့ ဖြစ်နိုင်ခြေ အဆိုသုံးခုကို ပြန်ချုပ်ရရင် (၁) မိသားစုတိုင်းလိုလိုမှာ သားသမီး တစ်ယောက်ပဲ ရှိတယ်။ (၂) အဲဒီမိသားစု တွေမှာ မိစုံဖစုံ မရှိကြဘူး။ (၃) အဲဒီမိသားစုတွေရဲ့ သားငယ်၊ သမီးငယ်တွေအဖို့ အပြင်မှာ တက်စရာ စာသင်ကျောင်းရယ်လို့ မရှိတော့ဘဲ အားလုံးက တတ်နိုင် သလောက် အိမ်ပြင်မထွက်ဘဲ အိမ်ထဲကနေ နည်းပညာအကူအညီနဲ့ (အွန်လိုင်း ကနေ) ပညာသင်ယူကြတယ်။ ပြောရမယ်ဆိုရင် ၂၀၂၀ ခု၊ ၂၀၂၂ ခုနှစ်အတွင်းမှာ

mgyoe.com

mgyoe.com SAMPLE BOOK

တိုကျိုလို၊ ပေကျင်းလို၊ နယူးယောက်လို၊ ဆန်ဖရန်စစ္စကိုလို၊ လန်ဒန်လို၊ ပါရီလို မြို့ကြီးတွေရဲ့ မိသားစုအတော်တော်များများက အထက်ပါ အခြေအနေအတိုင်း နေထိုင်ခဲ့ကြရတယ်။ Home Stay ဒါမှမဟုတ် Quarantine စည်းကမ်းချက်တွေ မပြင်းထန်တဲ့ နိုင်ငံတွေမှာတောင် အနည်းဆုံး ၈ လလောက်တော့ ကလေးတွေ အိမ်ပြင်ထွက်ခွင့်၊ ကျောင်းတက်ခွင့် မရခဲ့ကြဘူး။ တကယ်လို့သာ အဲဒီအခြေအနေက အနာဂတ်တစ်ချိန်ချိန်မှာ ကမ္ဘာကြီးအတွက် New Normal ပုံမှန်စံသစ် ဖြစ်သွားခဲ့ရင် ဘယ်နှယ့်လုပ်ကြမလဲ။

စာပေနိုဘယ်ဆုရှင် ဂျပန်စာရေးဆရာကြီး အိရှိဂူရို ကာဇူအိုက တစ်နေ့နေ့မှာ အဲဒီ ပုံမှန်စံသစ်မျိုး ဖြစ်လာနိုင်တယ်လို့ တွေးဆမိတာကြောင့် အခု "ကလာရာနှင့် ရှင်နေမင်း" ဆိုတဲ့ ဝတ္ထုကို ရေးသားခဲ့ဟန် တူပါတယ်။ ဒီဝတ္ထုရဲ့ နောက်ခံခေတ်ကာလက ဘယ်နှခုနှစ်မှာလဲ ဆိုတာတော့ စာရေးသူက အတိအလင်း ဖော်ပြမထားဘူး။ ဒါပေမယ့် ကိုဗစ်ကာလကို ဖြတ်သန်းခဲ့ဖူးပြီးပြီ ဖြစ်တဲ့ ကျွန်တော်တို့အဖို့ အဲဒီခေတ်ကာလကို မကြာခင် ကြုံတွေ့ရတော့မယ် ဆိုတာ သံသယ ဖြစ်နေစရာလိုမယ် မထင်တော့ဘူး။ ဒီဝတ္ထုထဲမှာပါတဲ့ အဓိက လူသားဇာတ်ကောင်တစ်ယောက် ဖြစ်တဲ့ ဂျိုစီဆိုတဲ့ ကလေးမလေးခမျာ သူ့အိမ်မှာ လူသားဆိုလို့ သူ့အမေရယ်၊ အိမ်ထိန်းတစ်ယောက်ရယ်၊ ပြေးကြည့်မှ ဒီနှစ်ယောက်ပဲ ရှိတယ်။ သူ့အမေ အလုပ်သွားပြီ ဆိုရင်တော့ အိမ်မှာ သူ့အတွက် တူတူတန်တန် အဖော်မရှိတော့ဘူး။ ဟိုးအရင်ကတော့ သူ့မှာ အစ်မတစ်ယောက် ရှိခဲ့ဖူးတယ်။ ဒါပေမယ့် အဲဒီအစ်မက ဂျိုစီ သိတတ်တဲ့အရွယ် မရောက်ခင်ကတည်းက သေဆုံးသွားခဲ့တယ်။ ဒီတော့ ဂျိုစီခမျာ ဘယ်လောက်တောင် အထီးကျန်နေရှာလိမ့်မလဲ။

ဒါပေမယ့် အဲဒီ အဖော်မဲ့၊ အထီးကျန်တဲ့ ဝေဒနာကို ခေတ်မီလူသားတွေက သူတို့နည်း သူတို့ဟန်နဲ့ ဖြေရှင်းဖို့ ကြိုးစားခဲ့ကြတယ်။ အဲဒါကတော့ စာရေးဆရာရဲ့ အသုံးအနှုန်းနဲ့ ပြောရရင် Artificial Friend (AF) လို့ ခေါ်တဲ့ စက်ရုပ်အဖော်တွေပဲ။ လူလုပ်အဖော်ပေါ့။ အဲဒီ AF တွေက၊ အဲဒီစက်ရုပ်တွေက တွေးတတ်တယ်။ ခံစားတတ်တယ်။ ချစ်တတ်မုန်းတတ်တယ်။ လူလိုပဲ လောဘ၊ ဒေါသ၊ မောဟနဲ့ မာန်မာနတွေလည်း အထိုက်အလျောက် ရှိကြတယ်။ ဒါကြောင့် အဲဒီခေတ်ကာလမှာ တတ်နိုင်တဲ့ လူ(မိဘ)တွေက သူတို့ရဲ့ သားငယ်၊ သမီးငယ်တွေအတွက် တိုးတိုးဖော်အဖြစ် AF တစ်ယောက်ကို ဝယ်ထားပေးတတ်ကြတယ်။ ဟုတ်ကဲ့... ဒီမှာ စက်ရုပ်ဝ ်ချုပ်၊ စက်ရုပ်တစ်ကောင်လို့ သုံးမယ့်အစား စက်ရုပ်တစ်ယောက်၊ AF တစ်ယောက်လို့

mgyoe.com
ကျွန်တော်ကို ဘာသာပြန်ခွင့်ပြုပါ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ AF တွေက အစာမစား၊ မစင်မစွန့်တာကလွဲလို့ ကျန်တဲ့အပိုင်းမှာ လူတွေနဲ့ ဘာမှ ကွဲပြားလှတာ မဟုတ်တော့ဘူး။ ဒါတောင် သူတို့က အစာအာဟာရအဖြစ်နဲ့ နေစွမ်းအင် (ဆိုလာစွမ်းအင်) ကို စုပ်ယူသုံးဆောင်ကြရသေးတယ်။

နောက်ပြီး အဲဒီခေတ်အခါရဲ့ ထူးခြားချက်က လူတွေကို စက်တွေလို upgrade လုပ် (အဆင့်မြှင့်တင်) လို့ ရနေတာပဲ။ ဒါပေမယ့် နည်းပညာက လုံးဝစင်းလုံးချောမျိုး မဟုတ်လေတော့ မြှင့်ဆင် (upgrade လုပ်) ထားတဲ့ ကလေးတွေမှာ ဘေးအန္တရာယ်တစ်ခုနဲ့ မဖြစ်မနေ ရင်ဆိုင်ကြရတယ်။ ဗေဒင်စကားနဲ့ ပြောရရင် သေရင်မြေကြီး၊ မသေရင်ရွှေထီး ဆိုတာလိုပေါ့။ Advanced Gene Engineering (AGE) အဆင့်မြင့်မျိုးဗီဇအင်ဂျင်နီယာရင်း ပညာနဲ့ မြှင့်တင်ခံထားရတဲ့ ကလေးတွေက ဉာဏ်ရည်ဉာဏ်သွေးအပိုင်းမှာ သာမန်ကလေးတွေထက် အပုံကြီးသာတယ်ဆိုပေမယ့် သူတို့ခမျာ အသက်အန္တရာယ်နဲ့ အင်မတန်မှ နီးကပ်လွန်းလှတဲ့ အချိန်ကာလတစ်ခုကို မဖြစ်မနေ ဖြတ်သန်းကြရတယ်။ အဲဒီဘဝစာမေးပွဲကို မဖြေနိုင်ဘူးဆိုရင်တော့ မြေကြီးအောက်ထဲ ဒိုးပေတော့ပေါ့။ အောင်သွားရင်တော့ အရှေ့မှာ တက်လမ်းတွေက အများကြီးပဲ။

ဒီဝတ္ထုဇာတ်လမ်းထဲမှာ စာရေးဆရာက စာသင်ကျောင်းတွေကို ကမ္ဘာမြေပေါ်ကနေ လုံးဝ ဖျောက်ပစ်လိုက်တယ်။ ဒါပေမယ့် အဆင့်မြင့် ပညာရေးကို သင်ပေးတဲ့ တက္ကသိုလ်ဆိုတာကတော့ ရှိနေတုန်းပဲ။ သို့ပေမယ့်... အဲဒီတက္ကသိုလ်ဆိုတာတွေက မြှင့်တင်ခံထားရတဲ့ လူငယ်တွေကိုပဲ လက်ခံကြတာဆိုတော့ သာမန်လူငယ်၊ ဒါမှမဟုတ် မြှင့်တင်မထားဘဲ ပကတိအတိုင်း ရှိနေသေးတဲ့ အော်ရီဂျင်နယ်လူသားလေးတွေကို ဘယ်သူကမှ နေရာမပေးကြတော့ဘူး။ ဒါကြောင့်လည်း AGE ကြောင့် အသက်သေနိုင်တဲ့နှုန်းက ၅၀ ရာခိုင်နှုန်းအထက်မှာ ရှိနေတာတောင် အပြိုင်အဆိုင် ပြင်းထန်တဲ့ လောကကြီးထဲမှာ ကျင်လည်နေရတဲ့ လူကြီးမိဘတွေအဖို့ သူတို့ရဲ့ သားငယ်၊ သမီးငယ်တွေကို အရဲစွန့်ပြီး မြှင့်တင်ပေးရုံကလွဲလို့ တခြားရွေးချယ်စရာလမ်း မရှိသလောက်ပဲ။

ဒီဇာတ်လမ်းက ခေတ်လွန် စိတ်ကူးယဉ် သိပ္ပံဝတ္ထုတစ်ပုဒ် ဆိုပေမယ့် စာရေးဆရာကြီး အိရှီဂူရို အသားပေးဖော်ပြချင်တဲ့ အကြောင်းအရာက သိပ္ပံမဟုတ်ဘူး။ နည်းပညာမဟုတ်ဘူး။ လူ့အကြောင်း... အတိအကျ ပြောရရင် လူ့စိတ်အကြောင်း။ လူတွေရဲ့ အထီးကျန်မှုအကြောင်း၊ လူတွေရဲ့ မေတ္တာအကြောင်း။
mgyoe.com

mgyoe.com SAMPLE BOOK

ဒီဝတ္ထုထဲမှာ ဂျိုစီဆိုတဲ့ အသက် ၁၄ နှစ်အရွယ် ကောင်မလေးတစ်ယောက်နဲ့ သူ့မိသားစုအကြောင်းကို စေ့စေ့စုံစုံ ရေးသားထားတယ်။ ဒါပေမယ့် ဇာတ်ကြောင်း ပြောသူက ဂျိုစီတော့ မဟုတ်ဘူး။ ပိုပြီး ထူးခြားတဲ့အချက်က ဇာတ်ကြောင်းပြော သူဟာ လူသားတစ်ယောက်တောင် မဟုတ်ဘူး။ ဂျိုစီရဲ့ AF ဖြစ်လာမယ့် ကလာရာ ဆိုတဲ့ စက်ရုပ်မလေးက ဝတ္ထုအစကနေ အဆုံးထိ သူမြင်၊ သူကြား၊ သူသိ၊ သူတွေး၊ သူခံစားမိတဲ့ အကြောင်းအရာတွေကို ဇာတ်ကြောင်းပြောသူအဖြစ်နဲ့ ဖောက်သည်ချ သွားတယ်။ ပြောရရင် စက်ရုပ်မလေး ကလာရာက လူတွေကို (ဂျိုစီတို့ကို) ကြည့်ပြီး စိတ်ခံစားမှုတွေကို လေ့လာသင်ယူသွားတယ်။ ချစ်ခြင်းမုန်းခြင်းတွေကို ခွဲခြမ်း စိတ်ဖြာသွားတယ်။ အထီးကျန်ခြင်း၊ အဖော်မဲ့ခြင်းတွေကို ဖြေရှင်းကိုင်တွယ် သွားတယ်။

ဒီဝတ္ထုကို ဖတ်ရင်းဖတ်ရင်းနဲ့ စာဖတ်သူအနေနဲ့ အချက်တစ်ချက်ကို သတိထားလာမိမယ်လို့ ထင်ပါတယ်။ အဲဒါ ဘာလဲဆိုတော့ ဇာတ်ကြောင်းပြောသူက လူသားတစ်ယောက် မဟုတ်တဲ့အတွက်ကြောင့် တချို့ဝေါဟာရတွေ၊ တချို့တွေးခေါ် ယူဆပုံတွေ၊ တချို့အသုံးအနှုန်းတွေက စာဖတ်သူအဖို့ နည်းနည်း ကသိကအောက် ဖြစ်နေနိုင်တယ်။ အဲဒီလို ဖြစ်လာခဲ့ရင် ဘာသာပြန်သူ ကျွန်တော်ရဲ့ အားနည်းချက် ကြောင့်လည်း ဖြစ်နိုင်ပါတယ်လို့ ကြိုတင်ပြီး ဝန်ခံ တောင်းပန်ထားပါရစေ။ နောက် ထပ် ငန့်ခံစကား ပြောပြချင်တာတစ်ခုက တကယ်ဆိုရင် ကျွန်တော်အနေနဲ့ ဒီဝတ္ထု အတွက် အမှာစာဆိုပြီး တကူးတကန့် ရေးဖို့ စိတ်ကူးမရှိခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမှာစာရဲ့ အာဘော်ကြောင့် စာဖတ်သူကို အရောင်ဆိုးမိသွားတာမျိုး မဖြစ်စေချင် လို့ပါ။ ဆိုလိုတာက စာဖတ်သူအနေနဲ့ ဒီဝတ္ထုကို လွတ်လွတ်လပ်လပ် ဖတ်ပြီး လွတ်လွတ်လပ်လပ် အနှောင့်အဖွဲ့မရှိဘဲ ယူဆချင်သလို ယူဆစေချင်ပါတယ်။

ဒါဆို ဘယ်နှယ့်ကြောင့် ဒီစာကို ရေးရသလဲလို့ မေးချင်ကောင်း မေးချင် ဝေလိမ့်မယ်။ အကြောင်းနှစ်ချက် ရှိပါတယ်။ ပထမဆုံးနဲ့ အဓိက အကျဆုံးအချက် ကတော့ ထုတ်ဝေသူ ကိုပြည့်က အမှာစာရေးပေးပါဦးလို့ တောင်းဆိုလာလို့ပါ။ အဲ့... ပြောရရင်တော့ ပထမတစ်အုပ် (လမ်းဆုံးမှတ်ဉာဏ်များ) တုန်းကလည်း ကျွန်တော့်ကို အမှာစာရေးပေးဖို့ သူ တောင်းဆိုခဲ့တာပါပဲ။ ဒါပေမယ့် အဲဒီတုန်းက ဘာမှ မှာစရာ မရှိပါဘူး ဆိုပြီး ရေးဖို့ ငြင်းဆန်ခဲ့တယ်။ အခု ဒီဝတ္ထုမှာမှ အမှာစာ (တကယ်တော့ ကျွန်တော် မှာတမ်းခြွေနေတာ မဟုတ်ပါဘူး။ ဒါကြောင့် အမှာ ဝလို့ မသုံးဘဲ မိတ်ဆက်လို့ပဲ ဒီမှာ ခေါင်းစဉ်တပ်ထားလိုက်ပါတယ်) ထည့်ရေးရတဲ့

mgyoe.com

mgyoe.com

ဒုတိယအချက်က ဝတ္ထုအစကနေ အဆုံးထိ မူရင်းစာရေးဆရာကြီး အိရှိဂူရိုက ဇာတ်လမ်းနောက်ခံ ခေတ်အခြေအနေကို ဘယ်နေရာမှာမှ တိတိပပ ရှင်းပြထားတာ မရှိလို့ပါပဲ။ ဒီတော့ မြန်မာစာဖတ် ပရိသတ်အဖို့ ခေတ်သစ်နည်းပညာနဲ့ အလှမ်းကွာနေခဲ့မယ် ဆိုရင် ဇာတ်ကြောင်းက ဟာတာတာကြီး ဖြစ်သွားနိုင်ပါတယ်။

ဥပမာ ဆိုကြပါစို့။ အဓိကဇာတ်ကောင်ဖြစ်တဲ့ ဂျီစီရဲ့ အစ်မ၊ ဆားလ်က ဂျီစီငယ်စဉ်အခါမှာပဲ ဆုံးသွားခဲ့တယ်။ ဘာရောဂါနဲ့ ဆုံးသွားခဲ့တာလဲ၊ ဘာကြောင့် ဆုံးသွားခဲ့တာလဲ ဆိုတာကို အိရှိဂူရိုက တိတိကျကျ ရေးပြမထားဘူး။ ဒီတော့ အဲဒီအချက်က ဝတ္ထုကြောင်းအတွက် အရေးမပါဘူးလား။ ဒါလည်း မဟုတ်ပြန်ဘူး။ ဆားလ် သေသွားရတဲ့ အကြောင်းအရင်းကို သိရင် ဇာတ်လမ်းက အရသာ ပိုရှိလာတယ်။ ဒါဆို အိရှိဂူရိုက ဘာကြောင့် ရေးမပြရတာလဲ။ တကယ်တော့ လုံးဝဥသုံ ရေးပြမထားတာတော့ မဟုတ်ဘူး။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဝတ္ထုတစ်ပုဒ်လုံးရဲ့ နေရာအနှံ့မှာ အရိပ်အမြွက်ပေါင်းများစွာ၊ သဲလွန်စပေါင်းများစွာ ချပြထားတယ်။ ငှက်ပျောသီးကို အခွံခွာကျွေးသလို ရော့... အင့် ဆိုပြီး ပေါ်တင်ကြီး ချပြမထားတာသာ ရှိတာ။ တကယ်တော့ အဲဒီလို အကြောင်းအရာမျိုး၊ အဲဒီလို အရိပ်အမြွက်ပဲ ချပြထားတဲ့ အကြောင်းအရာမျိုးတွေ ဒီဝတ္ထုထဲမှာ အများကြီးပဲ။

ဒါကြောင့် ကျွန်တော် တွေးကြည့်တယ်။ မြန်မာစာဖတ်ပရိသတ်ကို အထင်သေးလို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီဝတ္ထုဇာတ်လမ်းရဲ့ နောက်ခံအခြေအနေကို စာဖတ်သူ ရိပ်စားမိအောင် နိဒါန်းပျိုးထားရရင် ကောင်းမလားလို့။ ဆားလ်တစ်ယောက် ဘာကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားခဲ့ရတာလဲ။ ဂျီစီကရော ဘာကြောင့် သေလုမျောပါး ခံစားနေရတာလဲ။ ဂျီစီခမျာ ဘာကြောင့် အထီးကျန်နေရတာလဲ။ ဂျီစီရဲ့ အမေက ဘာကြောင့် ဂျီစီကို အရိပ်တကြည့်ကြည့်နဲ့ ပိုးမွေးသလို ဥနေရတာလဲ။ မြှင့်တင်ခံထားရတဲ့ ကလေးနဲ့ သာမန် မြှင့်တင်မခံထားရတဲ့ ကလေးက ဘာတွေ ကွာနေတာလဲ။ အခုဆို ကျွန်တော် မိတ်ဆက်ထားသလောက်နဲ့ဆိုရင် ဒီစာအုပ်ကို ဖတ်ရင်း အထက်က မေးခွန်းတွေကို ပိုပြီး နားလည်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဒါပေမယ့် အထက်တစ်နေရာမှာ ကျွန်တော် ပြောခဲ့ဖူးသလိုပေါ့။ ဒီဝတ္ထုက စိတ်ကူးယဉ် သိပ္ပံဝတ္ထု (မကြာခင် ဖြစ်လာတော့မှာမို့ စိတ်ကူးယဉ်ဆိုတဲ့ စကားလုံးကို ထည့်ပြီးတောင် မသုံးသင့်တော့ဘူး ထင်တယ်) ဆိုပေမယ့် နည်းပညာအကြောင်း၊ သိပ္ပံအကြောင်းကို ဦးစားပေးထားတဲ့ ဇာတ်လမ်းဇာတ်ကွက်မျိုး မဟုတ်ဘူး။ အဓိက,

mgyoe.com

mgyoe.com SAMPLE BOOK

က အထိးကျန်မှုနဲ့ ရင်ဆိုင်လာရတဲ့ အခါမှာ လူတွေက ဘယ်ပုံဘယ်နည်း တုံ့ပြန် တုတ်ကြသလဲ ဆိုတာနဲ့ မေတ္တာကို လူတွေက ဘယ်လို ဖွင့်ဆိုကျင့်သုံးကြသလဲ ဆိုတာကို စက်ရုပ်တစ်ရုပ် (လူသားတွေရဲ့ ရုပ်ထွေးပွေလီတဲ့ စိတ်ခံစားမှုတွေကို နားလည်ဖို့ ကြိုးစားနေတဲ့ စက်ရုပ်) ရဲ့ ရှုထောင့်ကနေ တင်ပြထားတာ ဖြစ်ပါတယ်။

ကျွန်တော်တစ်ခုတော့ ကြိုပြီး တောင်းပန်ချင်ပါတယ်။ ဒီမိတ်ဆက်ဆိုတဲ့ စာက ကျွန်တော်ရဲ့ ကိုယ်ပိုင်ရှုထောင့်ကနေ ကြည့်မြင်သုံးသပ်ပြီး ရေးသားထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့ စာဖတ်သူရဲ့အမြင်နဲ့ ကွဲလွဲနေခဲ့မယ်ဆိုရင်၊ အထူးသဖြင့် ကျွန်တော်ရဲ့ မိတ်ဆက်စာကြောင့် စာဖတ်သူရဲ့ ဝတ္ထုအပေါ် နားလည်မှုနဲ့ အတွေး အမြင်ကို ဆိုးဆိုးဝါးဝါး အရောင်ဆိုးမိသွားခဲ့မယ် ဆိုရင် ကြိုတင်ပြီး အနူးအညွတ် တောင်းပန်ထားပါရစေ။ ကျွန်တော် မှားနိုင်ပါတယ်။ မှားခွင့်လည်း ရှိပါတယ်။ ဒါပေမယ့် ဒီဝတ္ထုကို ဘာသာပြန်ထားတဲ့ အပိုင်းမှာတော့ မူရင်းစာရေးသူကို စော်ကားမိလောက်အောင် အမှားမကျူးလွန်မိဖို့ တတ်စွမ်းသမျှ ကြိုးစားထားပါ တယ်။ To err is human ဆိုတဲ့ စကားအတိုင်း အမှားပါခဲ့ရင်လည်း ထောက်ပြဝေဖန် ပေးဖို့ ဦးညွတ်တောင်းခံရင်း...

အာကာဦး

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၁)

ရှိဆာနဲ့ ကျွန်မတို့ စရောက်ခါစတုန်းက ကျွန်မတို့ရဲ့ နေရာက ဆိုင်ရဲ့ အလယ်ခေါင်၊ သတင်းစာဖတ်တဲ့စားပွဲရဲ့ နံဘေးမှာ။ ဆိုင်ရှေ့က မှန်ပြတင်းပေါက်ကြီးကို တစ်ဝက်သာသာလောက် လှမ်းမြင်နေရတယ်။ ဒါကြောင့် ဆိုင်အပြင်မှာ ဖြတ်သွားဖြတ်လာလုပ်နေကြတဲ့ ရုံးဝန်ထမ်းတွေ၊ တက္ကစီတွေ၊ လမ်းလျှောက်နေတဲ့လူတွေ၊ ခရီးသွားတွေ၊ သူတောင်းစားကြီးနဲ့ သူ့ရဲ့ခွေး၊ နောက်ပြီး RPO အဆောက်အအုံကြီးရဲ့ အောက်ဘက်တစ်ခြမ်းကို ကျွန်မတို့ တွေ့မြင်နိုင်တယ်။ ပတ်ဝန်းကျင်အခြေအနေနဲ့ ကျွန်မတို့ အလိုက်သင့်နေနိုင်ပြီဆိုတဲ့ အချိန်ကျတော့ မန်နေဂျာက ကျွန်မတို့ကို ဆိုင်ရဲ့ အရှေ့ခန်းကို ထွက်လာခွင့်ပြုတယ်။ မှန်ပြတင်းကပ်လျက်က အလှပြစင်နားရောက်တဲ့အထိပေါ့။ အဲဒီအခါကျမှ RPO အဆောက်အအုံကြီးက ဒီလောက်တောင် မြင့်ပါလားဆိုတာ ကျွန်မတို့ တွေ့မြင်နိုင်တော့တယ်။ တကယ်လို့သာ ကျွန်မတို့ အချိန်ကွက်တိ ဖြစ်မယ်ဆိုရင် သူ့ခရီးသူ နှင်နေတဲ့ နေမင်းကြီးကိုတောင် မြင်နိုင်သေးတယ်။ ကျွန်မတို့ဘက် အခြမ်းမှာရှိတဲ့ အဆောက်အအုံတွေရဲ့ ထိပ်ဖျားပေါ် ကနေ RPO အဆောက်အအုံကြီးရဲ့ ထိပ်ဖျားကို ဖြတ်ကူးသွားတာ မြင်နိုင်တယ်။

အဲဒီလို သူ့ကို ကံကောင်းထောက်မစွာ မြင်တွေ့ခွင့်ရတဲ့ အခါမျိုးမှာ ကျွန်မဟာ ကျွန်မရဲ့မျက်နှာကို အရှေ့ဘက်တိုးကပ်လိုက်ပြီး သူ့ရဲ့ ဩဇာဓာတ်တွေကို ရနိုင်သမျှ များများရအောင် စုပ်ယူလိုက်တယ်။ တကယ်လို့သာ ကျွန်မ အနားမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိဆာ ရှိနေခဲ့မယ်ဆိုရင် သူ့ကိုလည်း ကျွန်မလို လိုက်လုပ်ဖို့ တိုက်တွန်းမိမှာပဲ။ တစ်မိနစ်၊ နှစ်မိနစ်လောက် ကြာသွားရင်တော့ ကျွန်မတို့ ကိုယ့်နေရာကိုယ် ပြန်နေလိုက်ကြတာပေါ့။ ဒီကို ရောက်ခါစကတော့ ကျွန်မတို့ စိတ်ပူပန်ခဲ့ကြတယ်လေ။ ဆိုင်ရဲ့ အတွင်းပိုင်းမှာ ကျွန်မတို့ ရံဖန်ရံခါ နေမမြင်ရတော့ အားနည်းသထက်နည်းလာကြတာပေါ့။ အဲဒီတုန်းက ကျွန်မတို့အနားမှာ ရှိနေတဲ့ ကောင်လေး AF (Artificial Friend) ဖြစ်တဲ့ ရက်ခ်စ်ကတော့ ကျွန်မတို့ကို စိတ်မပူဖို့ ပြောခဲ့သေးတယ်။ ကျွန်မတို့ ဘယ်နေရာရောက်ရောက် ကျွန်မတို့နဲ့ ထိတွေ့နိုင်ဖို့အတွက် နေမင်းကြီးမှာ နည်းလမ်းတွေ အနန္တ ရှိသတဲ့။ သူက ကြမ်းပြင်ကို လက်ညှိုးထိုးပြီး ပြောတယ်။

"ဟောဟိုက နေမင်းရဲ့ အပြောက်အမွမ်းတွေ။ တကယ်လို့ နင် စိတ်ပူနေရင် အဲဒါကို သွားထိနေလိုက်ရုံပဲ။ နင် အားပြန်ပြည့်လာလိမ့်မယ်"

သူ အဲဒီလို ပြောနေတုန်းက ဆိုင်ထဲမှာ ဈေးဝယ်တွေ ရှိမနေဘူး။ ပြီးတော့ မန်နေဂျာ မမကလည်း စင်အနီကြီးတွေပေါ်မှာ ပစ္စည်းတချို့စီဖို့ အလုပ်ရှုပ်နေတယ်။ ကျွန်မ ခွင့်တောင်းချင်ရုံသက်သက်နဲ့တော့ သူ့ကို အနှောင့်အယှက်မပေးချင်ဘူးလေ။ ဒါနဲ့ ကျွန်မ ရိုဆာကို တစ်ချက် လှမ်းကြည့်လိုက်တယ်။ သူက ကျွန်မကို ကြောင်တိကြောင်တောင် ပြန်ကြည့်တဲ့အခါမှာ ကျွန်မ ရှေ့ကို ခြေနှစ်လှမ်းတိုးလိုက်မိတယ်။ အောက်ကို ထိုင်ချလိုက်ပြီး လက်နှစ်ဖက်စလုံးနဲ့ ကြမ်းပြင်ပေါ်က နေပြောက်တွေကို စမ်းကြည့်နေမိတယ်။ ဒါပေမယ့် ကျွန်မရဲ့လက်ချောင်းတွေနဲ့ အဲဒါကို ထိမိလိုက်တဲ့ အချိန်မှာပဲ နေပြောက်က ပျောက်ကွယ်သွားပါရော။ ကျွန်မ အစွမ်းကုန် ကြိုးစားကြည့်တယ်။ စောစောက နေပြောက်ရှိခဲ့ဖူးတဲ့ နေရာကို လက်နဲ့ ပုတ်ကြည့်တယ်။ အလုပ်မဖြစ်ဘူး။ ကြမ်းပြင်ကို ကျွန်မရဲ့ လက်ဖဝါးတွေနဲ့ ပွတ်ကြည့်တယ်။ မထူးဘူး။ ဘယ်လိုလုပ်လုပ် သူ ပြန်ရောက်မလာတော့ဘူး။ ကျွန်မ မတ်တတ်ပြန်ရပ်လိုက်တဲ့ အချိန်မှာ ရက်ခ်စ်က ကျွန်မကို ပြောတယ်။

"ကလာရာ၊ အဲဒါ လောဘလို့ ခေါ်တယ်။ နင်တို့ ကောင်မလေး AF တွေက အမြဲတမ်း သိပ်ကို လောဘကြီးကြတာပဲ"

အဲဒီတုန်းက ကျွန်မဟာ အသစ်ကလေးတစ်ယောက် ဆိုပေမယ့် အဲဒါ ကျွန်မရဲ့အမှား မဟုတ်ဘူး ဆိုတာလောက်တော့ ကျွန်မ ကောင်းကောင်းကြီး သိနေခဲ့တယ်။ ကျွန်မ လှမ်းထိလိုက်တဲ့အချိန်မှာ အခန့်သင့်ပဲ နေမင်းကြီးက သူ့ရဲ့ နေပြောက်တွေကို ပြန်ရုပ်သိမ်းသွားတာ ဖြစ်မယ်။ ဒါပေမယ့် ရက်ခ်စ်ရဲ့ မျက်နှာကတော့ ရှုသိုးသိုး ဖြစ်နေတုန်းပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

"နင်က ဩဇာဓာတ်တွေအားလုံးကို မောင်ပိုင်စီးချင်နေတာကိုး။ ကလာရာ၊ ကြည့်စမ်းပါဦး၊ လုံးဝကို မှောင်ကျသွားပြီ"

အသေချာဆုံး အချက်ကတော့ ဆိုင်ထဲမှာရှိတဲ့ အလင်းရောင်က အင်မတိ အင်မတန်ကို မှုန်ပျပျဖြစ်သွားခဲ့ပြီ။ အပြင်ဘက် လူသွားစင်္ကြံမှာတောင်မှ 'ယာဉ် မရပ်ရဇုန်' ဆိုတဲ့ ဆိုင်းဘုတ်မီးလေးတောင် ညှိမှောင်ပြီး ဖျိုးဖျိုးဖျဖျပဲ မြင်ရတော့ တယ်။

"ဆောရီးပဲ" ကျွန်မ ရက်ခ်စ်ကို ပြောလိုက်တယ်။ ပြီးတော့ ရိုဆာဘက် လှည့်ပြီး "ဆောရီးဟာ။ ငါတစ်ယောက်တည်း မောင်ပိုင်စီးဖို့ မရည်ရွယ်ပါဘူး"

"နင့်ကြောင့်ပဲ" ရက်ခ်စ်က ပြောတယ်။ "ဒီတစ်ညနေလုံး ငါ အားပျက် နေတော့မှာ"

"နင်... နောက်နေတာ မဟုတ်လား" ကျွန်မ သူ့ကို ပြောလိုက်တယ်။

"ဟုတ်ပါတယ်၊ နင် နောက်နေတာပါ"

"ငါ နောက်နေတာမဟုတ်ဘူး။ အခုချက်ချင်းတောင် နေမကောင်း ဖြစ် သွားနိုင်တယ်။ ဆိုင်အနောက်ဘက်က ဟို AF တွေဆို ဘယ်လိုလုပ်ကြမလဲ။ သူတို့ အစကတည်းကမှ အခြေအနေ မဟန်ကြတာ။ အခုတော့ သူတို့ခန္ဓာကိုယ်တွေက ပိုဆိုးဖို့ပဲ ရှိတော့တယ်။ နင် သိပ်ကို လောဘကြီးတာပဲ၊ ကလာရာ"

"ငါ နင့်ကို မယုံဘူး" ကျွန်မ ပြောလိုက်တယ်။ ဒါပေမယ့် ကျွန်မဘက်က အပိုင်ကြီးရယ်လို့လည်း မဟုတ်တော့ဘူး။ ကျွန်မ ရိုဆာကို ကြည့်လိုက်တယ်။ သူ့ ရဲ့ အမူအရာက အခုထိ ကြောင်တိကြောင်အနဲ့ရယ်။

"ငါ အခုတောင် နေလို့မကောင်းချင်တော့ဘူး" ရက်ခ်စ် ပြောပြီး အရှေ့ကို ယိုင်ကျသွားတယ်။

"ဒါပေမယ့် နင် ကိုယ်တိုင် ပြောခဲ့တာပဲလေ။ နေမင်းကြီးက ငါတို့ဆီ ရောက်ဖို့ သူ့မှာ နည်းလမ်းတွေ အများကြီး ရှိပါတယ်ဆို။ နင် နောက်နေတာပါဟာ၊ ငါ သိပါတယ်"

ရက်ခ်စ်က ကျွန်မကို နောက်ပြောင်နေတယ် ဆိုတာ နောက်ဆုံးတော့ ကျွန်မကိုယ်ကျွန်မ ဖြေရှင်းချက်ပေးလိုက်နိုင်ခဲ့တယ်။ ဒါပေမယ့် အဲဒီနေ့က ကျွန်မ အသိတရားတစ်ခု ရလာခဲ့တယ်။ မရည်ရွယ်ခဲ့ဘူး ဆိုပေမယ့် ရက်ခ်စ်က စိတ်မချမ်း မြေ့စရာ အကြောင်းအရာတစ်ခုကို အသိပေးလိုက်သလိုပဲ။ ဆိုင်ထဲမှာရှိတဲ့ AF အများစုအနေနဲ့ မကြားချင်ဆုံးသော အကြောင်းအရာတစ်ခုပေါ့။ အဲဒီနောက်

mgyoe.com

mgyoe.com SAMPLE BOOK

သိပ်မကြာလိုက်ပါဘူး၊ အဲဒီအကြောင်းအရာက ကောင်လေး AF ဖြစ်တဲ့ ရက်ခ်စ် အပေါ်ကို ကျရောက်လာခဲ့တယ်။ ကျွန်မ မတွေးမဖြစ် တွေးလိုက်မိတာက အဲဒီနေ့က သူ ကျွန်မကို အပြောင်အပြက် နောက်နေခဲ့တာ ဖြစ်ပေမယ့် သူ့အတွင်းစိတ်ရဲ့ တစ်စိတ်တစ်ဒေသကတော့ အတည်သဘော မှတ်ယူနေခဲ့တာပဲ။

အဲဒီနေ့က ၁ငါးကျင်းတဲ့ နံနက်ခင်းတစ်ခုပါ။ ရက်ခ်စ်ကတော့ ကျွန်မတို့ အနားမှာ မရှိတော့ဘူး။ မန်နေဂျာ မမက သူ့ကို အရှေ့ဘက် နံရံထွင်းမှန်ခန်းထဲကို ရွှေ့ပစ်လိုက်ပြီ။ မန်နေဂျာမမက အမြဲတမ်း ပြောလေ့ရှိတယ်။ ကျွန်မတို့အားလုံးကို သူ့နေရာနဲ့သူ နေရာတကျ ရှိနေအောင် ဂရုတစိုက်နဲ့ အကွက်ချ စီမံထားတာပါတဲ့။ ဘယ်နေရာမှာပဲ ရှိနေရှိနေ ကျွန်မတို့အားလုံးမှာ ရွေးချယ်ခံရမယ့် အခွင့်အရေးက တန်းတူ ပိုင်ဆိုင်ထားကြတယ်တဲ့။ အဲဒီလို ဆိုပေမယ့် ကျွန်မတို့အားလုံး သိနေခဲ့ကြတယ်။ ဈေးဝယ်တစ်ယောက်က ဆိုင်ထဲဝင်လာပြီဆိုတာနဲ့ သူ့ရဲ့ ပထမဆုံးအကြည့်က အရှေ့ဘက်နံရံထွင်းမှန်ခန်းကို အရင်ဆုံးရောက်သွားမှာပဲလေ။ ဒီတော့ ရက်ခ်စ်က သူ့ရဲ့ အခါအခွင့်ကို အလွယ်တကူနဲ့ ရရှိသွားနိုင်တာပေါ့။ ကျွန်မတို့ သူ့ကို ဆိုင်လယ်ကနေ ငေးကြည့်နေခဲ့ကြတယ်။ သူကတော့ ခေါင်းမော့ပြီး ရပ်လို့။ နေပြောက်တွေကလည်း သူ့အပေါ်မှာ ပျံ့နှံ့လို့။ တစ်ခါတော့ ရိုဆာက ကျွန်မနား တိုးကပ်လာပြီး ပြောတယ်။ "အိုး... သူ့ကြည့်ရတာ အလန်းပဲ။ သူ မကြာခင်ပဲ အိမ်တစ်အိမ် ရှာတွေ့တော့မယ်"

အရှေ့ဘက် နံရံထွင်းမှန်ခန်းထဲကို ရက်ခ်စ်ရောက်ပြီး တတိယမြောက်နေ့မှာ ကောင်မလေးတစ်ယောက်က သူ့အမေနဲ့အတူ ဆိုင်ထဲကို ဝင်လာတယ်။ အဲဒီအချိန်တုန်းက ကျွန်မက အသက်အရွယ်ကို ခန့်မှန်းတဲ့အပိုင်းမှာ အကျွမ်းကြီး မဟုတ်သေးဘူး။ ဒါပေမယ့် အဲဒီကောင်မလေးရဲ့ အသက်ကို ဆယ့်သုံးနှစ်ခွဲလောက် ရှိမယ်လို့ ခန့်မှန်းခဲ့တာ ကျွန်မ မှတ်မိနေသေးတယ်။ ပြီးတော့ အဲဒီခန့်မှန်းချက်က အမှန်ပဲလို့ ကျွန်မ အခု တွေးနေမိတယ်။ အမေက ရုံးဝန်ထမ်းတစ်ယောက်ပါ။ သူ့ကိုယ်ပေါ်က အဝတ်အစားနဲ့ ဖိနပ်ကိုကြည့်ပြီး သူဟာ ရာထူးကြီးကြီးထဲကဖြစ်ကြောင်း ကျွန်မတို့ ပြောနိုင်လိမ့်မယ်။ ကောင်မလေးက ရက်ခ်စ်ဆီကို တန်းတန်းမတ်မတ်သွားပြီး သူ့အရှေ့မှာ ရပ်နေတယ်။ အမေကတော့ ကျွန်မတို့ဘက် လှည့်ပတ်ကြည့်ရင်း ကျွန်မတို့ကို ငေးကြည့်နေတယ်။ အဲဒီနောက်တော့ မှန်စားပွဲပေါ်မှာ ထိုင်နေတဲ့ AF နှစ်ယောက်ရှိတဲ့ ဆိုင်အနောက်ဘက်ကို လျှောက်သွားတယ်။ သူတို့နှစ်ယောက်က ထိုင်ရင်း ခြေထောက်တွေလွှဲလို့။ မန်နေဂျာမမက သူတို့ကို အဲဒီလိုလုပ်ဖို့ ပြော

mgyoe.com SAMPLE BOOK

ထားတာကိုး။ ခဏနေတော့ အမေက ကောင်မလေးကို လှမ်းခေါ်တယ်။ ကောင်မလေးက မသိချင်ယောင်ဆောင်ပြီး ရက်ခ်စ်ရဲ့ မျက်နှာကိုပဲ ငေးကြည့်နေတယ်။ နောက်ပြီး သူကလက်လှမ်းပြီး ရက်ခ်စ်ရဲ့လက်မောင်းကို သူ့လက်နဲ့ ကိုင်ကြည့်တယ်။ ရက်ခ်စ်က ဘာအသံမှမထွက်ဘဲ အပြုံးနဲ့ သူ့ကိုပြန်ကြည့်ရင်း ရပ်မြဲအတိုင်း ရပ်နေတယ်။ ဈေးဝယ်တစ်ယောက်က အထူးစိတ်ဝင်စားမှု ပြလာတဲ့အခါမျိုးမှာ ဘယ်လို ပြုမူနေထိုင်ရမယ်လို့ ကျွန်မတို့ကို သင်ပေးထားတဲ့အတိုင်း တထေရာတည်း သူ ပြုမူနေခဲ့တာပဲ။

"ကြည့်" ရိုဆာက တီးတိုး လှမ်းပြောတယ်။ "ကောင်မလေးက သူ့ကို ရွေးတော့မယ်။ သူ့ကို သဘောကျနေပြီ။ သူ ကံကောင်းလိုက်တာဟယ်" ကျွန်မ ရိုဆာကို တံတောင်နဲ့ အားရပါးရ တွက်ချလိုက်တယ်။ သူ့ကို တိတ်တိတ်နေဖို့ပေါ့။ ကျွန်မတို့ရဲ့ အသံကို အလွယ်တကူပဲ ကြားသွားနိုင်တယ် မဟုတ်လား။

အခုတော့ လှမ်းခေါ်တဲ့သူက ကောင်မလေး ဖြစ်သွားပြီ။ သူ့အမေကို အော်ခေါ်နေတာ။ အဲဒီနောက် မကြာပါဘူး။ သူတို့နှစ်ယောက်စလုံး ရက်ခ်စ်ရဲ့ အရှေ့မှာ မတ်တတ်ရပ်လို့။ သူ့ကို ခေါင်းစခြေဆုံး အပြန်ပြန် ကြည့်နေကြတယ်။ ကောင်မလေးကတော့ တစ်ခါတစ်ရံ အရှေ့တိုးပြီး သူ့ကို ပွတ်သပ်လို့။ သူတို့နှစ်ယောက် လေသံနဲ့ တိုးတိုးတိုးတိုး ပြောနေကြတယ်။ တစ်ခါတော့ ကျွန်မ ကောင်မလေးရဲ့အသံကို ကြားလိုက်ရတယ်။ "ဒါပေမယ့် သူ့မှာ ဘာချွတ်ယွင်းချက် ရှိနေလို့လဲ၊ မေမေ။ သူက ချစ်စရာလေးကို" နောက်ပြီး တစ်ခဏကြာတော့ ကောင်မလေးက ပြောတယ်။ "အိုး - ဒါပေမယ့် မေမေရယ်၊ လုပ်ပါ"

မန်နေဂျာမမက အဲဒီလိုအချိန်မျိုးမှာတော့ သူတို့အနောက်မှာ တိတ်တဆိတ် ရပ်နေတတ်တယ်။ ခဏနေတော့ အမေက မန်နေဂျာဘက် လှည့်ပြီး ပြောတယ်။

"သူက ဘာမော်ဒယ်လဲ"

"သူက B2" မန်နေဂျာက ပြောတယ်။ "တတိယအသုတ်ပါ။ ကလေးအတွက်တော့ ရက်ခ်စ်က ပြီးပြည့်စုံတဲ့ အဖော်ကောင်းတစ်ယောက် ဖြစ်လာပါလိမ့်မယ်။ ကျွန်မရဲ့ ထင်မြင်ချက်ကို ပြောရမယ်ဆိုရင် သူက လူငယ်တွေအပေါ်မှာ တာဝန်သိတတ်တဲ့၊ အလေးအနက်ထားတတ်တဲ့ စိတ်သဘောထားမျိုး ဖြစ်ပေါ်လာစေနိုင်ပါတယ်"

"ကောင်းပါ့။ ဒီကောင်မလေးကတော့ အဲဒီ အရည်အချင်းတွေ အမှန်

mgyoe.com

mgyoe.com SAMPLE BOOK

တကယ် လိုအပ်နေတာပဲ"

"အိုး... မေမေရယ်၊ သူက တကယ့်ကို အပြစ်ပြောစရာ မရှိအောင်ပဲ" အမေက ဆက်ပြောတယ်။ "B2 တတိယအသုတ်ဆိုတာ နေရောင်ခြည်စုပ်ယူတဲ့ အပိုင်းမှာ ပြဿနာရှိနေတဲ့ဟာတွေ မဟုတ်လား"

သူက ရက်ဒ်ဂ်ကို အရှေ့မှာထားပြီး အဲဒီလို ပြောချလိုက်တယ်။ သူ့မျက်နှာမှာတော့ အပြုံးမပျက်ဘူး။ ရက်ခ်စ်ကလည်း သူ့လိုပဲ ပြုံးနေတယ်။ ဒါပေမယ့် ကောင်မလေးကတော့ ဦးနှောက်ခြောက်သွားပုံနဲ့ ရက်ခ်စ်ပေါ်ကနေ အကြည့်ခွာပြီး သူ့အမေကို စိုက်ကြည့်နေတယ်။

"ဟုတ်ပါတယ်" မန်နေဂျာက ပြောတယ်။ "တတိယအသုတ်ဟာ အစပိုင်းမှာတော့ အသေးစား ချွတ်ယွင်းချက်ကလေးတွေ ရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် အဲဒီအစီရင်ခံစာတွေက များသောအားဖြင့် ပုံကြီးချဲ့ပြီး ပြောထားကြတာပါ။ ပုံမှန်အလင်းရောင် ရှိနေတဲ့ ပတ်ဝန်းကျင်မျိုးမှာ ဘာပြဿနာမှ တက်လာနိုင်စရာ အကြောင်း မရှိပါဘူး"

"ကျွန်မ ကြားဖူးတာတော့ နေရောင်ခြည် စုပ်ယူမှု ချွတ်ယွင်းချက်ကြောင့် တခြား မလိုလားအပ်တဲ့ ပြဿနာတွေလည်း ဖြစ်လာနိုင်တယ်တဲ့" အမေက ပြောတယ်။ "အပြုအမူပိုင်းဆိုင်ရာ ပြဿနာမျိုးတွေတောင် ဖြစ်လာနိုင်တယ်တဲ့လေ"

"ကျွန်မပြောတာ ယုံပါ အစ်မကြီးရယ်။ တတိယအသုတ် မော်ဒယ်တွေက ကလေးတွေအများကြီးကို ပျော်ရွှင်မှုတွေ တစ်လုံးတစ်ခဲကြီး ဆောင်ကြဉ်းပေးနေကြပါပြီ။ တကယ်လို့သာ အစ်မကြီးက အလက်စ်ကား ဒါမှမဟုတ် မိုင်းတွင်းထဲမှာ နေတာ မဟုတ်ရင်တော့ ဘာမှစိတ်ပူနေစရာ မလိုပါဘူး"

အမေက ရက်ခ်စ်ကို အသေအချာ စိုက်ကြည့်နေတယ်။ နောက်ဆုံးတော့ သူ့ခေါင်းကို ခါယမ်းပစ်လိုက်တယ်။ "ဆောရီးပဲ၊ ကာရိုလင်း။ သမီး ဘာကြောင့် သူ့ကို သဘောကျနေရသလဲဆိုတာ မေမေ သိပါတယ်။ ဒါပေမယ့် သူက မေမေတို့ အတွက်မဟုတ်ဘူး။ အဲဒီလောက်နီးပါး အပြစ်အနာအဆာကင်းတဲ့ AF ဘစ်ယောက် မေမေ သမီးအတွက် ရှာပေးပါ့မယ်"

ဈေးဝယ်တွေ ဆိုင်ထဲက ထွက်သွားတဲ့အထိ ရက်ခ်စ် ပြုံးမြဲ ပြုံးနေတယ်။ အဲဒီနောက်ပိုင်းမှာတောင်မှ ဝမ်းနည်းတဲ့ အမူအရာကလေး တစ်စက်တောင် မပြခဲ့ဘူး။ အဲဒီအချိန်မှာပဲ သူထုတ်ခဲ့တဲ့ ပြက်လုံးကို ကျွန်မ သတိရသွားတယ်။ သေချာပါတယ်။ အဲဒီပြဿနာ (နေမင်းကြီးနဲ့ ဆိုင်တဲ့၊ ကျွန်မတို့ သူ့ရဲ့ သြဇာဓာတ်တွေကို

mgyoe.com

ဘယ်လောက် စုပ်ယူနိုင်သလဲဆိုတဲ့ အချက်နဲ့ဆိုင်တဲ့ ပြဿနာ) ဟာ ရက်ခ်ခ်စ်ရဲ့ ဦးနှောက်ထဲမှာ အတော်ကြာကြာကတည်းက ရောက်နေခဲ့ပြီ။

တကယ်ပါ။ ဒီနေ့မှာတော့ အဲဒီလို တွေးနေတတ်တာ ရက်ခ်ခ်စ်တစ်ယောက်တည်း မဟုတ်ဘူး ဆိုတာကို ကျွန်မ နားလည်လာတယ်။ ဒါပေမယ့် တရားဝင် ထုတ်ပြန်ချက်အရဆိုရင် အဲဒီအချက်က ပြဿနာကြီးတစ်ရပ် ဖြစ်မနေဘူး။ ကျွန်မတို့ တစ်ယောက်စီတိုင်းမှာ ရှိနေတဲ့ နည်းပညာသတ်မှတ်ချက်အရဆိုရင် အခန်းတစ်ခန်းရဲ့ ဘယ်နေရာမှာရောက်နေနေ၊ အဲဒီအချက်က ကျွန်မတို့အပေါ်မှာ လုံးဝ သက်ရောက်မှုမရှိဘူးလို့ အပြည့်အဝ အာမခံထားတယ်။ အဲဒီလို ဆိုပေမယ့်လည်း နေမင်းကြီးရဲ့ အစေးမှာ နာရီအနည်းငယ်လောက် နေလိုက်ရရင်ကိုပဲ AF တစ်ယောက်ဟာ နွမ်းချိပျော့ခွေလာတယ်။ တစ်ခုခုတော့ လွဲမှားနေပြီလို့ စပြီး စိုးရိမ်လာတတ်ကြတယ်။ တကယ်လို့သာ သူ့မှာ ထူးခြားတဲ့ ချွတ်ယွင်းချက်တစ်ခု ရှိနေပြီဆိုရင်၊ အဲဒီအချက်ကို သတိထားမိသွားကြပြီ ဆိုရင်တော့ သူ ဘယ်တော့မှ အိမ်တစ်အိမ် ရှာတွေ့နိုင်တော့မှာ မဟုတ်ဘူး။

အဲဒီ အကြောင်းကြောင့်ပဲ ကျွန်မတို့ဟာ ပြတင်းပေါက်နားမှာ နေရဖို့အတွက် အမြဲတမ်း စိတ်ကူးယဉ်နေခဲ့တာပေါ့။ ကျွန်မတို့ရဲ့ အလှည့်ဟာ တစ်နေ့ မဟုတ်တစ်နေ့ ရောက်လာလိမ့်မယ်လို့ ကျွန်မတို့ကို အာမခံပေးထားတယ်။ ဒါကြောင့်ပဲ ကျွန်မတို့ဟာလည်း အဲဒီတစ်နေ့ ရောက်လာမှာကို အမျှော်ကြီး မျှော်နေခဲ့ကြတာပေါ့။ အဲဒီကိစ္စက မန်နေဂျာရဲ့ စကားနဲ့ပြောရရင် ဆိုင်ကို ကိုယ်စားပြုခွင့်ရမယ့် 'အထူးအခွင့်အရေး' နဲ့လည်း တစ်စိတ်တစ်ပိုင်း သက်ဆိုင်နေတယ်။ တကယ်တော့ မန်နေဂျာက ဘယ်လိုပဲပြောပြော ကျွန်မတို့အားလုံး နားလည်ထားတာကတော့ ကျွန်မတို့ပြတင်းပေါက်နားက အလှပြစင်ပေါ် ရောက်နေတဲ့ အခိုက်အတန့်မှာ ကျွန်မတို့ဟာ ပိုပြီး အရွေးချယ်ခံရနိုင်ခြေရှိတယ် ဆိုတဲ့အချက်ပဲ။ ဒါပေမယ့် ကျွန်မတို့အားလုံး တိတ်တဆိတ် နားလည်သဘောပေါက်ထားတဲ့ အရေးအပါဆုံး အရာက တော့ နေမင်းကြီးနဲ့ သူ့ရဲ့ သြဇာဓာတ်ပါ။ တစ်ခါတော့ ရိုဆာက ကျွန်မကို တိုးတိုးတိတ်တိတ် ပြောလာခဲ့တယ်။ ကျွန်မတို့ရဲ့အလှည့် မရောက်ခင်လေးမှာပေါ့။

"ကလာရာ၊ ငါတို့ အလှပြစင်ပေါ် တက်ရပြီဆိုတာနဲ့ သြဇာဓာတ်တွေ အများကြီး အများကြီးကို ငါတို့ ပိုင်ဆိုင်ခွင့် ရလာမှာလား။ နောက်တစ်ခါ ဘယ်တော့မှ ပြတ်လပ်မှာ မဟုတ်တော့ဘူးလို့ နင် ထင်လား"

အဲဒီတုန်းက ကျွန်မက အသစ်ကလေးပဲ ရှိသေးတာဆိုတော့ ဘယ်လိုပြန်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြေရမှန်း မသိခဲ့ဘူး။ အဲဒီလိုမေးခွန်းမျိုးကလည်း နဂိုကတည်းက ကျွန်မခေါင်းထဲမှာ တဝဲဝဲလည်နေတယ်လေ။

နောက်ဆုံးတော့ ကျွန်မတို့ရဲ့ အလှည့် ရောက်လာခဲ့တယ်။ တစ်မနက်မှာ ရိုဆာနဲ့ ကျွန်မတို့ ပြတင်းပေါက်နားက အလှပြစင်ပေါ် တက်ခဲ့ကြတယ်။ ပြီးခဲ့တဲ့ အပတ်မှာတုန်းက ကျွန်မတို့ရဲ့ အရှေ့ကအတွဲ လုပ်ခဲ့ကြသလို တခြား အလှပြပစ္စည်းတွေကို မတွန်းမတိုက်မိအောင် သတိထားနေရတယ်။ တကယ်တော့ အဲဒီအချိန်မှာ ဆိုင်က မဖွင့်ရသေးဘူး။ ကျွန်မက ယင်းလိပ်တံခါးကို အောက်အထိ တဆုံးပိတ်ထားမယ် ထင်ထားခဲ့တာ။ ဒါပေမယ့် အစင်းကျား ဆိုဖာပေါ် ကျွန်မတို့ ထိုင်လိုက်ပြီဆိုတာနဲ့ ယင်းလိပ်အောက်ဘက်မှာ လွတ်နေတဲ့ ကွက်လပ်ကျဉ်းကျဉ်းကလေးကို ကျွန်မ လှမ်းမြင်လိုက်တယ်။ ကျွန်မတို့ အဆင်သင့်ဖြစ် မဖြစ် သိရအောင် မန်နေဂျာက ယင်းလိပ်ကို နည်းနည်း မြှောက်ကြည့်ထားတာပဲ ဖြစ်ရမယ်။ နေမင်းကြီးရဲ့ လင်းရောင်ခြည်က ပလက်ဖောင်းပေါ် ကို တောက်ပစူးရှတဲ့ စတုရန်းကွက်အဖြစ်နဲ့ ရောက်ရှိလာတယ်။ ကျွန်မတို့ရဲ့ အရှေ့မှာတော့ မျဉ်းဖြောင့်တစ်ကြောင်း အဖြစ်နဲ့ အဆုံးသတ်သွားတယ်။ ကျွန်မတို့အနေနဲ့ သူ့ရဲ့အာဟာရဓာတ်ကို ရဖို့အတွက် ကျွန်မတို့ရဲ့ ခြေထောက်တွေကို နည်းနည်းလေး ဆန့်ထုတ်လိုက်ဖို့ပဲ လိုလိမ့်မယ်။ အဲဒီတုန်းက ကျွန်မ သိနေခဲ့တဲ့ အသိက ဘာလဲဆိုတော့ ရိုဆာ မေးခဲ့တဲ့ မေးခွန်းရဲ့ အဖြေက ဘာပဲ ဖြစ်နေပါစေပေါ့။ နောင်လာမယ့် အချိန်အတိုင်းအတာ တစ်ခုအထိ ကျွန်မတို့ လိုအပ်နေမယ့် ဩဇာဓာတ်တွေ အားလုံးကို ကျွန်မတို့ ရနေတော့မယ် ဆိုတာပဲ။ မန်နေဂျာက ခလုတ်ကိုနှိပ်လို့ ယင်းလိပ်တံခါးကြီး အပေါ်ကိုတက်သွားပြီ ဆိုတာနဲ့ ကျွန်မတို့ ကိုယ်ပေါ်မှာ စူးရှတောက်ပတဲ့ အလင်းရောင်တွေ ဖုံးလွှမ်းသွားတော့တယ်။ ဒီနေရာမှာ ကျွန်မ ဖွင့်ဟဝန်ခံရလိမ့်မယ်။ ဒီကာလတစ်လျှောက်လုံးမှာ ပြတင်းပေါက်နား ရောက်ချင်နေတဲ့ တခြားသော အကြောင်းအရင်းတစ်ခု ကျွန်မမှာ ရှိနေခဲ့တယ်။ အဲဒီအကြောင်းအရင်းက နေမင်းကြီးရဲ့ ဩဇာဓာတ်ရယ်၊ လူတွေရဲ့ ရွေးချယ်ခံရမှုရယ်နဲ့ လုံးလုံးမှ ပတ်သက်မနေဘူး။ AF အများစုနဲ့ မတူတဲ့အချက်၊ ရိုဆာနဲ့ မတူတဲ့အချက်က ကျွန်မဟာ ပြင်ပလောကအကြောင်းကို ပိုပြီး သိချင်၊ ပိုပြီး စူးစမ်းချင်နေခဲ့တယ်။ စူးစမ်းချင်တာမှ ပြင်ပလောကရဲ့ အသေးစိတ် အချက်အလက်တွေကို စူးစမ်းချင်နေခဲ့တာ။ ဒါကြောင့် ယင်းလိပ်တံခါးကြီး တက်သွားပြီဆိုတာနဲ့ တစ်ပြိုင်နက် ကျွန်မနဲ့ လူသွားစင်္ကြံအကြားမှာ မှန်တစ်ချပ်ပဲ ခြားနေတော့တယ်ဆိုတဲ့ အမှန်တရား၊ အရင်တုန်းက ထောင့်စွန်းတွေ၊ ကလနားတွေကိုပဲ မြင်ခဲ့တဲ့ အရာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

အမြောက်အမြားကို လွတ်လွတ်လပ်လပ်၊ နီးနီးကပ်ကပ်နဲ့ တင်းပြည့်ကျပ်ပြည့် တွေ့ခွင့်ရပြီဆိုတဲ့ အမှန်တရားဟာ ကျွန်မကို အလွန်အကျွံ စိတ်လှုပ်ရှားမှု ဖြစ်စေခဲ့တယ်။ ဘယ်လောက်တောင် စိတ်လှုပ်ရှားသွားခဲ့သလဲဆိုတော့ နေမင်းကြီးနဲ့ သူ့ရဲ့ ကြင်နာယုယမှုကိုတောင် လုံးဝနီးပါး မေ့ပျောက်သွားတဲ့အထိပဲ ဆိုပါတော့။ RPO အဆောက်အအုံကြီးက တကယ်တော့ အုတ်ချပ်တွေ အများကြီးနဲ့ ဆောက်လုပ်ထားပါလား ဆိုတာကို ပထမဆုံးအကြိမ်အဖြစ် ကျွန်မ မြင်တွေ့လာနိုင်ခဲ့တယ်။ နောက်ပြီး အဲဒီအုတ်ချပ်တွေက ကျွန်မ အရင်က ထင်ထားခဲ့သလို အဖြူရောင်မဟုတ်ဘဲ ဝါဖျော့ဖျော့ အရောင်ပါလားလို့ ကျွန်မ တွေ့လာခဲ့ရတယ်။ အဲဒီ အဆောက်အအုံကြီးက ကျွန်မ မှန်းဆထားတာထက် အများကြီး ပိုမြင့်နေပါလား ဆိုတာကိုလည်း အခု သိနိုင်ခဲ့ပြီ။ စုစုပေါင်း အထပ် ၂၂ ထပ် ရှိပြီး တစ်ထပ်စီတိုင်းမှာ ရှိနေတဲ့ မှန်ပြတင်းပေါက်ကြီးတွေကို ထူးခြားတဲ့ ကလ့်နားတွေနဲ့ အနားသတ် ပိုင်းခြားထားတယ်။ RPO အဆောက်အအုံကြီးရဲ့ မျက်နှာစာကို နေမင်းကြီးက ဘယ်ပုံဘယ်နည်းနဲ့ ကန့်လန့်ဖြတ်မျဉ်းတစ်ကြောင်း ဆွဲထားကြောင်း ကျွန်မ တွေ့မြင်ခဲ့တယ်။ အဲဒီမျဉ်းကြောင်းရဲ့တစ်ဖက်မှာရှိတဲ့ ထြိဂံက လုံးဝလင်းကျင်းလို့၊ တခြားတစ်ဖက်မှာ ရှိတဲ့ ထြိဂံကတော့ လုံးဝကို မှောင်အတိပြီးလို့ပဲ။ ဒါပေမယ့် သူတို့ရဲ့ မူလအရောင်က ဝါဖျော့ဖျော့ အရောင်ဆိုတာကိုတော့ အခု ကျွန်မ သိနေခဲ့ပြီလေ။ ခေါင်မိုးအထိ ဆင့်ကာဆင့်ကာ မြင့်တက်သွားတဲ့ ပြတင်းပေါက် တစ်ပေါက်စီတိုင်းကို အခု ကျွန်မ မြင်နိုင်တဲ့အပြင် အဲဒီ ပြတင်းပေါက်တွေအထဲမှာ ရပ်နေတဲ့၊ ထိုင်နေတဲ့၊ သွားလာလှုပ်ရှားနေတဲ့ လူတွေကိုတောင် ရံဖန်ရံခါ တွေ့မြင်နေရတယ်။ နောက်ပြီး လမ်းမပေါ်မှာလည်း ဖြတ်သွားဖြတ်လာလုပ်နေတဲ့ လူတွေ၊ သူတို့ရဲ့ အမျိုးအမည်မတူတဲ့ ဖိနပ်တွေ၊ စက္ကူခွက်တွေ၊ လွယ်အိတ်တွေ၊ ခွေးကလေးတွေကို မြင်တွေ့နိုင်တယ်။ ကျွန်မသာ ဆန္ဒရှိမယ်ဆိုရင် မျဉ်းကျားဖြတ်ကူးသွားတာ ဒါမှမဟုတ် ဒုတိယမြောက် 'ယာဉ်မရပ်ရ' ဆိုင်းဘုတ်ကို လွန်ပြီး လမ်းပြင်တဲ့လူနှစ်ယောက် မြောင်းဖုံးတစ်ခုရဲ့ နံဘေးမှာရပ်ပြီး ဟိုဟိုဒီဒီ လက်ညှိုးလျှောက်ထိုးနေတဲ့ နေရာအထိ ဖြတ်လျှောက်သွားတဲ့ လူတွေအထဲက တစ်ယောက်ယောက်ကို ကျွန်မရဲ့ မျက်လုံးတွေနဲ့ မျက်စိ ဒေါက်ထောက်ပြီး တစ်ဆုံးအထိ ကြည့်နေနိုင်သေးတယ်။ လူကူးမျဉ်းကျားကို ဖြတ်ကူးကြမယ့် လူစုလူဝေးကို အရှိန်လျှော့ပေးကြတဲ့ တက္ကစီတွေရဲ့အတွင်းပိုင်း (ကားဆရာက လက်ကိုင်ဘီးကို လက်နဲ့ပုတ်လို့၊ ခရီးသည်ဆောင်းထားတဲ့ ဦးထုပ်) ကိုလည်း ကျွန်မ မြင်နိုင်သေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နေ့တာကတော့ ဒီလိုပဲ ဖင်လှည့်ခေါင်းလှည့်နဲ့ ကုန်ဆုံးသွားတယ်။ နေမင်းကြီးက ကျွန်မတို့ကို အနွေးဓာတ် ပေးထားတယ်။ ရိုဆာက အရမ်းပျော်နေတယ် ဆိုတာကိုလည်း ကျွန်မ တွေ့မြင်နေရတယ်။ ဒါပေမယ့် သူက ဘာကိုမှတောင် တောင်အီအီ လှောက်ကြည့်မနေဘူးဆိုတာကိုလည်း ကျွန်မ သတိထားမိနေခဲ့တယ်။ သူ့ရဲ့ မျက်လုံးတွေက ကျွန်မတို့ရဲ့ အရှေ့မှာရှိတဲ့ ပထမ 'ယာဉ်မရပ်ရ' ဆိုင်းဘုတ်ပေါ်မှာပဲ ကျောက်ချလို့။ ကျွန်မက သူ့ကို တစ်ခုခု ညွှန်ပြတဲ့အခါမှသာ သူက ခေါင်းကို လှည့်တတ်တယ်။ ဒါပေမယ့် အဲဒီနောက်မှာတော့ သူက ဘာကိုမှ စိတ်မဝင်စားတော့ဘဲ အပြင်ဘက်က လူသွားစင်္ကြံနဲ့ ဆိုင်းဘုတ်ကိုပဲ ပြန်ကြည့်နေတော့တယ်။

လမ်းသွားလမ်းလာတစ်ယောက်က ဆိုင်ပြတင်းပေါက်အရှေ့မှာ ရပ်တန့်သွားပြီ ဆိုတဲ့အချိန်မျိုးမှာပဲ ရိုဆာက သူ့ရဲ့ မျက်စိတွေကို အချိန်အတိုင်းအတာတစ်ခုထိ ကစားနေတတ်တယ်။ အဲဒီလို အခြေအနေမျိုးမှာဆိုရင် ကျွန်မတို့ နှစ်ယောက်စလုံးက မန်နေဂျာ သင်ပေးထားတဲ့အတိုင်း လိုက်လုပ်ကြတာပဲ။ ကျွန်မတို့ရဲ့ မျက်နှာပေါ်မှာ 'သဘာဝကျတဲ့' အပြုံးတွေကို ပန်ဆင်လို့၊ ပြီးတော့ ကျွန်မတို့ရဲ့ အကြည့်တွေကို လမ်းတစ်ဖက် RPO အဆောက်အအုံမရောက်ခင် လမ်းခုလပ် တစ်နေရာရာမှာ ကျောက်ချလို့။ ကိုယ့်ဆိုင်ရှေ့မှာ လာရပ်ကြည့်နေတဲ့ လမ်းသွားလမ်းလာကို အနီးကပ်ပြီး စေ့စေ့စပ်စပ် ကြည့်လိုက်ချင်တာပေါ့။ ဒါပေမယ့် မန်နေဂျာမမက ကျွန်မတို့ကို ရှင်းပြထားတယ်။ အဲဒီလို အချိန်မျိုးမှာ တစ်ဖက်လူကို မျက်လုံးတည့်တည့် စိုက်ကြည့်တာမျိုးက မယဉ်ကျေးတဲ့ အပြုအမူတစ်ခုပဲတဲ့။ အဲဒီလူက ကျွန်မတို့ကို သိသိသာသာ အချက်ပြလာတဲ့အခါမျိုး၊ ဒါမှမဟုတ် မှန်ပြတင်းကို ကျော်ပြီး ကျွန်မတို့ကို စကားပြောလာတဲ့ အခါမျိုးကျမှ ကျွန်မတို့ဟာ တစ်စုံတစ်ရာ တုံ့ပြန်ကြရမယ်။ အဲဒီမတိုင်ခင်မှာတော့ တုတ်တုတ်မျှ မလှုပ်ရဘူးပေါ့။

ကျွန်မတို့ရဲ့အရှေ့မှာ ရပ်တန့်လိုက်ကြတဲ့ လူတချို့က ကျွန်မတို့ကို စိတ်ဝင်စားလို့မှ မဟုတ်ဘဲ။ သူတို့က သူတို့ရဲ့ အားကစားဖိနပ်ကို ဆွဲထုတ်ပြီး တစ်ခုခု လုပ်ချင်ရုံသက်သက် ဒါမှမဟုတ် သူတို့ရဲ့ စတုဂံအပြားတွေကို နှိပ်ချင်လို့လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် တချို့ကျလည်း မှန်ရှေ့တည့်တည့်လာပြီး အတွင်းကို ငေးကြည့်တတ်ကြတယ်။ အများစုကတော့ ကလေးတွေပေါ့။ သူတို့ တွေကတော့ ကျွန်မတို့နဲ့ အသင့်လျော်ဆုံး၊ နောက်ပြီး ကျွန်မတို့ကို တွေ့ရတာ ပျော်ရွှင်ပုံရတဲ့ အသက်အရွယ်တွေပေါ့။ ကလေးတစ်ယောက်က စိတ်လှုပ်ရှားစွာနဲ့ ကျွန်မတို့ဆီ

mgyoe.com

mgyoe.com SAMPLE BOOK

ရောက်လာလိမ့်မယ်။ တစ်ယောက်တည်း ဒါမှမဟုတ် လူကြီးတစ်ယောက်ယောက်နဲ့ ဖြစ်ချင်ဖြစ်မယ်။ အဲဒီနောက် လက်ညှိုးထိုးလိုက်၊ ရယ်ပြလိုက်၊ ပြောင်ပြလိုက်၊ မှန်ကို တဘုတ်ဘုတ် ပုတ်လိုက်၊ လက်ယမ်းပြလိုက် လုပ်နေတတ်တယ်။

တစ်ခါမှာတော့ အဲဒီအချိန်မှာ ကျွန်မဟာ RPO အဆောက်အအုံကို ငေးကြည့်နေရင်းနဲ့ပဲ ပြတင်းပေါက်အရှေ့မှာ ရပ်ကြည့်နေတဲ့ လူတွေကိုလည်း မသိမသာ အကဲခတ်တတ်နေခဲ့ပြီ။ ကလေးတစ်ယောက်က ကျွန်မတို့ကို ငေးကြည့်နေခဲ့တယ်။ သူ့ရဲ့အကြည့်တွေထဲမှာ ဝမ်းနည်းမှုတွေ ရောစွက်လို့။ တစ်ခါတလေမှာတော့ ဒေါသတွေနဲ့။ ကျွန်မတို့ကပဲ အမှားတစ်ခုခု ကျူးလွန်ထားကြသလိုပဲ။ အဲဒီလို ကလေးမျိုးက တစ်ခဏအတွင်းမှာပဲ အလွယ်တကူ ပြောင်းလဲသွားတတ်ပြီး တခြားကလေးတွေလို ကျွန်မတို့ကို ရယ်ရယ်မောမောနဲ့ လက်ပြလို့။ ဒါပေမယ့် ပြတင်းပေါက်နားမှာနေရတဲ့ ဒုတိယမြောက်ရက် ရောက်တဲ့အခါမှာ ခြားနားချက်ကို ပြောပြနိုင်ဖို့အတွက် ကျွန်မ အလျင်အမြန်ပဲ နားလည် တတ်မြောက်လာခဲ့တယ်။ အဲဒီအကြောင်း ရိုဆာကို ပြောဖို့ ကျွန်မ ကြိုးစားခဲ့ပါသေးတယ်။ အဲဒီလို ကလေးမျိုး တတိယအကြိမ်၊ ဒါမှမဟုတ် စတုတ္ထအကြိမ်မြောက် ရောက်လာတတ်တယ်။ ဒါပေမယ့် သူက ကျွန်မကို ပြုံးပြီး ပြောတယ်။ "ကလာရာ၊ နင် အစိုးရိမ်လွန်နေတာပါ။ ကလေးတွေက လုံးဝ လုံးဝ ပျော်ရွှင်နေကြတယ် ဆိုတာကို ငါ အတပ်ပြောရဲပါတယ်။ ဒီလိုနေ့ရက်မျိုးမှာ သူက ဘာဖြစ်လို့ မပျော်ရွှင်နိုင်ရမှာလဲ။ ဒီနေ့ တစ်မြို့လုံး အဲဒီလောက် ပျော်ရွှင်နေကြတာပဲ ဥစ္စာ"

ဒါပေမယ့် ကျွန်မတို့ရဲ့ တတိယမြောက်နေ့ ပြီးဆုံးသွားတဲ့ အခါမှာ ကျွန်မ အဲဒီအကြောင်းကို မန်နေဂျာနဲ့ ဆွေးနွေးကြည့်ခဲ့တယ်။ သူကတော့ ကျွန်မတို့ကို တစ်ချိန်လုံး အားပေးစကား ပြောနေခဲ့တာပဲ။ ကျွန်မတို့ဟာ အလှပြစင်ပေါ်မှာ 'လှလို့ ကျက်သရေ ရှိလို့' တဲ့။ အဲဒီအချိန်မှာ ဆိုင်ထဲက မီးတွေကို မှိတ်ထားလိုက်ပြီ။ ကျွန်မတို့က အနောက်စတိုထဲမှာ နံရံကိုမှီရင်း တချို့က ကိုယ်စိတ်ဝင်စားတဲ့ မဂ္ဂဇင်းတွေကို မအိပ်ခင် ဖတ်နေကြတယ်။ ရိုဆာက ကျွန်မနံဘေးမှာ အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေတာကို လှမ်းမြင်နေရတယ်။ မန်နေဂျာက ကျွန်မကို ဒီနေ့ ပျော်ရဲ့လားလို့ မေးလိုက်တဲ့ အချိန်မှာတော့ ကျွန်မက အဲဒါကို အခွင့်ကောင်းယူပြီး ပြတင်းပေါက်အရှေ့မှာ လာရပ်နေခဲ့တဲ့ ဝမ်းနည်းတဲ့ကလေးအကြောင်း ပြောပြလိုက်တယ်။

"ကလာရာ၊ နင်ကတော့ တကယ့်ကို စံပဲ" မန်နေဂျာက ပြောတယ်။ ရိုဆာနဲ့ တခြားသူတွေကို အနှောင့်အယှက် မဖြစ်ရလေအောင် သူ့အသံကို နှိမ့်ထား

mgyoe.com

m.gyoe.com SAMPLE BOOK

တယ်။ "နင် ဒီလောက် အများကြီးကို သတိထားမိပြီး မှတ်သားထားနိုင်တယ်နော်" သူက ခေါင်းတယမ်းယမ်းနဲ့ အအံ့သြကြီး အံ့သြနေတဲ့ပုံမျိုး။ သူက ဆက်ပြောတယ်။ "နင် နားလည်ထားရမှာက ငါတို့က အင်မတန်မှ ထူးခြားတဲ့ ဆိုင်တစ်ဆိုင်ပဲ။ အဲဒီမှာ ကလေးအများစုက နင့်ကို ဒါမှမဟုတ် ရှိဆာကို ဒါမှမဟုတ် နင်တို့ထဲက တစ်ယောက်ယောက်ကို ရွေးချယ်နိုင်စွမ်း ရှိချင်ကြတယ်။ ဒါပေမယ့် သူတို့အတွက် အဲဒီလို မဖြစ်နိုင်ဘူး။ သူတို့အတွက် နင်တို့က လက်လှမ်းမမီနိုင်တဲ့ အရာတွေပဲ။ ဒါကြောင့်လည်း သူတို့ ပြတင်းပေါက် အရှေ့ကိုလာပြီး နင်တို့ကို ပိုင်ဆိုင်ပါရစေလို့ စိတ်ကူးလာယဉ်ကြတယ်။ ဒါပေမယ့် အဲဒီလို စိတ်ကူးယဉ်ပြီးတာနဲ့ သူတို့ ဝမ်းနည်းရတော့တာပဲ"

"မန်နေဂျာ၊ အဲဒီလို ကလေးမျိုးက သူ့အိမ်မှာ AF ရှိနိုင်ပါ့မလား"

"မရှိနိုင်လောက်ဘူး။ နင့်လို AF မျိုး သူ့ဆီမှာ ရှိမှာ မဟုတ်ဘူး။ အဲဒါ သေချာတယ်။ ဒါကြောင့် ကလေးတစ်ယောက်က နင့်ကို ထူးဆန်းတဲ့ အကြည့်နဲ့ ကြည့်နေတဲ့အခါမျိုးမှာ အမုန်းတရားတွေ၊ ဝမ်းနည်းကြေကွဲမှုတွေနဲ့ မှန်တစ်ဖက်ကနေ စိတ်မချမ်းသာစရာကောင်းတဲ့ စကားမျိုးတွေ ပြောလာခဲ့ရင် နင် လျှောက်တွေးမနေနဲ့။ နင် နားလည်ထားဖို့ရာက အဲဒီလို ကလေးမျိုးက တစ်ကိုယ်လုံး စိတ်ဆင်းရဲစရာတွေနဲ့ချည်း ပြည့်နှက်နေတာပဲ ဖြစ်ဖို့များတယ်"

"အဲဒီလို ကလေးတစ်ယောက်က AF မရှိရင် အရမ်းကို အထီးကျန်မှာပဲနော်"

"ဟုတ်တာပေါ့" မန်နေဂျာက ခပ်တိုးတိုး ပြောတယ်။

"အထီးကျန်တယ်။ ဟုတ်တယ်"

သူ မျက်လွှာချပြီး ဘာမှ ထပ်မပြောတော့တာနဲ့ ကျွန်မ စောင့်နေခဲ့တယ်။ အဲဒီနောက်မှာတော့ ရုတ်တရက် ဆိုသလိုပဲ သူ့မျက်နှာက ပြုံးယောင်သန်းလာပြီး လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်တယ်။ ကျွန်မ စောစောက စိတ်ဝင်တစား ဖတ်နေခဲ့တဲ့ မဂ္ဂဇင်းကို ကျွန်မလက်ထဲကနေ ဆွဲယူသွားတယ်။

"ကောင်းသောညပါ ကလာရာ။ မနက်ဖြန်ကျရင်လည်း ဒီနေ့အတိုင်းပဲ အကောင်းဆုံး နေပြရမယ်နော်။ ပြီးတော့ မမေ့နဲ့ဦး။ နင်နဲ့ ရှိဆာက ငါတို့အားလုံးကို ကိုယ်စားပြုနေတယ် ဆိုတာလေ"

❑

ပြတင်းပေါက်နားမှာ ရှိုးပြနေရတဲ့ စတုတ္ထမြောက် မနက်ခင်းရဲ့ တစ်ဖက်

m.gyoe.com

mgyoe.com SAMPLE BOOK

သာသာလောက်မှာ တက္ကစီတစ်စီး အရှိန်လျှော့ချလိုက်တာကို ကျွန်မ မြင်လိုက်ရတယ်။ ကားဆရာက ကားပြတင်းပေါက်ကနေ ခေါင်းထုတ်ပြီး တခြားကားတွေကို လမ်းတောင်းလိုက်တယ်။ ပြီးတော့ လမ်းကြောပြောင်းပြီး ဆိုင်ရှေ့က ပလက်ဖောင်းဘောင်နံဘေးမှာ ထိုးရပ်လိုက်တယ်။ လူသွားစကြံပေါ် လှမ်းတက်နေတဲ့အချိန်မှာ ဂျိုစီရဲ့ အကြည့်တွေက ကျွန်မပေါ် ရောက်လို့။ သူက အသားအရေ ဖြူဖွေးဖွေးနဲ့ ပိန်ပိန်ပါးပါးကလေး။ သူ ကျွန်မတို့ဆီ လျှောက်လာတဲ့အချိန်မှာပဲ သူ့ရဲ့လမ်းလျှောက်ပုံက တခြားသော လမ်းသွားလမ်းလာတွေနဲ့ မတူဘူး ဆိုတာကို ကျွန်မ တွေ့မြင်လိုက်ရတယ်။ သူက ဖြေးဖြေးလေး လျှောက်နေတာမျိုးတော့ မဟုတ်ဘူး။ ဒါပေမယ့် သူ့ကို ကြည့်ရတာ ခြေတစ်လှမ်း လှမ်းတော့မယ်ဆိုတိုင်း လုံခြုံမှု ရှိ မရှိ၊ လဲကျနိုင်၊ မကျနိုင် ဆိုတာကို တကူးတက ချိန်ဆနေတတ်တဲ့ပုံမျိုး။ သူ့ရဲ့ အသက်က ဆယ့်လေးနှစ်ခွဲလောက် ရှိလိမ့်မယ်လို့ ကျွန်မ ခန့်မှန်းကြည့်တယ်။

လမ်းသွားလမ်းလာတွေ အားလုံးက သူ့နောက်ကျောဘက်ကနေ ဖြတ်လျှောက်သွားကြပြီး ကျွန်မနဲ့ အတော်ကြီး နီးကပ်လာပြီဆိုတဲ့အချိန်မှာ သူက ရပ်လိုက်ပြီး ကျွန်မကို ပြုံးပြတယ်။

"ဟိုင်း" သူက မှန်ချပ်ရဲ့ ဟိုမှာဘက်ခြမ်းကနေ စကားဆိုတယ်။ "ဟေ့၊ ငါ ပြောတာ ကြားရလား"

ရိုဆာကတော့ သူ့ထုံးစံအတိုင်း RPO အဆောက်အအုံဘက်ကို ငေးကြည့်နေတယ်။ ဒါပေမယ့် အခုဆို ကျွန်မကို ခေါ်နေပြီမို့ ကျွန်မအနေနဲ့ ကလေးမလေးကို တည့်တည့် ပြန်ကြည့်နိုင်ခွင့်ရှိပြီ။ သူ့ကို ပြန်ပြုံးပြပြီး အားရှိပါးရှိ ခေါင်းညိတ်ပြလိုက်တယ်။

"တကယ်. . ." ဂျိုစီက ပြောတယ်။ တကယ်တော့ အဲဒီတုန်းက ကျွန်မ သူ့နှုတ်ခမ်းကို ဘယ်သိပါဦးမလဲ။ "ငါက ကိုယ့်အသံကိုယ်တောင် သိပ်ကြားရတာ မဟုတ်ဘူး။ နင်က ငါ့အသံကို တကယ်ပဲ ကြားရတာလား"

ကျွန်မ နောက်တစ်ကြိမ် ခေါင်းညိတ်ပြလိုက်တယ်။ နောက်တော့ သူက သိပ်ကို အထင်ကြီးသွားဟန်နဲ့ ခေါင်းတယမ်းယမ်း လည်တခါခါ လုပ်နေတော့တယ်။

"ဝိုး"

သူက သူစီးလာတဲ့ တက္ကစီရှိရာကို လည်ပြန်လှည့်ကြည့်တယ်။ သူ့ရဲ့ လှုပ်ရှားမှုက တကယ့်ကို ဂရုတစိုက်ရှိလွန်းလှတယ်။ တက္ကစီရဲ့တံခါးက သူ ဖွင့်သွားတဲ့အတိုင်း ဟောင်းလောင်းပွင့်လို့။ အနောက်ဘက် ထိုင်ခုံပေါ်မှာတော့ လူရိပ်နှစ်ရိပ်

mgyoe.com

mgyoe.com SAMPLE BOOK

ရှိနေတယ်။ လူသွားစင်္ကြံဘက်ကို လက်ညှိုးထိုးပြီး တစ်စုံတစ်ခု ပြောနေကြတယ်။ ဂျိုစီကတော့ သူနဲ့အတူ ပါလာတဲ့ လူကြီးတွေ အောက်ဆင်းမလာတာကိုပဲ ကျေနပ်နေတဲ့ ပုံမျိုး။ ပြီးတော့ အရှေ့ကို တိုးကပ်လာပြီး သူ့မျက်နှာက ပြတင်းမှန်နဲ့ ကပ်လုမတတ် ဖြစ်သွားတယ်။

"ငါ နင့်ကို မနေ့က မြင်တယ်" သူက ပြောတယ်။

ကျွန်မ မနေ့က အကြောင်းတွေကို ပြန်တွေးကြည့်တယ်။ ဒါပေမယ့် ဂျိုစီနဲ့ သက်ဆိုင်တဲ့ မှတ်ဉာဏ်အပိုင်းအစတွေကို ရှာမတွေ့တော့ သူ့ကို တအံ့တဩ ပြန်စိုက်ကြည့်နေမိတယ်။

"အိုး... စိတ်မကောင်းမဖြစ်ပါနဲ့။ နင် ငါ့ကို ဘယ်လိုမှ မြင်နိုင်မှာ မဟုတ်ဘူး။ ငါက တက္ကစီတစ်စီးပေါ်မှာလေ။ သူက အမြန်မောင်းနေတာ။ ဒါပေမယ့် ငါ နင့်ကို ဒီပြတင်းပေါက်မှာ မြင်လိုက်တယ်။ ဒါကြောင့်လည်း မေမေ့ကို ဒီနေ့ ဒီမှာ ခဏရပ်ပေးဖို့ တောင်းဆိုထားတာပေါ့" သူက နောက်ပြန်လှည့်ကြည့်တယ်။ အရင်လို ဂရုတစိုက် သတိရှိရှိနဲ့ပေါ့။ "အမယ်လေး၊ သူက မစ္စက်ဂျက်ဖရီနဲ့ စကားကောင်းနေတုန်းပဲ။ အခုလို စကားပြောရတာ အတော် ဈေးကြီးတာပဲ ဟုတ်တယ်မလား။ တက္ကစီရဲ့ ပိုက်ဆံမီတာက တတိတိနဲ့ တက်နေတုန်းလေ"

အဲဒီအချိန်တုန်းက သူ အားရပါးရ ရယ်ချလိုက်တဲ့အခါမှာ သူ့မျက်နှာက သိပ်ကို အပြစ်ကင်းစင်ပြီး ကြင်နာမှုအပြည့် ရှိနေတယ်။ ဒါပေမယ့် ထူးဆန်းတာက အဲဒီတစ်ချိန်တည်းမှာပဲ ဂျိုစီဆိုတဲ့ ကောင်မလေးက မန်နေဂျာ ပြောခဲ့ဖူးတဲ့ အထီးကျန် ကလေးတွေထဲက တစ်ယောက်များ ဖြစ်နေမလားလို့ ချက်ချင်း အတွေးရောက်သွားခဲ့တယ်။

သူက ရိုဆာကို လှမ်းကြည့်တယ်။ ရိုဆာကတော့ သူ့ဝတ္တရားအတိုင်း RPO အဆောက်အအုံကို ငေးကြည့်နေတုန်းပဲ။ "နင့်သူငယ်ချင်းကလည်း တကယ် အချောလေးပဲ"

အဲဒီလို ပြောနေပေမယ့် ဂျိုစီရဲ့ အကြည့်တွေက ကျွန်မအပေါ် ပြန်ရောက်နေခဲ့ပြီ။ သူက ကျွန်မကို နောက်ထပ် စက္ကန့်တော်တော်ကြာတဲ့အထိ ဘာစကားမှ မပြောဘဲ စိုက်ကြည့်နေတယ်။ ဒီတော့ သူ ဘာမှ ထပ်မပြောနိုင်ခင် သူ့လူကြီးတွေ ကားပေါ်ကနေ ဆင်းလာကြတော့မှာပဲလို့ စိုးရိမ်လာမိတယ်။ ဒါပေမယ့် နောက်တော့ သူ စကားဆိုတယ်။

"နင် သိလား။ နင့်သူငယ်ချင်းက တစ်နေ့နေ့ကျရင် ဟိုအပြင်က တစ်စုံ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်အတွက် သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်။ ဒါပေမယ့် မနေ့က ငါတို့ ဒီနားကနေဖြတ်သွားတော့ ငါ နင့်ကို မြင်တယ်။ ဒီတော့ ငါ တွေးမိတယ်။ ငါ ရှာနေတဲ့ AF က နင်ပဲ ဖြစ်ရမယ်လို့" သူက နောက်တစ်ခါ ထပ်ရယ်တယ်။

"ဆောရီးဟာ။ ငါ့စကားက မထိလေးစားလုပ်ရာများ ကျနေမလား မသိဘူး"

သူက တက္ကစီဘက်ကို နောက်တစ်ကြိမ် လှည့်ကြည့်ပြန်တယ်။ ဒါပေမယ့် အနောက်ခုံမှာ ထိုင်နေကြတဲ့ လူတွေက အပြင်ထွက်လာဖို့ အရိပ်အခြည် မပြကြဘူး။

"နင်က ပြင်သစ်မလား" သူက မေးတယ်။ "နင့်ကြည့်ရတာ ပြင်သစ်မနဲ့ တူသလိုပဲ" ကျွန်မက ပြုံးပြီး ခေါင်းခါပြလိုက်တယ်။

"ငါတို့ရဲ့ နောက်ဆုံး မိတ်ဆုံစားပွဲတုန်းက ပြင်သစ်မလေးနှစ်ယောက် အဲဒီကို ရောက်လာကြတယ်။ နှစ်ယောက်စလုံးရဲ့ဆံပင်တွေက နင့်လိုပဲ။ ဆံတိုမလေးတွေ၊ သပ်သပ်ရပ်ရပ်နဲ့၊ ချစ်စရာသိပ်ကောင်းတာ"

သူက ကျွန်မကို တစ်ခဏလောက် တိတ်တဆိတ် ငေးကြည့်နေတယ်။ ဝမ်းနည်းမှုရဲ့အရိပ်အယောင်လေး သူ့ဆီမှာ တွေ့လိုက်ရသလိုပဲ။ ဒါပေမယ့် ကျွန်မ အဲဒီတုန်းက အသစ်ပဲ ရှိသေးတာဆိုတော့ သိပ်ပြီး အသေချာကြီးတော့ မဟုတ်ဘူး။ နောက်တော့ သူ့ရဲ့အမူအရာက လန်းဆန်း တက်ကြွလာပြန်တယ်။

"ဟော့၊ နင်တို့ အဲဒီလို ထိုင်နေရတာ မပူဘူးလား။ အအေးလေး ဘာလေး မသောက်ချင်ဘူးလား"

ကျွန်မ ခေါင်းခါပြီး လက်တွေကို မြှောက်လိုက်တယ်။ လက်ဖဝါးတွေကို အထက်ဘက် ဖြန့်ပြီး ကျွန်မတို့အပေါ် ကျရောက်လာတဲ့ နေမင်းကြီးရဲ့ ဩဇာဓာတ်တွေကို ဝမ်းပန်းတသာ ကြိုဆိုနေတဲ့ပုံမျိုး လုပ်ပြလိုက်တယ်။

"အဲ...ဟုတ်တာပေါ့၊ မတွေးလိုက်မိဘူး။ နင်တို့က နေရောင်ခြည်ထဲမှာ နေရတာကို သဘောကျတာလေ။ ဟုတ်တယ် ဟုတ်"

သူ နောက်တစ်ကြိမ် လှည့်ကြည့်ပြန်တယ်။ ဒီတစ်ခါတော့ သူက အဆောက်အအုံရဲ့ ခေါင်ထိပ်ကို လှမ်းကြည့်နေတာ။ အဲဒီအခိုက်အတန့်မှာ နေမင်းကြီးက ကောင်းကင်အထက်မှာ ဟီးလေးခိုလို့။ ဂျိုစီက ချက်ချင်းပဲ မျက်လုံးတွေကို မှေးစင်းလိုက်ပြီး ကျွန်မဘက် ပြန်လှည့်လာတယ်။

"နင် အဲဒီလို ဘယ်လိုလုပ်သလဲတော့ မသိဘူး။ ငါ ဆိုလိုတာက ဟိုဘက်ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေတာကို ပြောတာ။ ငါ တစ်စက္ကန့်လေးတောင် အဲဒီလို မလုပ်နိုင်ဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

သူက လက်တစ်ဖက်ကို နဖူးပေါ် တင်ပြီး နောက်တစ်ကြိမ် လှည့်ကြည့်ပြန်တယ်။ ဒီတစ်ခါတော့ နေမင်းကြီးကိုကြည့်တာ မဟုတ်တော့ဘူး။ RPO အဆောက်အအုံရဲ့ ခေါင်ပိုင်းတစ်နေရာရာကို လှမ်းကြည့်နေတာ။ ငါးစက္ကန့်လောက်နေတော့ သူ ကျွန်မဘက် ပြန်လှည့်လာပြန်တယ်။

"ငါ့အထင် ပြောရရင် နင်တို့နေရာက ကြည့်ရင် နေမင်းကြီးက အဲဒီအဆောက်အအုံကြီးရဲ့ အနောက်ဘက်ကို လျှိုးဝင်သွားလောက်တယ်။ ဟုတ်တယ်မလား။ ဆိုတော့ သူ အမှန်တကယ် လျှိုးဝင်သွားတဲ့ နေရာကို နင်တို့ ဘယ်တုန်းကမှ မြင်ဖူးခဲ့မှာ မဟုတ်ဘူး။ အဲဒီအဆောက်အအုံကြီးက အမြဲတမ်း အဲဒီမှာ ကွယ်နေခဲ့တာကိုး" သူက ကားထဲမှာရှိတဲ့ လူကြီးတွေကို ခပ်မြန်မြန် လှည့်ကြည့်လိုက်ပြီး သူ့စကားကို ဆက်ပြောတယ်။ "ငါတို့ နေတဲ့နေရာမှာ ဘာကမှ ကွယ်နေတာမရှိဘူး။ ငါ့အခန်းကနေဆိုရင် နေမင်းကြီး ဝင်သွားတဲ့ နေရာကို အတိအကျ တွေ့မြင်နေရတယ်။ ညရောက်ရင် သူ ဝင်သွားတတ်တဲ့နေရာ အတိအကျပဲ"

ကျွန်မရဲ့ မျက်နှာက အဲဒီအချိန်မှာ တအံ့တဩ ဖြစ်နေလောက်တယ်။ ရိုဆာတစ်ယောက် သူ့တာဝန်သူမေ့ပြီး ဂျိုစီကို အထူးတဆန်း ငေးကြည့်နေတာကို ကျွန်မရဲ့ အမြင်အာရုံ ထောင့်စွန်းကလေးမှာ တွေ့မြင်နေရတယ်။

"ဒါပေမယ့် မနက်ခင်းမှာ သူ ဘယ်ကနေ ထွက်လာသလဲ ဆိုတာကိုတော့ မမြင်ရဘူး" ဂျိုစီက ပြောတယ်။ "တောင်ကုန်းတွေနဲ့ သစ်ပင်တွေက ကွယ်နေတယ်လေ။ ဒီမှာလိုပဲပေါ့။ ပစ္စည်းတွေက အမြဲတမ်း ကြားမှာ ကန့်လန့်ကန့်လန့်နဲ့။ ဒါပေမယ့် ညနေကျတော့ အဲဒီလို မဟုတ်ဘူး။ အဲဒီဘက်အခြမ်းမှာတော့ ငါ့အခန်းကနေ လှမ်းကြည့်လိုက်ရင် အားလုံးက ဟာလာဟင်းလင်းကြီးပဲ။ နင် ငါတို့နဲ့ အတူလာနေရင် နင် တွေ့ရမှာ"

လူကြီးတစ်ယောက်၊ ပြီးတော့ နောက်တစ်ယောက် တက္ကစီပေါ်ကနေ ဆင်းလာပြီး စင်္ကြံလမ်းအတိုင်း လျှောက်လာကြတယ်။ ဂျိုစီကတော့ သူတို့ကို မမြင်ရဘူး။ ဒါပေမယ့် သူက တစ်ခုခု ကြားသွားလို့ ထင်တယ်။ သူ့စကားသံတွေက ပိုပြီး မြန်လာတယ်။

"ငါ ကျိန်ပြောရဲတယ်။ သူ ဝင်သွားတဲ့ နေရာအတိအကျကို နင် မြင်ရနိုင်တယ်"

လူကြီးတွေက အမျိုးသမီးတွေ။ နှစ်ယောက်စလုံး အထက်တန်းကျကျ ဝတ်ဆင်ထားတယ်။ အရပ်ပိုမြင့်တဲ့ တစ်ယောက်က ဂျိုစီ ပြောတဲ့ သူ့အမေပဲ

mgyoe.com

ဖြစ်လိမ့်မယ် ထင်တယ်။ ဘာဖြစ်လို့လဲဆို သူက သူ့အဖော်နဲ့ ပါးချင်းအပ်ပြီး နှုတ်ဆက်အနမ်း ပေးနေတာတောင် ဂျီစီကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေခဲ့တယ်။ ခဏနေတော့ အဲဒီအဖော်က သူတို့အနားကနေ ထွက်ခွာသွားပြီး တခြား လမ်းသွားလမ်းလာတွေထဲ ရောဝင် ပျောက်ကွယ်သွားတယ်။ နောက်တော့ အမေက ကျွန်မတို့ဘက် လုံးဝ လှည့်လာတယ်။ တစ်စက္ကန့်အကြာလောက် သူ့ရဲ့ စူးရှတဲ့ အကြည့်က ဂျီစီရဲ့ ကျောပြင်မှာ မရှိဘဲ ကျွန်မအပေါ် ရောက်နေခဲ့တယ်။ ဒီတော့ ကျွန်မလည်း ချက်ချင်းဆိုသလို အဝေးတစ်နေရာကို ငေးကြည့်နေလိုက်ရတယ်။ RPO အဆောက်အအုံရဲ့ အထက်တစ်နေရာရာကိုပေါ့။ ဒါပေမယ့် ဂျီစီကတော့ မှန်ပြတင်းကို ဖြတ်ပြီး ကျွန်မကို ပြောနေတုန်းပဲ။ သူ့အသံက တိုးလျတယ်ဆိုပေမယ့် ကြားနိုင်သေးတယ်။

"အခု ပြန်ရတော့မယ်။ ဒါပေမယ့် မကြာဘူး။ ငါ ပြန်လာခဲ့ဦးမယ်။ ငါတို့ ထပ်ပြောကြတာပေါ့" နောက်ပြီး သူက ကျွန်မပဲ ကြားနိုင်လောက်တဲ့ အသံမျိုးနဲ့ တိုးတိုးညင်သာ ပြောလာတယ်။ "နင် ဘယ်မှ သွားဦးမှာ မဟုတ်ဘူးမလား"

ကျွန်မ ခေါင်းခါပြီး ပြုံးပြလိုက်တယ်။

"ကောင်းတယ်၊ အိုကေလေ၊ ဒါဆို အခု တာ့တာ။ ဒီနေ့အတွက်ပဲနော်"

အဲဒီအချိန်မှာ အမေက ဂျီစီရဲ့အနောက်တည့်တည့်မှာ ရပ်နေတယ်။ သူက အနက်ရောင်ဆံပင်တွေနဲ့ ပိန်ပိန်ပါးပါး အမျိုးသမီးတစ်ယောက်ပဲ။ ဒါပေမယ့် ဂျီစီလောက်၊ ဒါမှမဟုတ် တချို့အပြေးသမားတွေလောက်တော့ မပိန်ဘူး။ အခုတော့ သူက ပိုပြီး အနားကပ်လာလို့ သူ့မျက်နှာကို ကောင်းကောင်း မြင်နိုင်ပြီ။ သူ့ရဲ့ အသက်ခန့်မှန်းချက်ကို ၄၅ အထိ ကျွန်မ တိုးမြှင့်လိုက်တယ်။ ကျွန်မ ပြောခဲ့ဖူးသလိုပါပဲ။ အဲဒီတုန်းက အသက်တွေကို ခန့်မှန်းတဲ့နေရာမှာ ကျွန်မ သိပ်ပြီး မတိကျသေးဘူး။ ဒါပေမယ့် နီးနီးစပ်စပ် မှန်တယ်ဆိုတာကိုတော့ ကျွန်မ သိလာခဲ့တယ်။ အဝေးကနေ ကြည့်မယ်ဆိုရင် သူ့အသက်က ပိုငယ်တယ်လို့ ထင်ရတယ်။ ဒါပေမယ့် ပိုပြီး နီးကပ်လာတဲ့ အခါမှာ သူ့ပါးစပ်နားက နက်ရှိုင်းတဲ့ အရေးအကြောင်းတွေကို ကျွန်မ မြင်လာရတယ်။ နောက်ပြီး ဒေါသကြောင့် ချွတ်ခြုံကျနေတဲ့ သူ့ရဲ့ မျက်လုံးတွေ ရောပေါ့။ ပြီးတော့ ကျွန်မ အချက်တစ်ချက်ကိုလည်း သတိထားလိုက်မိသေးတယ်။ အမေက ဂျီစီရဲ့ ပခုံးကို အနောက်ကနေ လှမ်းကိုင်ဖို့ လက်ဆန့်တန်းလိုက်ပြီးတဲ့ တစ်ခဏ လေထဲမှာ သူ တွန့်ဆုတ်သွားတယ်။ သူ့သမီးရဲ့ပခုံးပေါ် သူ့လက်မရောက်ခင် လက်ကို ပြန်ရုပ်တော့မလားလို့တောင် အောက်မေ့ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ လူစီးကြောင်းထဲ မျောဝင်သွားကြတယ်။ ဒုတိယမြောက် 'ယာဉ်မရပ်ရ' ဆိုင်းဘုတ်ဘက်ကို ဦးတည်လို့ပေါ့။ ဂျိုစီက သူ့ခြေလှမ်းတွေကို သတိကြီးကြီးနဲ့ လှမ်းရင်း သူ့အမေရဲ့ လက်တစ်ဖက်က သူ့ကို ဖက်လို့။ ကျွန်မရဲ့ မြင်ကွင်းထဲကနေ လုံးဝ ပျောက်ကွယ်မသွားခင် ဂျိုစီ တစ်ကြိမ်တော့ ကျွန်မကို လှည့်ကြည့်ခဲ့သေးတယ်။ သူ့ရဲ့ ခြေလှမ်းစည်းချက်တွေ အနှောင့်အယှက် ဖြစ်သွားတာကို မမှုဘဲ ကျွန်မကို နောက်ဆုံးအကြိမ် လက်ဝှေ့ယမ်းသွားသေးတယ်။

❑

အဲဒီနေ့ နေ့ခင်းမှာပေါ့ ရိုဆာက ပြောတယ်။ "ကလာရာ၊ မထူးဆန်းဘူးလား။ ငါတို့ ပြတင်းပေါက်နား နေခွင့်ရပြီဆိုတာနဲ့ အပြင်ဘက်မှာ AF တွေ အများကြီး အများကြီးကို ငါတို့ တွေ့ရလိမ့်မယ်လို့ ထင်ထားခဲ့တာ။ အိမ်ရှာဇတွေ့သွားတဲ့ AF တွေမှ အများကြီးပဲ ဥစ္စာ။ ဒါပေမယ့် ငါတို့ များများစားစား မတွေ့ရဘူးနော်။ သူတို့တွေ ဘယ်ပျောက်နေကြတာလဲ"

ဒါက ရိုဆာအတွက်တော့ မဟာတွေ့ရှိမှုကြီး တစ်ခုပဲ။ သူက အရာအတော်များများကို တခုတ်တရ သတိပြုတတ်တာ မဟုတ်ဘူးလေ။ ကျွန်မက သူ့ကို တကူးတကညွှန်ပြနေရင်တောင်မှ သူက အဲဒီအရာရဲ့ ထူးခြားချက် ဒါမှမဟုတ် စိတ်ဝင်စားစရာ အစိတ်အပိုင်းကို မမြင်နိုင်ရှာဘူး။ ဒါပေမယ့် အခုတော့ အဲဒီလို စူးစမ်းမှုမျိုးကို အချိန်တိုင်းလိုလို သူ လုပ်နေတယ်။ အဲဒီစကားကို သူ့ပါးစပ်က ပြောထွက်လိုက်တဲ့ တစ်ခဏမှာပဲ ကျွန်မကိုယ် ကျွန်မလည်း သတိထားမိသွားတယ်။ ကျွန်မကိုယ်တိုင်လည်း အပြင်ဘက်မှာ၊ လမ်းတွေပေါ်မှာ AF တွေ အများကြီးကို မြင်ရလိမ့်မယ်လို့ မျှော်လင့်နေခဲ့တာပါလား။ သူတို့ရဲ့ ကလေးတွေနဲ့ ပျော်ပျော်ပါးပါး လမ်းလျှောက်နေကြမယ်။ သူတို့ရဲ့ လုပ်ငန်းဆောင်တာကို သူတို့ဘာသာ အပြေးအလွှား လုပ်နေကြလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ထားမိခဲ့တယ်။ အဲဒီအချက်ကို ကျွန်မကိုယ်ကျွန်မ ဝန်မခံမိဘူးဆိုပေမယ့် ကျွန်မလည်း အံ့ဩနေခဲ့မိတယ်။ ကျွန်မလည်း အနည်းအကျဉ်းတော့ စိတ်မသက်မသာ ဖြစ်ခဲ့မိတယ်။

"ဟုတ်တယ်နော်" ကျွန်မ ဘေးဘီဝဲယာကို ကြည့်ပြီး ပြောလိုက်တယ်။ "အခုပဲကြည့်၊ ဒီလမ်းသွားလမ်းလာတွေအထဲမှာ AF တစ်ယောက်တလေတောင် မတွေ့ရဘူး"

"ဟောဟိုကတစ်ယောက် မဟုတ်ဘူးလား။ 'အရေးပေါ်လှေကား'တိုက်ကြီးနားက ဖြတ်သွားတဲ့ တစ်ယောက်လေ"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မတို့ နှစ်ယောက်စလုံး ဂရုတစိုက် ကြည့်ပြီးနောက် ကျွန်မတို့ရဲ့ ခေါင်းတွေကို တစ်ပြိုင်နက် ယမ်းခါလိုက်ကြတယ်။

အပြင်မှာရှိတဲ့ AF တွေအကြောင်း ပထမဦးဆုံး မေးခွန်းထုတ်တဲ့သူက ရိုဆာ ဆိုပေမယ့်လည်း သူက အဲဒီကိစ္စကို အရင်ဆုံး မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့တယ်။ တစ်ချိန်မှာတော့ RPO အဆောက်အအုံရှိတဲ့ လမ်းတစ်ဖက်ခြမ်းက အအေးဆိုင်တန်းကို ဖြတ်လျှောက်သွားတဲ့ ဆယ်ကျော်သက် ကောင်လေးတစ်ယောက်နဲ့ သူ့ရဲ့ AF ကို ကျွန်မ သတိထားမိလိုက်တယ်။ ရိုဆာကတော့ အဲဒီဘက်ကို ယောင်လို့တောင် မကြည့်တော့ဘူး။

ဒါပေမယ့် ကျွန်မကတော့ ရိုဆာပြောခဲ့တဲ့ အကြောင်းအရာကို အတွေးနယ် ချဲ့နေတုန်းပဲ။ ဒါကြောင့် AF တစ်ယောက် အနားက ဖြတ်လျှောက်သွားတဲ့ အချိန်တိုင်းမှာ ကျွန်မ မမေ့မလျော့ဘဲ စူးစူးစိုက်စိုက် ကြည့်နေခဲ့မိတယ်။ မကြာလိုက်ပါဘူး။ စိတ်ဝင်စားစရာ အကြောင်းရပ်တစ်ခုကို ကျွန်မ သတိထားလာမိတယ်။ ကျွန်မတို့ဘက် အခြမ်းထက် RPO အဆောက်အအုံရှိတဲ့ လမ်းဘက်အခြမ်းမှာက AF တွေကို ပိုမြင်ရလေ့ရှိတယ်။ တစ်ခါတလေမှာကျတော့ တကယ်လို့သာပေါ့ AF တစ်ယောက်ဟာ ကျွန်မတို့ လမ်းဘက်ကို မဖြစ်မနေ လျှောက်လာရမယ်ဆိုရင် သူက ကလေးတစ်ယောက်နဲ့ ဒုတိယမြောက် 'ယာဉ်မရပ်ရဇုန်' ဆိုင်းဘုတ်ကို ဖြတ်ကျော်လာပြီး မျဉ်းကျားကနေ လမ်းဟိုဘက်ကို ဖြတ်ကူးသွားတတ်တယ်။ ကျွန်မတို့ ဆိုင်ရှေ့ကနေ ဖြတ်မလျှောက်တော့ဘူး။ တကယ်လို့ မဖြစ်မနေ ဖြတ်လျှောက်ရမယ်ဆိုရင်တော့ သူတို့ရဲ့ အပြုအမူက အမြဲတမ်း ထူးခြားနေတတ်တယ်။ သူတို့ရဲ့ ခြေလှမ်းတွေကို ခပ်ကျဲကျဲ လှမ်းသွားတယ်။ ပြီးတော့ သူတို့ရဲ့ မျက်နှာကို တစ်ဖက်လွှဲထားကြတယ်။ ကျွန်မတို့ (တစ်ဆိုင်လုံး) က သူတို့အတွက် အရှက်ရစရာ သတ္တဝါတွေလိုပဲ။ ကျွန်မ တွေးကြည့်တယ်။ တစ်နေ့ကျရင် ရိုဆာနဲ့ ကျွန်မတို့ ကိုယ်ပိုင်အိမ်တစ်လုံးစီ ရှာတွေ့သွားကြတဲ့အချိန်မှာ ကျွန်မတို့ဟာ ဒီကလေးတွေနဲ့ တစ်ချိန်လုံး နေနေခဲ့ကြတာ မဟုတ်ဘဲ တစ်ချိန် တစ်ခါတုန်းက အရောင်းဆိုင်တစ်ဆိုင်ထဲမှာ ရှိနေခဲ့ဖူးတယ်ဆိုတဲ့ အဖြစ်ကို ပြန်တွေးမိသွားရင် ကျွန်မတို့ရဲ့ စိတ်ထဲမှာ စနိုးစနောင့်များ ခံစားနေရမလား။ ဒါပေမယ့် ကျွန်မ ဘယ်လောက်ပဲ ကြိုးစားကြိုးစား ကျွန်မပဲ ဖြစ်ဖြစ်၊ ရိုဆာပဲဖြစ်ဖြစ် ဆိုင်နဲ့ပတ်သက်ပြီး၊ မန်နေဂျာနဲ့ ပတ်သက်ပြီး၊ တခြား AF တွေနဲ့ ပတ်သက်ပြီး အဲဒီလိုခံစားမှုမျိုး ဖြစ်ပေါ်လာလိမ့်မယ်လို့ ကျွန်မ တွေးကြည့်လို့ မရဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ပိုင်း အပြင်လောကကို ဆက်လက် လေ့လာနေစဉ်မှာပဲ တခြားဖြစ်နိုင်ခြေတစ်ခုကို ကျွန်မ တွေးမိလာခဲ့တယ်။ AF တွေက ရှက်နေတာ မဟုတ်ဘူး၊ ကြောက်နေခဲ့တာပဲ ဖြစ်ရမယ်။ သူတို့ ဘာကြောင့်ကြောက်နေသလဲဆိုတော့ ကျွန်မတို့က မော်ဒယ်အသစ်တွေ ဖြစ်နေလို့ပဲ။ သူတို့ ဘာကို ကြောက်နေကြသလဲဆိုတော့ မကြာခင်သော အချိန်အတွင်းမှာ သူတို့ရဲ့ကလေးတွေက သူတို့ကို စွန့်ပစ်ဖို့ အချိန်တန်ပြီ၊ ကျွန်မတို့လို AF တွေနဲ့ အစားထိုးဖို့ အချိန်တန်ပြီလို့ ဆုံးဖြတ်လာကြလိမ့်မယ်။ ဒါကြောင့်လည်း သူတို့ရဲ့ ခြေလှမ်းတွေ မူမမှန်ဘဲ ရှိနေကြတာ၊ ကျွန်မတို့ဆီကို ကြည့်ဖို့ ငြင်းဆန်နေခဲ့ကြတာပေ့ါ။ ဒါကြောင့်လည်း ကျွန်မတို့ရဲ့ ပြတင်းပေါက်ကနေတစ်ဆင့် AF တွေကို အနည်းအကျဉ်းလောက်ပဲ မြင်ကြရတာပေ့ါ။ မဟုတ်မှလွဲရော ရှေ့တစ်လမ်း (RPO အဆောက်အအုံရဲ့ နောက်ကျောဘက်ကလမ်း) မှာ AF တွေ အုံလိုက်ကျင်းလိုက် ရှိနေလောက်တယ်။ မဟုတ်မှလွဲရော အပြင်က AF တွေက ကျွန်မတို့ဆိုင် ရှိတဲ့လမ်းကို တတ်နိုင်သလောက် ကွင်းပြီး တခြားလမ်းကနေ သွားနေကြတာ ဖြစ်မယ်။ သူတို့ မဖြစ်ချင်ဆုံးအရာက သူတို့ကလေးတွေ ကျွန်မတို့ကို မြင်သွားမှာ၊ ကျွန်မတို့ဆီ ချဉ်းကပ်သွားမှာကိုပဲ။

ကျွန်မ အဲဒီအတွေးတွေ အားလုံးကို တစ်ခုမှ ရိုဆာကို ပြောမပြခဲ့ဘူး။ အဲဒီအစား အပြင်မှာ AF တစ်ယောက်ကို တွေ့လိုက်ရပြီဆိုရင် ကျွန်မက တမင်သက်သက် အခုလို မေးခွန်းမျိုး သူ့ကို မေးလေ့ရှိတယ်။ သူတို့တွေ သူတို့ကလေးတွေနဲ့ သူတို့အိမ်ကို ကျေနပ်သဘောကျရဲ့လား မသိဘူးနော် ဆိုတာမျိုး။ အဲဒီလို မေးခွန်းမျိုးက ရိုဆာကို အမြဲတမ်း ကြည်နူးစေတယ်၊ ဝမ်းမြောက်စေတယ်။ သူက အဲဒါကို ကစားနည်းတစ်ခုလို သဘောထားပြီး လက်ညှိုးတထိုးထိုးနဲ့ ကျွန်မကို ပြောနေတတ်တယ်။ “ဟိုမှာကြည့် နင် တွေ့လား၊ ကလာရာ။ အဲဒီကောင်လေးက သူ့ရဲ့ AF ကို အရမ်းချစ်တာပဲနော်။ အင်း၊ သူတို့နှစ်ယောက် တဟီးဟီးတဟားဟား လုပ်နေတဲ့ပုံကို ကြည့်စမ်းပါဦး”

ဟုတ်တော့လည်း ဟုတ်ပါတယ်။ တစ်ယောက်ကိုတစ်ယောက် ကြည်နူးပျော်ရွှင်စွာ ပေါင်းသင်းဆက်ဆံနေကြတဲ့ လူနဲ့ AF အတွဲတွေ အများကြီး အများကြီး ရှိနေတာပဲ။ ဒါပေမယ့် ရိုဆာခမျာ အချက်ပြနေတဲ့ နိမိတ်လက္ခဏာ အခံတော်များများကို မဖမ်းဆုပ်နိုင်ခဲ့ဘူး။ သူက ဖြတ်သွားတဲ့ အတွဲတစ်တွဲကို လက်ညှိုးညွှန်ပြီး အားတက်သရော ချီးကျူးနေပေမယ့် ကျွန်မ လှမ်းကြည့်လိုက်တဲ့ အခါမှာ ဘာကို သွားပြီး သတိထားမိသလဲ ဆိုတော့ ကောင်မလေးက သူ့ရဲ့ AF ကို ပြုံးပြနေပေမယ့်

mgyoe.com

mgyoe.com SAMPLE BOOK

တကယ်တမ်းကျတော့ သူ့ကို စိတ်တိုနေတာ။ အဲဒီအချိန်မှာ စိတ်ထဲကနေ သူ့ကို ဆိုးဆိုးရွားရွား ကျိန်ဆဲနေမလားတောင် မပြောတတ်ဘူး။ ကျွန်မ အဲဒီလိုအရာမျိုးကို အချိန်တိုင်း သတိထားမိနေတယ်။ ဒါပေမယ့် ကျွန်မ ရိုဆာကို ဘာမှ ပြောမပြခဲ့ဘူး။ သူ ယုံကြည်ရာကို ဆက်ပြီး ယုံကြည်နေပါစေပေါ့။

ပဋ္ဌမမြောက် မနက်ခင်းမှာ ကျွန်မ တက္ကစီနှစ်စီးကို တွေ့လိုက်ရတယ်။ RPO အဆောက်အအုံရှိတဲ့ လမ်းဘက်ခြမ်းမှာ ဖြေးဖြေးကလေး မောင်းလို့။ သူတို့ နှစ်စီးက ဘယ်လောက်တောင် နီးကပ်နေသလဲဆိုတော့ AF အသစ်သာဆိုရင် ယာဉ်တစ်စီးတည်းလို့ ထင်ချင်ထင်နေမှာ။ နှစ်စီးတွဲ တက္ကစီလိုဟာမျိုးပေါ့။ အဲဒီနောက်တော့ အရှေ့ကသွားနေတဲ့ တက္ကစီက အရှိန်ကို နည်းနည်း မြှင့်လိုက်တယ်။ ဒီတော့ သူတို့အကြားမှာ ဟာကွက်တစ်ခု ဖြစ်သွားတာပေါ့။ အဲဒီ ဟာကွက်ထဲကနေ ဖြတ်ပြီး လူသွားစင်္ကြံပေါ်မှာ ကာ့တွန်းရုပ်အင်္ကျီ ဝတ်ထားတဲ့ ဆယ့်လေးနှစ်အရွယ် ကောင်မလေးတစ်ယောက်ကို လှမ်းမြင်လိုက်ရတယ်။ သူက လူကူးမျဉ်းကျား ရှိရာဆီကို တန်းတန်းမတ်မတ် လျှောက်သွားနေတယ်။ သူ့မှာ လူကြီးအဖော် ဒါမှမဟုတ် AF လည်းမပါဘူး။ ဒါပေမယ့် သူ့ကိုကြည့်ရတာ ယုံကြည်မှုအပြည့်နဲ့။ နည်းနည်းတော့ စိတ်တိုနေသလိုမျိုးပဲ။ သူ လမ်းလျှောက်နေတဲ့ အမြန်နှုန်းက တက္ကစီတွေနဲ့ တူနေတာကြောင့် ကားနှစ်စီးကြားက ဟာကွက်ထဲကနေ သူ့ကို အချိန်တော်တော်ကြာတဲ့အထိ စောင့်ကြည့်လို့ ရနေခဲ့တယ်။ နောက်တော့ ကားနှစ်စီးကြားက ဟာကွက်က ပိုပိုပြီး ကျယ်လာတာကြောင့် နောက်ဆုံးတော့ သူဟာ AF တစ်ယောက်နဲ့ ရှိနေခဲ့တယ်ဆိုတာကို ကျွန်မ တွေ့လိုက်ရတယ်။ ကောင်လေး AF တစ်ယောက်။ သူက ခြေလှမ်းသုံးလှမ်းလောက် နောက်မှာချန်ပြီး လမ်းလျှောက်နေတယ်။ တိုတောင်းတဲ့ ကာလအတွင်းမှာ ဆိုပေမယ့် သူက မတော်တဆ နောက်ကျကျန်ရစ်ခဲ့တာ မဟုတ်မှန်း ကျွန်မ သိမြင်နိုင်ခဲ့တယ်။ သူတို့ ဘယ်ပုံဘယ်နည်း လမ်းလျှောက်ကြမယ် ဆိုတာကို ကောင်မလေး ဆုံးဖြတ်တဲ့အတိုင်း လိုက်လုပ်နေရတဲ့ ပုံမျိုး။ ကောင်မလေးက အရှေ့ကသွားမယ်။ သူက ခပ်ခွာခွာနေပြီး အနောက်ဘက် သုံးလေးလှမ်း အကွာကနေ လိုက်နေရမယ်။ တခြားလမ်းသွားလမ်းလာတွေက အဲဒီအချင်းအရာကို မြင်ပြီး ကောင်မလေးက သူ့ကို မချစ်ဘူးလို့ ကောက်ချက်ချချင်ချကြပါစေ။ ကောင်လေး AF ကတော့ အဲဒီ ဆုံးဖြတ်ချက်ကို လက်ခံထားခဲ့တယ်။ နောက်ပြီး ကောင်လေး AF ရဲ့ သောကကိုလည်း ကျွန်မ တွေ့မြင်နေရတယ်။ အိမ်တစ်အိမ်တွေ့ပြီးခါမှ အဲဒီအိမ်ရဲ့ ကလေးက သူ့ကို မလိုချင်ဘူးလို့ သိလိုက်ရတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အခိုက်အတန့်မှာ ဘယ်လို ခံစားရမှာပါလိမ့်လို့ ကျွန်မ တွေးကြည့်နေမိတယ်။ အဲဒီအတွဲကို မတွေ့ခင်အချိန်ထိ ကျွန်မ ဘယ်တုန်းကမှ အဲဒီလို မစဉ်းစားမိခဲ့ဖူးဘူး။ AF တစ်ယောက်ဟာ သူ့ကို စက်ဆုပ်ရွံရှာပြီး အချိန်တိုင်း သူ့ကို ကန်ထုတ်ပစ်ချင်နေတဲ့ ကလေးတစ်ယောက်နဲ့ ကြိုက်သော်ရှိ မကြိုက်သော်ရှိ အမြဲတမ်း အတူတူ နေနေရ နိုင်တယ်လို့ ကျွန်မ တစ်ခါမှ မတွေးခဲ့ဖူးဘူး။ နောက်တော့ လူကူးမျဉ်းကျားကြောင့် အရှေ့ကားက အရှိန်ကို လျှော့ချပစ်လိုက်တယ်။ အနောက်မှာ ကပ်ပါလာတဲ့ကား က အရှေ့ကားနဲ့ ပူးကပ်သွားတာကြောင့် ကျွန်မ သူတို့ကို ထပ်မမြင်ရတော့ဘူး။ သူတို့ကို လူကူးမျဉ်းကျားပေါ်မှာ တွေ့ရလေမလားလို့ ကျွန်မ မျှော်နေမိသေးတယ်။ ဒါပေမယ့် လမ်းဖြတ်ကူးတဲ့ လူအုပ်ထဲမှာ သူတို့ကို မတွေ့ရတော့ဘူး။ နောက်ပြီး တခြား တခြားသော တက္ကစီတွေကြောင့် လမ်းရဲ့ ဟိုဘက်ခြမ်းကိုလည်း ကျွန်မ မမြင်ရတော့ဘူး။

❑

ပြတင်းပေါက်နားမှာ ရှိနေရတဲ့ အဲဒီနေ့ရက်တွေအတွင်း ကျွန်မရဲ့အနားမှာ ရိုဆာကလွဲလို့ ဘယ်သူ့ကိုမှ မတောင့်တခဲ့ဘူး။ ဒါပေမယ့် အတူရှိနေခဲ့ကြတဲ့ အဲဒီ ကာလအတွင်းမှာပဲ ကွဲပြားခြားနားတဲ့ ကျွန်မတို့ရဲ့ စရိုက်လက္ခဏာတွေကို ပိုပြီး သိမြင်လာခဲ့တယ်။ ကျွန်မက ရိုဆာထက် ပိုပြီး ပြင်ပလောကအကြောင်းကို တရှိုက်မက်မက် သိချင်နေတယ်လို့ ဆိုလိုချင်တာ မဟုတ်ပါဘူး။ သူကလည်း သူ့နည်း သူ့ဟန်နဲ့ စိတ်လှုပ်ရှားနေခဲ့တယ်။ လေ့လာသင်ယူနေခဲ့တယ်။ တတ်နိုင်သမျှ ကြင်နာ တတ်တဲ့၊ ကူဖော်လောင်ဖက်ရတဲ့ AF တစ်ယောက် ဖြစ်လာဖို့အတွက် ကျွန်မနည်းတူ ကြောင့်ကြစိုက်ပြီး သူလည်း သူ့ဘာသာသူ ပြင်ဆင်နေခဲ့တယ်။ ဒါပေမယ့် ကျွန်မ အနေနဲ့က များများမြင်ရလေလေ၊ များများ ပိုပြီး သင်ယူချင်လာလေလေပဲ။ ရိုဆာနဲ့ မတူတဲ့အချက်က ကျွန်မတို့ရဲ့အရှေ့မှာ လမ်းသွားလမ်းလာတွေက သူတို့ရဲ့ ဆန်း ကြယ် အံ့သြဖွယ်ကောင်းတဲ့ စိတ်ခံစားမှုတွေကို များများပြသလေလေ၊ ကျွန်မ ဦးနှောက်တွေခြောက်ပြီး အဲဒါတွေကို ပိုလို့ပိုလို့ စွဲမက်လာလေလေ ဖြစ်လာခဲ့တယ်။ တကယ်လို့သာ အဲဒီထူးခြားဆန်းကြယ်တဲ့ အရာတွေထဲက အနည်းဆုံး တချို့တလေ ကို ကျွန်မ နားမလည်နိုင်ခဲ့ဘူးဆိုရင် အချိန်ကျလာတဲ့အခါမှာ ကျွန်မရဲ့ ကလေးကို ကျွန်မ ကူညီသင့်သလောက် ဘယ်တော့မှ ကူညီပေးနိုင်မှာ မဟုတ်ဘူး ဆိုတာကို ကျွန်မ သဘောပေါက်နေခဲ့တယ်။ ဒါကြောင့် စကြိုလမ်းပေါ်မှာ၊ ဖြတ်သွားတဲ့ တက္ကစီ တွေထဲမှာ၊ လမ်းဖြတ်ကူးဖို့ စောင့်နေကြတဲ့ လူအုပ်ကြီးထဲမှာ ကျွန်မ သင်ယူဖို့လို

mgyoe.com SAMPLE BOOK

အပ်တဲ့ အမှုအရာတွေကို စပြီး ရှာဖွေလေ့လာခဲ့တယ်။

အစတုန်းကတော့ ရိုဆာကို ကျွန်မလို လိုက်လုပ်စေချင်ခဲ့တာပဲ။ ဒါပေမယ့် အဲဒါဟာ သူ့အတွက် ဘာမှအဓိပ္ပာယ်မရှိကြောင်း ကျွန်မ တွေ့မြင်လာတယ်။ ကျွန်မတို့ ရှိုးပြခွင့်ရတဲ့ တတိယမြောက်နေ့၊ RPO အဆောက်အအုံနောက် နေမင်းကြီး ကွယ်လျှိုးသွားတဲ့ အချိန်မှာ တက္ကစီနှစ်စီးဟာ ကျွန်မတို့ဘက်အခြမ်းမှာ ထိုးရပ်လိုက်ကြတယ်။ ကားဆရာနှစ်ယောက် ကားပေါ်က ဆင်းလာကြပြီး အပြန်အလှန် သတ်ပုတ်လို့။ အဲဒီလို ရန်ဖြစ်နေကြတာကို ကျွန်မတို့ ပထမဆုံးအကြိမ် မြင်ဖူးတာတော့ မဟုတ်ပါဘူး။ ကျွန်မတို့တွေ ရောက်ခါစအချိန်လောက်က ကျွန်မတို့ ပြတင်းပေါက်နားမှာ စုပြုံပြီး ရဲသားသုံးယောက်ရယ်၊ သူတောင်းစားကြီးနဲ့ သူ့ခွေးရယ် တံခါးလွတ်ကြီးတစ်ခုရဲ့ အရှေ့မှာ ရန်ဖြစ်နေကြတာကို ကျွန်မတို့ အမိအရ ကြည့်ခဲ့ဖူးကြတယ်။ ဒါပေမယ့် အဲဒါက စိတ်ဆိုးမာန်ဆိုး ရန်ဖြစ်နေကြတာ မဟုတ်ဘူးတဲ့လေ။ နောက်တော့ မန်နေဂျာက ကျွန်မတို့ကို ရှင်းပြတယ်။ သူတောင်းစားကြီး မူးနေလို့ ရဲတွေက သူ့အတွက်စိတ်ပူပြီး သူ့ကို အကူအညီပေးနိုင်ဖို့ ကြိုးစားနေကြတာတဲ့။ ဒါပေမယ့် တက္ကစီသမားနှစ်ယောက်ကတော့ ရဲတွေလို မဟုတ်ဘူး။ သူတို့က တစ်ယောက်ကို တစ်ယောက် တတ်နိုင်သလောက် အနာတရ ဖြစ်သွားအောင် အစွမ်းကုန် ကြိုးစားနေကြတာ။ သူတို့ရဲ့ မျက်နှာတွေက မသတိစရာ တွန့်ခေါက်ရှုံ့တွလို့။ အသစ်ကလေးတွေသာဆိုရင် သူတို့ကို လူသားတွေပါလို့တောင် မှတ်မိနိုင်မယ် မထင်ဘူး။ သူတို့က တစ်ချိန်လုံး တစ်ယောက်ကိုတစ်ယောက် ထိုးကြိတ်နေကြတယ်။ အယုတ္တအနတ္တ စကားလုံးတွေနဲ့ အော်ဟစ်ဆဲဆိုနေကြတယ်။ စစချင်းမှာတော့ လမ်းသွားလမ်းလာတွေက အထိတ်တလန့်နဲ့ အနောက်ကို ရှုပေးကြတယ်။ ဒါပေမယ့် နောက်တော့ ရုံးဝန်ထမ်းတွေနဲ့ အငှေးသမားတစ်ယောက်က သူတို့ကို ရန်ဖြစ်လို့မရအောင် ဝင်တားလိုက်ကြတယ်။ ကားဆရာတစ်ယောက်က တစ်မျက်နှာလုံး သွေးသံရဲရဲ ဖြစ်နေပေမယ့် နောက်ဆုံးတော့ သူတို့ကားထဲကို သူတို့ ပြန်ဝင်သွားကြတယ်။ နောက်တော့ အရာရာတိုင်းက ပုံမှန်အတိုင်း ပြန်ဖြစ်သွားကြရော။ နည်းနည်းကြာသွားတော့ ကျွန်မ ဘာကို သတိထားမိလိုက်သလဲဆို တက္ကစီနှစ်စီး (စောစောက ရန်သတ်နေကြတဲ့ ကားဆရာနှစ်ယောက် မောင်းနေတဲ့ တက္ကစီနှစ်စီး) က မီးပွိုင့်မှာ ရှေ့ဆင့်နောက်ဆင့် ရပ်ပြီး မီးအစိမ်းကို စိတ်ရှည်လက်ရှည် စောင့်နေခဲ့ကြတယ်။

ကျွန်မတို့ မြင်ခဲ့ရတဲ့ အဖြစ်အပျက်အကြောင်းကို ရိုဆာနဲ့ပြောဖို့ ကြိုးစား

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်တဲ့အချိန်မှာ သူက အူလည်လည်ဖြစ်တဲ့ ပုံမျိုးနဲ့ ကျွန်မကို ပြောတယ်။

"ရန်ဖြစ်တယ်၊ ငါ မမြင်လိုက်မိပါလား၊ ကလာရာ"

"ရှိဆာ၊ နင် မမြင်လိုက်ဘူး ဆိုတာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အဲဒါ ငါတို့အရှေ့မှာ အခုလေးတင် ဖြစ်သွားခဲ့တာလေ။ ဟိုကားဆရာနှစ်ယောက်ပေါ့"

"သြော်... နင်က တက္ကစီသမားနှစ်ယောက်ကို ပြောတာလား။ သူတို့အကြောင်း ပြောနေမှန်း ငါမှ မသိဘဲ၊ ကလာရာ။ သူတို့လား။ ငါ မြင်တာပေါ့။ အင်း ... ဟုတ်တယ်။ ဒါပေမယ့် သူတို့ ရန်ဖြစ်နေကြတယ်လို့တော့ ငါ မထင်ဘူး"

"ရှိဆာ၊ သူတို့ ရန်ဖြစ်နေကြတာ အမှန်ပဲ"

"မဖြစ်နိုင်တာ။ သူတို့က ဟန်ဆောင်ပန်ဆောင် လုပ်နေကြတာ။ ကျီစယ်နေကြတာပါဟာ"

"ရှိဆာ၊ သူတို့ ရန်ဖြစ်နေတာ"

"အရှူးမထစမ်းပါနဲ့ ကလာရာ။ နင့်အတွေးတွေက အဆန်းတွေချည်းပဲ။ သူတို့က အပျော်အပြက် လုပ်နေကြရုံပါဟ။ သူတို့ဘာသာသူတို့ ကျေနပ်နေကြတာလေ။ လမ်းသွားလမ်းလာတွေလည်း အတူတူပဲ"

နောက်ဆုံးတော့ "နင် မှန်ကောင်း မှန်နိုင်ပါတယ်၊ ရှိဆာ" လို့သာ ပြောလိုက်တော့တယ်။ သူက အဲဒီထိပ်တိုက်တွေ့မှုအကြောင်း လုံးလုံး မတွေးခဲ့ဘူးလို့တော့ ကျွန်မ မထင်ဘူး။

ဒါပေမယ့် အဲဒီတက္ကစီသမားနှစ်ယောက်ကို ကျွန်မ လွယ်လွယ်နဲ့ မေ့မရနိုင်ခဲ့ဘူး။ လူသွားစကြံပေါ် ဖြတ်လျှောက်သွားတဲ့ လူတစ်ယောက်ချင်းကို ကျွန်မ မျက်စိတစ်ဆုံး လိုက်ကြည့်နေမိတတ်တယ်။ သူတို့ကရော ဟိုလူတွေလို ဒေါသူပုန်ထလာနိုင်သလားလို့ သိချင်နေမိတယ်။ အဲဒီလိုမှ မဟုတ်ရင်လည်း လမ်းသွားလမ်းလာ လူတစ်ယောက်ကို သူ့မျက်နှာ ရှုံ့မဲ့နေတဲ့အခါမှာ ဘယ်လိုပုံမျိုး ဖြစ်သွားနိုင်မလဲလို့ စိတ်ကူးနဲ့ မှန်းဆကြည့်နေမိတတ်တယ်။ အရေးကြီးဆုံး အချက်က (ဒါကိုတော့ ရှိဆာတစ်ယောက် ဘယ်တော့မှ နားလည်နိုင်လိမ့်မယ် မထင်ဘူး) ကားဆရာတွေ ကြုံတွေ့ခဲ့ရတဲ့ အမျက်ဒေါသကို ကျွန်မရဲ့စိတ်ထဲမှာ ပုံဖော်ကြည့်ဖို့ ကြိုးစားနေခဲ့တယ်။ ကျွန်မနဲ့ ရှိဆာတို့ တစ်ယောက်ကိုတစ်ယောက် အမျက်ခြောင်းခြောင်းထွက်ပြီး သူတို့လို သတ်ပုတ်၊ သူတို့လို တစ်ယောက်ရဲ့ခန္ဓာကိုယ်ကို ဖျက်ဆီးရာ ဖျက်ဆီးကြောင်း အမှန်တကယ် ကြိုးစားလုပ်ဆောင်နေတဲ့ အဖြစ်ကို ကျွန်မ စိတ်ကူးနဲ့ မှန်းဆကြည့်မိတယ်။ အတွေးကတော့ အူကြောင်ကြောင် နိုင်လွန်းပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမယ့် ကျွန်မက ကားဆရာတွေကို မျက်စိနဲ့ တပ်အပ်မြင်ထားတာ ဆိုတော့ အဲဒီခံစားချက်မျိုး ကျွန်မရဲ့ စိတ်ထဲမှာ ဘယ်ပုံဘယ်နည်း စတင် ပေါက်ဖွားလာမလဲ ဆိုတာကို ကျွန်မ ကြိုးစားပြီး ရှာဖွေကြည့်နေမိတယ်။ ဒါပေမယ့် အချည်းနှီးပါပဲ။ ကျွန်မရဲ့အတွေးကို ကျွန်မဘာသာ ဟားတိုက်ရယ်မောရင်းနဲ့ပဲ အဆုံးသတ်လိုက်ရတာ များတယ်။

ပြတင်းပေါက်ကနေ ကျွန်မတို့မြင်ရတဲ့ တခြားအရာတွေလည်း ရှိနေသေးတယ်။ စစချင်း ကျွန်မ ဘယ်လိုမှ နားမလည်နိုင်တဲ့ တခြားသော စိတ်ခံစားချက်တွေပေါ့။ တဖြည်းဖြည်းနဲ့တော့ ခံစားချက် မူကွဲတချို့ကို ကျွန်မကိုယ်မှာ တွေ့လာခဲ့ရတယ်။ အဲဒါတွေက ယင်းလိပ်တံခါးကြီး ကျသွားတဲ့အခါ နံရံက မီးအိမ်ကြောင့် ကြမ်းပြင်မှာ လာထင်တဲ့ အရိပ်တွေနဲ့ တူကောင်း တူလိမ့်မယ်ထင်တယ်။ ဘာနဲ့တူသလဲ ဆိုတော့ ဥပမာပြောရရင် ကော်ဖီခွက်အမျိုးသမီးကြီး ဖြစ်ခဲ့သလိုပေါ့။

အဲဒီအဖြစ်အပျက်က ဂျိုစီနဲ့တွေ့ပြီး နောက်နှစ်ရက်အကြာမှာ ဖြစ်ခဲ့တာ။ အဲဒီမနက်ခင်းက မိုးတွေတဖွဲဖွဲကျလို့။ လမ်းသွားလမ်းလာတွေ ဆိုတာလည်း သူတို့ရဲ့ ထီးတွေအောက်မှာ၊ ရေတစက်စက်ကျနေတဲ့ ဦးထုပ်တွေအောက်မှာ မျက်လုံးတွေမှေးစင်းလို့။ မိုးစက်မိုးမှုန်တွေအကြားမှာတော့ RPO အဆောက်အအုံကြီးက ဘာမှ မပြောင်းလဲသလိုပဲ။ ဒါပေမယ့် သူ့ရဲ့ ပြတင်းပေါက်တွေကတော့ ညနေခင်း ရောက်နေတဲ့အတိုင်း မီးရောင်တွေ လင်းလို့ပေါ့။ သူ့ရဲ့ နံဘေးမှာရှိတဲ့ 'အရေးပေါ် လှေကား' အဆောက်အအုံကြီးကတော့ သူ့မျက်နှာစာရဲ့ ဘယ်ဘက်အခြမ်းမှာ ရေကွက်ကြီး တစ်ကွက် စွန်းထင်းနေတယ်။ သူ့ခေါင်မိုးထောင့်တစ်နေရာကနေ ဖျော်ရည်တွေ ယိုကျထားသလိုမျိုး။ ဒါပေမယ့် နောက်တော့ ရုတ်တရက် ဆိုသလိုပဲ နေမင်းကြီးက တွန်းကန်ထွက်လာပြီး ရေစိုနေတဲ့ လမ်းမကြီးနဲ့ တက္ကစီခေါင်မိုးတွေအပေါ် အလင်းတွေ ဖြန့်ချလိုက်တယ်။ အဲဒါကိုလည်း မြင်ရော လမ်းသွားလမ်းလာတွေ အပြုံလိုက်ကြီး လမ်းမပေါ် ထွက်လာကြတယ်။ အဲဒီလို ကမူးရှူးထိုး သွားနေကြတဲ့ လူအုပ်ကြီးထဲမှာ မိုးကာအင်္ကျီဝတ်ထားတဲ့ ယောက်ျားပုသေးသေးတစ်ယောက်ကို ကျွန်မ လှမ်းမြင်လိုက်တယ်။ သူက RPO အဆောက်အအုံဘက် အခြမ်းမှာ။ အသက်က ၇၁ နှစ်လို့ ကျွန်မ ခန့်မှန်းမိတယ်။ သူက လက်ကိုဝှေ့ယမ်းပြီး တစ်ယောက်ယောက်ကို လှမ်းခေါ်ရင်း လူသွားစင်္ကြံရဲ့ နှုတ်ခမ်းနားကို လျှောက်လာနေတယ်။ လမ်းပေါ် ကျွံသွားပြီး သွားလာနေတဲ့ တက္ကစီတွေအရှေ့ ဟပ်ထိုးလဲသွားမလားလို့တောင် ကျွန်မ စိုးရိမ်သွားမိတယ်။ အဲဒီအချိန်မှာ မန်နေဂျာက အခန့်သင့်ပဲ ကျွန်မတို့နဲ့အတူ

mgyoe.com

 mgyoe.com SAMPLE BOOK 

ပြတင်းပေါက်နားမှာ ရှိနေခဲ့တယ်။ သူက ကျွန်မတို့ ဆိုဖာရဲ့အရှေ့က ဆိုင်းဘုတ်ကို နေရာမှန်အောင် ညှိပေးနေတာ။ အဲဒီအချိန်မှာ သူလည်း ကျွန်မလို အဲဒီလူကြီးကို သတိထားမိသွားတယ်။ သူက အညိုရောင် မိုးကာအင်္ကျီဝတ်ထားပြီး သူ့ရဲ့ခါးပတ်က အနားတစ်ဖက် တွဲလောင်းကျနေတယ်။ သူ့ရဲ့ဦးခေါင်းကိုတောင် ထိလုခမန်းပဲ။ ဒါပေမယ့် သူကတော့ သတိထားမိပုံ မရဘူး။ လက်ကိုယမ်းခါပြီး လမ်းတစ်ဖက်ကို လှမ်းခေါ်နေတယ်။ ကျွန်မတို့ရဲ့ ဆိုင်အပြင်ဘက်မှာလည်း လမ်းသွားလမ်းလာတွေနဲ့ ပြည့်ကျပ်လို့၊ ကျွန်မတို့ကို လာကြည့်ကြတာတော့ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန် လူသွားစင်္ကြံပေါ်မှာ ကိုယ်ကို မလှုပ်နိုင်လောက်အောင် ကြက်ပျံမကျ ပြည့်ကျပ်ညပ်နေတယ်။ ခဏနေတော့ အခြေအနေက ပြောင်းလဲသွားတယ်။ လူအုပ်ကြီးက ပါးသထက်ပါးလာတယ်။ နောက်တော့ ကျွန်မတို့ရဲ့ အရှေ့မှာ သေးကွေးတဲ့ အမျိုးသမီးကြီးတစ်ယောက် ရပ်နေတာ တွေ့လိုက်ရတယ်။ ကျွန်မတို့ကို ကျောပေးလျက်ပေါ့။ ယာဉ်ကြောလေးကြောမှာ ရွေ့လျားနေကြတဲ့ တက္ကစီတွေကို ကျော်ပြီး လက်ယမ်းနှုတ်ဆက်နေတဲ့ လူကြီးကို ငေးကြည့်လို့၊ ကျွန်မ သူ့မျက်နှာကို မမြင်ရဘူး ဆိုပေမယ့် သူ့ရဲ့ ခန္ဓာကိုယ်အချိုးအစားနဲ့ ကိုယ်ဟန်အနေအထားကို ကြည့်ပြီး အသက် ၆၇ နှစ်ရှိမယ်လို့ ခန့်မှန်းလိုက်တယ်။ ကျွန်မက သူ့ကို စိတ်ထဲက နေ ကော်ဖီခွက်အမျိုးသမီးလို့ နာမည်ပေးလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ကျောဘက်ကနေကြည့်ရင် သူက ထူထဲတဲ့ သိုးမွေးကုတ်အင်္ကျီထဲမှာ ပုသေးသေး၊ ရင်ကျယ်ကျယ်၊ ပခုံးဝိုင်းဝိုင်းနဲ့ စင်နီကြီးပေါ်မှာ မှောက်ထားတဲ့ ကြွေကော်ဖီခွက်နဲ့ တူနေတယ်။ လူကြီးက အဆက်မပြတ် လက်ဝှေ့ယမ်းပြီး ခေါ်နေပေမယ့် အမျိုးသမီးကြီးက မြင်နေမှန်း သိသာနေပါလျက်နဲ့ သူက လက်လည်းမပြသလို ပြန်လည်း မထူးဘူး။ သူက ကျောက်ရုပ်တစ်ရုပ်လို သေသေကြီး ရပ်နေတယ်။ အပြေးသမား စုံတွဲတစ်တွဲက သူရှိရာတည့်တည့် ပြေးလာပြီး သူ့ဆီအရောက်မှာ ဘယ်တစ်ယောက်၊ ညာတစ်ယောက် ခွဲထွက်သွားကြတယ်။ သူ့ကို လွန်သွားပြန်တော့ သူတို့ နောက်တစ်ကြိမ် ပြန်ပူးကပ်လိုက်ပြီး ပြေးမြဲ ဆက်ပြေးသွားတယ်။ သူတို့ရဲ့ အားကစားဖိနပ်တွေက လူသွားစင်္ကြံပေါ်မှာ တဖျပ်ဖျပ်နဲ့ မြည်လို့၊ ဒါလည်း အမျိုးသမီးကြီးက မလှုပ်မယှက်နဲ့ ရပ်နေတုန်းပဲ။

နောက်ဆုံးတော့ သူ ရွေ့လာတယ်။ လူကြီးအချက်ပြတဲ့အတိုင်း သူ လူကူးမျဉ်းကျားဘက်ကို လျှောက်သွားတယ်။ စစချင်းတော့ ခြေလှမ်းတွေက နှေးတိနှေးကွေးနဲ့၊ နောက်တော့ တဖြည်းဖြည်း မြန်လာတယ်။ မီးပွိုင့်မှာ စောင့်နေကြတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

တခြားလူတွေလိုပဲ သူ နောက်တစ်ကြိမ် ရပ်လိုက်ရပြန်တယ်။ လူကြီးက လက်ယမ်း မပြတော့ဘူး။ ဒါပေမယ့် သူက အမျိုးသမီးကြီးကို စိတ်လက်မအီမသာနဲ့ ငေးကြည့်နေတယ်။ တက္ကစီတွေအရှေ့ ခြေကျွံသွားမလားလို့ ကျွန်မ နောက်တစ်ကြိမ် စိတ်ပူလိုက်မိပြန်တယ်။ ဒါပေမယ့် သူက သူ့ကိုယ်သူ စိတ်ငြိမ်အောင်ထိန်းပြီး လူသွားစင်္ကြံရဲ့ တစ်ဘက်စွန်းကနေ ရပ်စောင့်နေတယ်။ တက္ကစီတွေ ရပ်သွားပြီ ဆိုတာနဲ့ ကော်ဖီခွက်အမျိုးသမီးလည်း တခြားလူတွေနဲ့အတူ လမ်းကိုဖြတ်ကူးတယ်။ လူကြီးက လက်သီးဆုပ်နဲ့ သူ့ရဲ့မျက်လုံးတစ်လုံးကို အုပ်ထားတာ ကျွန်မ မြင်တွေ့လိုက်ရတယ်။ ဆိုင်ထဲမှာ ကလေးတစ်ယောက် စိတ်အခန့်မသင့် ဖြစ်တဲ့အခါမှာ လုပ်တတ်တဲ့ အပြုအမူအတိုင်းပဲ။ ကော်ဖီခွက်အမျိုးသမီးက RPO အဆောက်အအုံဘက် ရောက်သွားတော့ သူနဲ့ လူကြီးက တစ်ယောက်လက်ကိုတစ်ယောက် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လို့။ သူတို့တွေက လူရောမကြီးတစ်ယောက် ဖြစ်သွားသလိုပဲ။ သတိထားမိတာကတော့ နေမင်းကြီးက သူတို့အပေါ် သူ့ရဲ့ ဩဇာဓာတ်တွေကို သွန်းဖြန်းထားတယ်။ ကျွန်မ ကော်ဖီခွက်အမျိုးသမီးရဲ့ မျက်နှာကို မမြင်ရသေးဘူး ဆိုပေမယ့် လူကြီးရဲ့ မျက်လုံးတွေကတော့ တင်းတင်းပိတ်ထားတယ်။ သူ အရမ်းပျော်ရွှင်နေတာလား၊ ဒါမှမဟုတ် အရမ်း စိတ်ပျက်နေတာလား ဆိုတာကို ကျွန်မ ခွဲခြား မသိနိုင်ခဲ့ဘူး။

"အဲဒီလူတွေက တစ်ယောက်ကိုတစ်ယောက် တွေ့မြင်ရတာကို အရမ်းကျေနပ်အားရနေကြပုံ ရတယ်" မန်နေဂျာက ပြောတယ်။ သူလည်း ကျွန်မလိုပဲ သူတို့ကို အနုစိတ် လေ့လာနေတာပါလားလို့ ကျွန်မ သဘောပေါက်သွားတယ်။

"ဟုတ်တယ်။ သူတို့ကြည့်ရတာ အရမ်း ပျော်ရွှင်နေကြပုံပဲ" ကျွန်မ ပြောလိုက်တယ်။ "ဒါပေမယ့် သူတို့ကို ကြည့်ရတာ စိတ်လည်းတိုနေကြပုံရတယ်။ မထူးဆန်းဘူးလား"

"အိုး... ကလာရာ" မန်နေဂျာက ညင်ညင်သာသာ ပြောတယ်။ "နင်က မျက်စိ တော်တော်လျင်တာပဲ"

အဲဒီနောက် မန်နေဂျာက အကြာကြီး ငြိမ်သက်သွားတယ်။ ဆိုင်းဘုတ်ကို လက်ထဲမှာကိုင်ရင်း မြင်ကွင်းထဲကနေ စောစောကစုံတွဲ ပျောက်ကွယ်သွားတာတောင် လမ်းတစ်ဘက်ကို ငေးကြည့်နေတုန်း။ နောက်ဆုံးတော့ သူ ပြောတယ်။

"သူတို့ မဆုံတွေ့ဖြစ်ကြတာ အတော်ကြီး ကြာသွားလို့ ထင်ပါတယ်။ အတော့်အတော်ကြီးကို ကြာလောက်ပြီ။ သူတို့ နောက်ဆုံးတစ်ကြိမ် တစ်ယောက်

mgyoe.com

mgyoe.com SAMPLE BOOK

လက်ကိုတစ်ယောက် ကိုင်ခဲ့ကြတုန်းက သူတို့ တော်တော်ကြီးကို ငယ်ရွယ်ကြဦးမယ် ထင်တယ်"

"ဆိုလိုတာက သူတို့ တစ်ယောက်ကိုတစ်ယောက် လက်လွှတ်ဆုံးရှုံးခဲ့ရ တယ်လို့ ပြောချင်တာလား"

သူ နောက်ထပ် တစ်ခဏမျှ ငြိမ်သက်သွားပြန်တယ်။ "ဟုတ်တယ်" သူ စကားပြန်လိုက်တယ်။ "အဲဒီလိုပဲ ဖြစ်လိမ့်မယ်။ သူတို့ တစ်ယောက်ကိုတစ်ယောက် လက်လွှတ်ဆုံးရှုံးခဲ့ရတယ်။ အခုမှပဲ ကံကောင်းထောက်မစွာနဲ့ သူတို့ နောက်ထပ် ပြန်တွေ့ကြရတာ ဖြစ်မယ်"

မန်နေဂျာရဲ့အသံက အရင်လို မဟုတ်ဘူး။ သူ့ရဲ့ မျက်လုံးတွေက အပြင်ကို ကြည့်နေကြတာ ဆိုပေမယ့် ကျွန်မ အထင်တော့ သူက ဘယ်အရာကိုမှ တိတိပပ ကြည့်နေတာ မဟုတ်ဘူး။ မန်နေဂျာတစ်ယောက် ကျွန်မတို့နဲ့အတူ ပြတင်းပေါက် အနားမှာ ဒီလောက်အကြာကြီး ရှိနေတာကို မြင်ရရင် လမ်းသွားလမ်းလာတွေက ဘယ်လို ထင်ကြေးပေးကြမှာပါလိမ့်လို့တောင် ကျွန်မ သိချင်ချင် ဖြစ်လာတယ်။ အဲဒီနောက်တော့ သူ ပြတင်းပေါက်နားက ခွာပြီး ကျွန်မတို့ကို ကျော်ခိုင်းသွားတယ်။ သူ အဲဒီလို လှည့်ထွက်အသွားမှာ ကျွန်မရဲ့ပခုံးကို လှမ်းကိုင်လိုက်တယ်။

"တစ်ခါတလေ" သူက ပြောတယ်။ "အခုလို ထူးခြားတဲ့ အခါသမယမျိုးမှာ လူတွေက ပျော်ရွှင်မှုနဲ့အတူ နာကျင်မှုတစ်မျိုးကိုလည်း ခံစားကြရတယ်။ နင် အဲဒါ တွေ အားလုံး ဂရုတစိုက် လေ့လာစောင့်ကြည့်နေတဲ့အတွက် ငါ ဝမ်းသာပါတယ်၊ ကလာရာ"

နောက်တော့ မန်နေဂျာ ထွက်ခွာသွားတယ်။ ရိုဆာက ပြောတယ်။ "အဆန်းကြီးနော်၊ သူ ဘာဆိုလိုချင်တာလဲ မသိဘူး"

"ကိစ္စမရှိပါဘူး၊ ရိုဆာ" ကျွန်မက သူ့ကို ပြောလိုက်တယ်။ "သူက အပြင် က အကြောင်းတွေကို ပြောနေတာ"

ရိုဆာက နောက်တော့ တခြား အကြောင်းအရာတွေကို ပြောလာတယ်။ ဒါပေမယ့် ကျွန်မကတော့ ကော်ဖီခွက်အမျိုးသမီးနဲ့ သူ့ရဲ့ မိုးကာအင်္ကျီလူကြီးကို ဆက်တွေးနေတုန်းပဲ။ နောက်ပြီး မန်နေဂျာ ပြောခဲ့တဲ့ အကြောင်းကို ရောပေါ့။ ကျွန်မ စိတ်ကူးကြည့်တယ်။ ရိုဆာနဲ့ ကျွန်မသာ အခုကနေရေတွက်ရင် ဟိုး အကြာ ကြီး ကြာမှ၊ ကျွန်မတို့ ကိုယ်စီကိုယ်ငှ အိမ်တွေတွေ့ကြပြီးနောက် အကြာကြီး ကြာ သွားတဲ့ အခါမှာ ကျွန်မတို့ လမ်းပေါ် မှာ မတော်တဆ ပြန်ဆုံတွေ့ကြရင် ဘယ်လိုများ

mgyoe.com

mgyote.com SAMPLE BOOK

ခံစားရမှာပါလိမ့်။ မန်နေဂျာ ပြောခဲ့သလို ပျော်ရွှင်မှုနဲ့အတူ နာကျင်မှုပါ ရောစွက်ပြီး ခံစားနေရမှာလား။

❑

ပြတင်းပေါက်မှာ ရှိုးပြရတဲ့ ဒုတိယအပတ်ရဲ့အစ နံနက်ခင်းတစ်ခုမှာ ကျွန်မ ရိုဆာကို RPO အဆောက်အအုံဘက်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတစ်ခုအကြောင်း ပြောနေခဲ့တယ်။ ကျွန်မတို့ အရှေ့ဘက် လူသွားစင်္ကြံပေါ်မှာ ဂျီစီတစ်ယောက် ရပ်နေတာကို ကျွန်မ သတိထားမိလိုက်တဲ့အခါမှာ ကျွန်မရဲ့ စကားသံက တိခနဲ ရပ်တန့်သွားတယ်။ သူ့အမေက သူ့နံဘေးမှာရပ်လို့။ ဒီတစ်ခါတော့ သူတို့ရဲ့ အနောက်မှာ ဘာတက္ကစီမှ ရှိမနေဘူး။ သူတို့ တက္ကစီတစ်စီးပေါ်က ဆင်းပြီး အဲဒီကားက မောင်းထွက်သွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျွန်မ သတိမထားမိလိုက်တာလည်း ဖြစ်နိုင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရပ်နေတဲ့နေရာနဲ့ ကျွန်မတို့ရဲ့ ပြတင်းပေါက် အကြားမှာ ခရီးသွားအုပ်စုတစ်စု ရှိနေခဲ့တယ်။ ဒါပေမယ့် အခုတော့ လမ်းသွားလမ်းလာတွေက အရင်လို သွားလာလှုပ်ရှားနေတယ်။ ဂျီစီက ကျွန်မကို ပြုံးပြုံးကြီးကြည့်လို့။ သူ့ရဲ့ မျက်နှာက ပြုံးလိုက်တဲ့အခါမှာ ကြင်နာယုယမှုတွေ ယိုဖိတ်လျှံကျနေတယ်လို့ ကျွန်မ နောက်တစ်ကြိမ် တွေးလိုက်မိတယ်။ ဒါပေမယ့် သူက ပြတင်းပေါက်ဆီတော့ ရောက်မလာနိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမေက သူ့ပခုံးပေါ် လက်တစ်ဖက်တင်လျက်နဲ့ ခါးကိုင်းပြီး တစ်စုံတစ်ခု ပြောကြားနေတယ်။ အမေက ပါးလွှာတဲ့ အထက်တန်းစား အနက်ရောင်ကုတ်အင်္ကျီကို ဝတ်ဆင်ထားတယ်။ အင်္ကျီအစွန်းက သူ့ခန္ဓာကိုယ်နံဘေးမှာ လေယူရာယိမ်းလို့။ အဲဒီအခိုက်အတန့်မှာပဲ လေတဟူးဟူးတိုက်နေတဲ့ မီးပွိုင့်အထက်မှာ ကျောက်ချရပ်နားနေကြတဲ့ အနက်ရောင်ငှက်တွေကို ကျွန်မ သတိရသွားတယ်။ သူတို့ စကားပြောနေကြတဲ့ အတောအတွင်းမှာ ဂျီစီရော အမေရောက ကျွန်မကို တည့်တည့်စိုက်ကြည့်နေကြတယ်။ ဂျီစီက ကျွန်မဆီ လာချင်လွန်းလို့ စိတ်မရှည် ဖြစ်နေတာကိုလည်း ကျွန်မ တွေ့မြင်နေရတယ်။ ဒါပေမယ့် အမေကတော့ သူ့စကားကို ဆက်ပြောနေပြီး ဂျီစီကို လွှတ်ပေးဖို့ စိတ်ကူးရှိပုံ မရသေးဘူး။ ကျွန်မက ရိုဆာလုပ်သလို RPO အဆောက်အအုံဘက် စက္ကန့်မလပ် ငေးကြည့်နေရမယ် ဆိုတာကို ကျွန်မ သိပါတယ်။ ဒါပေမယ့် ကျွန်မ သူတို့ကို ခိုးမကြည့်ဘဲလည်း မနေနိုင်ဘူး။ သူတို့ လူအုပ်ထဲ ပျောက်ကွယ်သွားမှာကို ကျွန်မ အစိုးရိမ်ကြီး စိုးရိမ်နေမိတယ်။ နောက်ဆုံးတော့ အမေက ခါးကို မတ်လိုက်တယ်။ သူက ကျွန်မကို ကြည့်မြဲကြည့်နေ

mgyote.com

mgyoe.com SAMPLE BOOK

သေးတယ် ဆိုပေမယ့် လမ်းသွားလမ်းလာတွေက သူ့ရဲ့ မြင်ကွင်းကို ကွယ်သွားတဲ့ အခါမှာ ခေါင်းကို အနည်းငယ် ငဲ့စောင်းလိုက်တယ် ဆိုပေမယ့် သူက သူ့လက်ကို ဂျိုစီရဲ့ ပခုံးပေါ်ကနေ ရုပ်သိမ်းလိုက်ပြီ။ ဂျိုစီ ကျွန်မဆီကို ဆင်မယဉ်သာ လျှောက်လာနေတယ်။ ကျွန်မ ထင်တယ်။ ဂျိုစီတစ်ယောက်တည်း ကျွန်မဆီကို လျှောက်သွားခွင့်ပြုဖို့ အမေဟာ အတော်လေး အားတင်းထားရပုံပဲ။ ဒါပေမယ့် အမေရဲ့ အလစ်မပေးတဲ့၊ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေတဲ့ မျက်လုံးတွေ၊ နောက်ပြီး အဲဒီမှာရပ်နေတဲ့ သူ့ရဲ့ ကိုယ်ဟန်အမူအရာတွေ (လက်နှစ်ဖက်ကို ခပ် တင်းတင်း ပိုက်ထားပြီး လက်ဆယ်ချောင်းက ကုတ်အင်္ကျီစကို မလွှတ်တမ်း ဆုပ်ကိုင်ထားတဲ့ အမူအရာတွေ) ကို မြင်ရတော့ ကျွန်မ နားလည်နိုင်ဖို့ သင်ယူရဦးမယ့် အချက်ပြ နိမိတ်လက္ခဏာတွေက အများကြီး ကျန်သေးပါလား ဆိုတာကို သဘောပေါက်လာခဲ့တယ်။

"ဟော့... ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား"

ကျွန်မ ပြုံးရင်း ခေါင်းညိတ်ပြပြီး လက်မတစ်ချောင်း ထောင်ပြလိုက်တယ်။ ကျွန်မ စိတ်ဝင်စားတဲ့ မဂ္ဂဇင်းတွေထဲကနေ လေ့လာသင်ယူထားတဲ့ လက်ဟန်ခြေဟန် တစ်ခုပေါ့။

"ဆောရီးပဲ။ ငါ ခပ်စောစော ပြန်မလာနိုင်ခဲ့ဘူး" သူက ပြောတယ်။ "ငါ့ဒ၊ထင် အဲဒါက ဘယ်လောက်ကြာသွားပြီလဲ"

ကျွန်မက လက်သုံးချောင်း ထောင်ပြပြီး နောက်ထပ် လက်တစ်ဖက်နဲ့ လက်ချောင်းဝက် ထောင်ပြလိုက်တယ်။

"အတော်ကြာသွားပြီပဲ" သူက ပြောတယ်။ "ဆောရီးပဲဟာ၊ ငါ့တို့ မလွမ်းဘူးလား"

ကျွန်မ ဝမ်းနည်းတဲ့ မျက်နှာလုပ်ပြီး ခေါင်းညိတ်ပြလိုက်တယ်။ ဒါပေမယ့် အသည်းအသန် ခံစားနေရတဲ့ပုံမျိုး မပေါက်အောင်၊ နောက်ပြီး စိတ်ဆိုးနေတယ်လို့လည်း မထင်ရအောင် ကျွန်မ ဂရုတစိုက် တုံ့ပြန်လိုက်တယ်။

"ငါလည်း နင့်ကို လွမ်းတာပဲ။ ဒီမတိုင်ခင် နင့်ဆီ ပြန်လာနိုင်လိမ့်မယ်လို့ ငါ တကယ် ထင်ထားခဲ့တာ။ ငါ ပုံပြောသွားပြီလို့ နင် ထင်ကောင်းထင်မှာပဲနော်။ တကယ် ဆောရီးပဲဟာ" နောက်တော့ သူ့အပြုံးက ဖျော့တော့သွားပြီး စကားဆက်တယ်။ "ဒီမှာ နင့်ကို လာကြည့်တဲ့ကလေးတွေ အများကြီး ရှိမှာပဲနော်"

ကျွန်မ ခေါင်းခါလိုက်တယ်။ ဒါပေမယ့် ဂျိုစီက ယုံပုံ မရဘူး။ သူက

mgyoe.com

mgyoe.com
SAMPLE BOOK

အမေ့ကို လှည့်ကြည့်တယ်။ နှစ်သိမ့်မှုလိုချင်လို့တော့ မဟုတ်ဘူး။ သူ့အနား ကပ်မလာပါဘူးဆိုတာကို သေချာအောင် လှည့်ကြည့်သလိုမျိုး။ နောက်တော့ ဂျိုစီက အသံကို နှိမ့်ပြီး ဆက်ပြောတယ်။

"အမေ အဲဒီလိုကြီး စိုက်ကြည့်နေတာ ကြောက်စရာကြီးနော်။ ငါ လိုချင်နေတာ နင်ပဲလို့ ငါ သူ့ကို ပြောပြလိုက်လို့ ဖြစ်မယ်။ နင်မှနင်ပဲလို့ ငါ သူ့ကို ပြောထားတာ။ ဒါကြောင့်လည်း အခု သူက နင့်ကို မျက်စိဒေါက်ထောက် ကြည့်နေတာ။ ဆောရီးပဲ" အဲဒီအချိန်မှာ ရှေ့တစ်ခေါက်က ကျွန်မ တွေ့ခဲ့ဖူးသလို ဖျတ်ခနဲ ပေါ်ပြီး လှစ်ခနဲ ပျောက်သွားတဲ့ ဝမ်းနည်းမှု အရိပ်အငွေ့ကို တွေ့မြင်လိုက်ရတယ်။ "နင် လိုက်မယ် မဟုတ်လား။ အမေက အိုကေဆိုတာနဲ့လေ"

ကျွန်မ အားတက်သရော ခေါင်းညိတ်လိုက်တယ်။ ဒါပေမယ့် မသေချာမရေရာမှုက သူ့မျက်နှာမှာ ထင်ကျန်နေရစ်တုန်းပဲ။

"နင် ဆန္ဒမရှိရင်တော့ ငါ နင့်ကို မလိုက်စေချင်ပါဘူး။ အဲဒီလိုလုပ်တာက မတရားဘူးလေ။ ငါ နင့်ကို အမှန်တကယ် လိုက်စေချင်တယ်။ ဒါပေမယ့် နင်က 'ဂျိုစီ၊ ငါ မလိုက်ချင်ဘူး' ဆိုတာနဲ့ ငါက ငါ့အမေကို 'အိုကေ၊ သမီးတို့ သူ့ကို ခေါ်လို့မဖြစ်ဘူး။ လုံးဝပဲ' လို့ ပြောလိုက်မှာ။ ဒါပေမယ့် နင် လိုက်ချင်တယ် မဟုတ်လား"

ကျွန်မ ခေါင်းညိတ်လိုက်ပြန်တယ်။ ဒီတစ်ခါတော့ ဂျိုစီက စိတ်ချသွားပုံပဲ။

"ကောင်းလိုက်တာ" အပြုံးက သူ့မျက်နှာမှာ ပြန်ပေါ် လာတယ်။ "နင် သဘောကျမှာ။ နင် သဘောကျလိမ့်မယ်လို့ ငါ အာမခံတယ်" သူ လှည့်ကြည့်တယ်။ ဒီတစ်ခါတော့ မြူးကြွလို့။ "မေမေ၊ တွေ့လား။ သူက သမီးတို့နဲ့ လိုက်ချင်တယ်တဲ့" အမေက ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်တယ်။ ဒါပေမယ့် ဘာမှတော့ ပြန်မပြောဘူး။ သူက ကျွန်မကို စိုက်ကြည့်နေတုန်းပဲ။ သူ့လက်ချောင်းတွေက ကုတ်အင်္ကျီစကို လိမ်ဆွဲနေတယ်။ ဂျိုစီက ကျွန်မဘက်ကို ပြန်လှည့်သွားချိန်မှာတော့ အမေရဲ့ မျက်နှာက နောက်တစ်ကြိမ် မှုန်မှိုင်းသွားပြန်တယ်။

"ဒီမယ်" သူက ပြောတယ်။ ဒါပေမယ့် နောက်စက္ကန့်အနည်းငယ်လောက်ပဲ ငြိမ်သက်သွားတယ်။ အဲဒီနောက် သူက ပြောတယ်။ "နင် လိုက်ချင်တဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ဒါပေမယ့် ပြောစရာရှိတာကိုတော့ အစကတည်းက နင့်ကို ပွင့်ပွင့်လင်းလင်း ပြောထားရဦးမယ်။ စိတ်မပူနဲ့ မေမေ ကြားရမှာမဟုတ်ဘူး။ ဒီမယ်၊ နင် ငါတို့အိမ်ကို သဘောကျလိမ့်မယ်လို့ ငါ ထင်တယ်။ နင် ငါ့အခန်းကိုလည်း

mgyoe.com

mgyoe.com SAMPLE BOOK

သဘောကျမှာပဲ။ နောက်ပြီး နင် အဲဒီမှာ နေရမှာ။ ဗီဒိုလို ဟာမျိုးထဲမှာ နေရမှာ မဟုတ်ဘူး။ ပြီးတော့ ငါတို့ ခမ်းနားကြီးကျယ်တဲ့ အရာတွေကိုလည်း ကြီးပြင်းလာတဲ့ ကာလတစ်လျှောက်လုံး အတူတူ လုပ်ဆောင်ကြမယ်။ တစ်ခုပဲ ရှိတယ်။ တစ်ခါ တလေမှာ အဲ. . . " သူက လှစ်ခနဲ နောက်ပြန်လှည့်ကြည့်လိုက်တယ်။ နောက်တော့ သူက အသံကို ထပ်နှိမ့်ချလိုက်ပြီး ဆက်ပြောတယ်။ "တချို့နေ့တွေမှာ ငါက ကျန်း မာရေးမကောင်းလို့ ဖြစ်မယ်ထင်တယ်။ ငါလည်း မသိဘူး။ ဒါပေမယ့် တစ်ခုခုတော့ ဖြစ်ပျက်နေတာပဲ။ ဘာမှန်းတော့ ငါလည်း မပြောတတ်ဘူး။ အဲဒါက ဆိုးသလား ဆိုတာတောင် ငါ မသိဘူး။ ဒါပေမယ့် တစ်ခါတလေတော့ အရာရာက ပြန်ကောင်း လာတာပါပဲ။ ငါ့ကို အထင်မလွဲလိုက်နဲ့ဦး။ နင်ကတော့ ဘာမှခံစားရမှာ မဟုတ်ဘူး။ ဒါပေမယ့် ငါက နင့်ကို ပွင့်ပွင့်လင်းလင်း ပြောထားချင်လို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက ရုပ်ဝတ္ထုတွေ ဘယ်လောက်ပြီးပြည့်စုံတယ် ဆိုတာကိုပဲ ပြောပြီး ပြောသင့် တာကိုကျတော့ ပွင့်ပွင့်လင်းလင်း မပြောတတ်ကြဘူး။ အဲဒီလို အခါမျိုးမှာ ဘယ် လောက် ခံစားရခက်တယ်ဆိုတာကို နင် နားလည်ပါတယ်။ ဒါကြောင့်လည်း အခု နင့်ကို ပြောပြနေတာပေါ့။ ငါနဲ့ လိုက်နေချင်သေးတယ် မဟုတ်လား။ ပြောစမ်းပါဦး။ နင် ငါ့အခန်းကို သဘောကျမှာပါ။ ငါ သိနေတယ်။ နောက်ပြီး နေဝင်သွားတာကိုလည်း နင် မြင်ရဦးမယ်။ နောက်ဆုံးတစ်ခေါက် တွေ့ကြတုန်းက နင့်ကို ပြောခဲ့သလိုပေါ့။ နင် လိုက်နေချင်သေးတယ် မဟုတ်လား ဟင်"

မှန်တစ်ချပ် ခြားနေလျက်က ကျွန်မ သူ့ကို ခေါင်းညိတ်ပြလိုက်တယ်။ ကျွန်မ တတ်မြောက်ထားသမျှထဲက အလေးနက်ဆုံး ဟန်ပန်နဲ့ ကျွန်မ ခေါင်းညိတ် ပြလိုက်တယ်။ ကျွန်မ သူ့ကို ပြောပြချင်သေးတယ်။ တကယ်လို့သာ သူ့အိမ်မှာ အခက်အခဲ တစ်စုံတစ်ရာတွေ့ခဲ့ရင်၊ ထိတ်လန့်စရာ တစ်စုံတစ်ရာ ကြုံလာခဲ့ရင် ကျွန်မတို့ အဲဒါကို အတူတကွ ဖြတ်ကျော်ကြမယ်။ ဒါပေမယ့် အဲဒီလို ရှုပ်ထွေးတဲ့ သတင်းစကားတစ်ခုကို စကားလုံးမသုံးဘဲ မှန်ချပ်ကို ကျော်ပြီး သူ့ဆီ ဘယ်လို အရောက်ပို့ရမှန်း မသိခဲ့ဘူး။ ဒါနဲ့ ကျွန်မ လက်ဖဝါးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ရင်း အထက်ကိုမြှောက်ပြီး နည်းနည်း လှုပ်ယမ်းလိုက်တယ်။ အဲဒီ လက်ဟန် အမူအရာကို တက္ကစီသမားတစ်ယောက်ဆီက တွေ့ထားခဲ့တာ။ လူသွားစင်္ကြံပေါ်မှာ လျှောက်နေတဲ့ လူတစ်ယောက်က သူ့ကို လက်လှမ်းပြလိုက်တဲ့အချိန်မှာ သူက တက္ကစီထဲမှာ ထိုင်ရင်း အဲဒီလို လုပ်ပြခဲ့တာပဲ။ ကားရဲ့ လက်ကိုင်ဘီးကိုတော့ သူ လက်လွှတ်လိုက်ရတာပေါ့။ ဂျိုစီက အဲဒီအမူအရာကို ဘယ်လို နားလည်လိုက်သလဲ

mgyoe.com

mgyoe.com SAMPLE BOOK

တော့ မသိဘူး။ ဒါပေမယ့် သူ့ကိုတော့ ပျော်ရွှင်အောင် လုပ်နိုင်လိုက်သလိုပဲ။

"ကျေးဇူးပဲ" သူက ပြောတယ်။ "ငါ့ကို အထင်မလွဲလိုက်နဲ့နော်။ အဲဒါက အဆိုးကြီး မဟုတ်နိုင်ပါဘူး။ ငါကိုက အဆိုးမြင်နေတာလား မပြောတတ်ဘူး"

အဲဒီအချိန်မှာပဲ အမေက လှမ်းခေါ်ပြီး ကျွန်မတို့ဆီ လျှောက်လာတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့အကြား ခရီးသွားဧည့်သည်တွေ ရှိနေသေးတော့ ဂျိုစီအနေနဲ့ စကားကို မြန်မြန်ပြောဖို့ အချိန်ရလိုက်သေးတယ်။ "ငါ မကြာခင်ပဲ ပြန်လာခဲ့မယ်။ တကယ် ငါ ကတိပေးတယ်။ ဖြစ်နိုင်ရင် မနက်ဖြန်လာမယ်။ ဒီနေ့အတွက်တော့ ဘိုင့်ဘိုင်နော်"

❑

နောက်တစ်နေ့မှာ ဂျိုစီ ရောက်မလာခဲ့ဘူး။ နောက်တစ်နေ့ရဲ့ နောက်တစ်နေ့မှာရောပဲ။ ဒုတိယအပတ်အလယ်လောက်ရောက်တော့ ကျွန်မတို့ရဲ့ အလှည့်က အဆုံးသတ်သွားတယ်။

ကျွန်မတို့ရဲ့ အခွင့်ကာလအတွင်းမှာ မန်နေဂျာက ကျွန်မတို့ကို နွေးနွေးထွေးထွေးနဲ့ အားတက်သရော ဆက်ဆံခဲ့တယ်။ အစင်းကျားဆိုဖာမှာ အခန့်သင့်ထိုင်ပြီး ယင်းလိပ်တံခါးကြီး မြောက်တက်သွားမှာကို စောင့်နေတဲ့ မနက်ခင်းတိုင်းမှာ သူက ကျွန်မတို့ကို အခုလိုမျိုး ပြောတတ်တယ်။ "နင်တို့နှစ်ယောက်စလုံး မနေ့က သိပ်ကို ချီးကျူးဖို့ ကောင်းတာပဲ။ ဒီနေ့လည်း နင်တို့ အဲဒီလို လုပ်နိုင်ကြမှာပါ" နောက်ပြီး နေ့တစ်နေ့ ကုန်ဆုံးသွားရင်လည်း သူက ကျွန်မတို့ကို ပြုံးပြီး ပြောတယ်။ "တော်လိုက်တာ။ နင်တို့ နှစ်ယောက်စလုံးပဲ။ ငါ သိပ်ဂုဏ်ယူတယ်" ဒီတော့ ကျွန်မတို့တွေ ဘာမှ အမှားမလုပ်ခဲ့ကြဘူးလို့ ကျွန်မ ယူဆလိုက်မိတာပေါ့။ ဒါကြောင့် ကျွန်မတို့ရဲ့ နောက်ဆုံးနေ့ ယင်းလိပ်တံခါးကြီး ကျလာတဲ့အခါမှာ ကျွန်မ မန်နေဂျာရဲ့ ချီးကျူးစကားကို အရင်လို စောင့်နေခဲ့မိတယ်။ အတော်တော့ ထူးဆန်းတာပဲ။ ယင်းလိပ်တံခါးကို သော့ခတ်ပြီးသွားတော့ သူက ကျွန်မတို့ကိုတောင် မစောင့်ဘဲ မပြောမဆိုနဲ့ လှည့်ထွက်သွားတော့တယ်။ ရိုဆာက နားလည်ရခက်နေတဲ့ ပုံမျိုးနဲ့ ကျွန်မကို လှမ်းကြည့်တယ်။ ကျွန်မတို့ အစင်းကျားဆိုဖာပေါ်မှာ အူတိအူကြောင်နဲ့ ကျန်ရစ်ခဲ့တော့တာပေါ့။ ဒါပေမယ့် ယင်းလိပ်တံခါးကြီးပိတ်သွားပြီ ဆိုတာနဲ့ မှောင်အတိနီးပါး ဖြစ်သွားတာဆိုတော့ ခဏလောက်အကြာမှာ ကျွန်မတို့ မတ်တတ်ထရပ်ပြီး ကြမ်းပြင်အောက် ဆင်းလာလိုက်တယ်။

ကျွန်မတို့ ဆိုင်အတွင်းဘက်ကို မျက်နှာမူထားလိုက်ကြတယ်။ အဲဒီအချိန်

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်နောက်ကျောမှာ ရှိတဲ့ မှန်စားပွဲအထိ ကျွန်မ တစ်ဆုံး မြင်နေရတယ်။ ဒါပေမယ့် ကျွန်မရဲ့ မြင်ကွင်းက အကန့် ၁၀ ကန့် ကွဲနေတယ်။ ကျွန်မရဲ့ အရှေ့မှာ ရှိနေတဲ့ မြင်ကွင်းကြီးက အရင်လို တစ်ခုတည်း ဖြစ်မနေတော့ဘူး။ အရှေ့ဘက် နံရံထွင်း မှန်ခန်းက မျှော်လင့်ထားတဲ့အတိုင်း ညာဘက်ဆုံး အကန့်ထဲမှာ ပေါ်နေတယ်။ ဒါပေမယ့် အဲဒီမှန်ခန်းနဲ့ အနီးဆုံးမှာရှိတဲ့ မဂ္ဂဇင်းစားပွဲကြီးကတော့ အကန့်တွေ အများကြီးမှာ အပိုင်းလိုက်၊ အပိုင်းလိုက် ရှိနေကြတယ်။ စားပွဲရဲ့ အစိတ်အပိုင်း တစ်ခုကို ဘယ်ဘက်ဆုံးအကန့်ထဲမှာထိ မြင်နေရတယ်။ အခုချိန်မှာ အခန်းမီးကို မှိန်ထားလိုက်ပြီ။ တခြား AF တွေကို အကန့်ပေါင်းများစွာရဲ့ နောက်ကျောဘက်မှာ နံရံကိုမှီရင်း အိပ်ဖို့ ပြင်ဆင်နေကြတာကို တွေ့ရတယ်။ ဒါပေမယ့် ကျွန်မရဲ့ အာရုံ စူးစိုက်မှုက အလယ်ခေါင် အကန့်သုံးကန့်ကို ရောက်နေတယ်။ အဲဒီအချိန်မှာ မန်နေဂျာက ကျွန်မတို့နှစ်ယောက်ဘက်လှည့်ဖို့ လုပ်နေတာမို့ အဲဒီလှုပ်ရှားမှုတွေက အဲဒီ အကန့်သုံးကန့်ထဲမှာ ထင်ပေါ်နေတယ်။ အကန့်တစ်ကန့်ထဲမှာတော့ သူ့ရဲ့ ခါးကနေ လည်ပင်းအထိ ကိုယ်အထက်ပိုင်းကို တွေ့မြင်နေရတယ်။ အဲဒီအကန့်ရဲ့ ဘေးကပ်လျက် အကန့်မှာတော့ သူ့မျက်လုံးနှစ်လုံးနဲ့ ပြည့်သလောက်နီးနီး ဖြစ်နေ တယ်။ ကျွန်မတို့နဲ့ အနီးဆုံးမှာရှိတဲ့ မျက်လုံးက တခြားတစ်လုံးထက် ပိုကြီးနေတယ်။ ဒါပေမယ့် နှစ်လုံးစလုံးမှာ ကြင်နာမှုတွေ၊ ဝမ်းနည်းမှုတွေနဲ့ ပြည့်နှက်လို့။ နောက်ပြီး တတိယအကန့်မှာတော့ သူ့ရဲ့ မေးရိုးတစ်စိတ်တစ်ပိုင်းနဲ့ ပါးစပ်ကို ပြသနေတယ်။ အဲဒီမှာ ဒေါသနဲ့ စိတ်ညစ်ညူးမှုကို ကျွန်မ သတိပြုမိတယ်။ အဲဒီနောက် သူ လုံးလုံး လှည့်လာပြီး ကျွန်မတို့ဆီ လျှောက်လာနေတယ်။ အဲဒီအခါမှာတော့ မြင်ကွင်းက အရင်ကလို တစ်လုံးတစ်ခဲတည်း ပြန်ဖြစ်သွားရော။

"ကျေးဇူးပဲ၊ နှစ်ယောက်စလုံးကိုပါ" သူက ပြောတယ်။ သူက လက်နှစ် ဖက်ကို ဆန့်တန်းလိုက်ပြီး ကျွန်မတို့ကို နူးညံ့ညင်သာစွာ လှမ်းကိုင်လိုက်တယ်။ "အရမ်းကို ကျေးဇူးတင်တယ်"

အဲဒီလို ဆိုပေမယ့်လည်း တစ်စုံတစ်ခု ပြောင်းလဲသွားတာကို ကျွန်မ ခံစားသိနေမိတယ်။ ကျွန်မတို့က သူ့ကို စိတ်ပျက်အောင် တစ်နည်းတစ်ဖုံ လုပ်ခဲ့မိ သလိုပဲ။

❑

ဆိုင်အလယ်ခေါင်မှာ ဒုတိယအကြိမ်မြောက် ပြန်နေရတဲ့အချိန်မှာ ကျွန်မ နဲ့ ရိုဆာက ရုံဖန်ရံခါ အတူတကွ ရှိနေကြတုန်းပဲ။ ဒါပေမယ့် အခုဆိုရင် မန်နေဂျာက

mgyoe.com

ကျွန်မတို့ရဲ့ နေရာတွေကို အပြောင်းအရွှေ့ လုပ်ထားတယ်။ ကျွန်မက ကောင်လေး AF ရက်ခ်စ်၊ ဒါမှမဟုတ် ကောင်မလေး AF ကီကူရဲ့ နံဘေးမှာ တစ်ရက် သွားရပ်ပေးရတယ်။ ဒါပေမယ့် ရက်အများစုမှာတော့ ကျွန်မ ပြတင်းပေါက်ရဲ့ တစ်စိတ်တစ်ဒေသကို တွေ့မြင်နေရတုန်းပဲ။ ဒါကြောင့် ပြင်ပလောကအကြောင်းကို ဆက်လက် သင်ယူခွင့် ရနေခဲ့တယ်။ ဥပမာပြောရရင် 'ကုတင်း' စက်ကြီး ရောက်လာတဲ့ အချိန်တုန်းက ကျွန်မဟာ မဂ္ဂဇင်းစားပွဲကြီးရဲ့နံဘေး၊ အလယ် နံရံထွင်းမှန်ခန်းရဲ့ အရှေ့တည့်တည့်မှာ ရှိနေခဲ့တယ်။ အဲဒီနေရာမှာက ပြတင်းပေါက်နား ရှိနေရတဲ့ အတိုင်း ပြင်ပမြင်ကွင်းကို ကောင်းကောင်းကြီး တွေ့မြင်နေရတယ်။

အဲဒီ 'ကုတင်း' စက်ကြီးက ပုံမှန်မဟုတ်တဲ့ အထူးအဆန်းတစ်ခုခုတော့ လုပ်တော့မှာပဲဆိုတာ သိသာထင်ရှားနေပြီ။ ပထမပိုင်းမှာတော့ လမ်းပြင်သမားတွေ ရောက်လာပြီး ပြင်ဆင်မှုတွေ ပြုလုပ်ကြတယ်။ လမ်းမကြီးပေါ်မှာ သစ်သားအကာတွေနဲ့ ကန့်သတ်နယ်မြေတစ်ခု သတ်မှတ်လိုက်ကြတယ်။ တက္ကစီသမားတွေကတော့ အဲဒါကို နည်းနည်းမှ သဘောမတွေ့ကြဘူး။ သူတို့ရဲ့ ဟွန်းတွေနဲ့ တပီပီတပေါ်ပေါ် လုပ်လို့ ဆူညံနေတာပဲ။ နောက်တော့ လမ်းပြင်သမားတွေက လမ်းကို ထိုးခွဲပြီး စတူးကြတော့တယ်။ လူသွားစင်္ကြံရဲ့ တစ်စိတ်တစ်ပိုင်းတောင် ပါသွားသေးတယ်။ အဲဒီလုပ်ရပ်ကြောင့် ပြတင်းပေါက်နားက AF နှစ်ယောက်ခမျာ လန့်ဖျပ်လို့၊ အသံတွေက တကယ့်ကို နားမခံသာအောင် ဖြစ်လာတဲ့အခါမှာ ရိုဆာက နားတွေကို သူ့လက်နှစ်ဖက်နဲ့ ဖုံးပိတ်ထားတယ်။ ဆိုင်ထဲ ဈေးဝယ်တွေ ဝင်လာရင်တောင် သူက နားတွေကို ပိတ်မြဲပိတ်ထားဆဲပဲ။ မန်နေဂျာက ဆိုင်ထဲဝင်လာသမျှ ဈေးဝယ်တွေကို အနူးအညွတ် တောင်းပန်နေရှာတယ်။ တကယ်တော့ အပြင် ဆူညံသံက ကျွန်မတို့နဲ့ ဘာမှ ဆိုင်တာမှ မဟုတ်ဘဲ။ တစ်ခါတော့ ဈေးဝယ်တစ်ယောက်က အပြင်ဘက်က လမ်းပြင်သမားတွေကို လက်ညှိုးတထိုးထိုးနဲ့ လေထုညစ်ညမ်းမှု အကြောင်း စပြောလာတယ်။ လေထုညစ်ညမ်းမှုက အားလုံးအတွက် ဘယ်လောက်တောင် အန္တရာယ်ကြီးကြောင်းတွေပေါ့။ 'ကုတင်း' စက်ကြီး စရောက်ခါစကဆော့ ကျွန်မက အဲဒီစက်ကြီးကို လေထုညစ်ညမ်းမှု ကာကွယ်ဖို့ သုံးတဲ့ စက်ကြီးလို့ ထင်ထားခဲ့တာ။ ဒါပေမယ့် ရက်ခ်စ်က မဟုတ်ဘူးတဲ့။ အဲဒီပစ္စည်းက ညစ်ညမ်းမှုတွေ ပိုထွက်အောင် တကူးတက တီထွင်ဖန်တီးထားတာဆိုပဲ။ ကျွန်မ သူပြောတာ မယုံပါဘူး။ ဒီတော့ သူက ပြောတယ်။ "ကောင်းပြီလေ ကလာရာ။ စောင့်ကြည့်ကြသေးတာပေါ့"

mgyoe.com SAMPLE BOOK

တကယ့်ကိုပဲ သူ မှန်နေတာ တွေ့လိုက်ရတယ်။ 'ကုတင်း' စက်ကြီး (ကျွန်မရဲ့စိတ်ထဲမှာ ဘာကြောင့် အဲဒီလို နာမည်ပေးလိုက်သလဲဆိုတော့ အဲဒီစက်ကြီးရဲ့ ဘေးဘက်မှာ စာလုံးအကြီးကြီးနဲ့ Cootings ကုတင်းလို့ ရေးထားတာကြောင့်ပါ) က အလုပ်လုပ်တဲ့အခါမှာ အသံစူးစူးကြီး ထွက်နေတယ်။ လွန်ပူတွေလောက်တော့ မဆိုးဘူး။ မန်နေဂျာရဲ့ ဖုန်စက်ထက်လည်း ပိုပြီး ကြောက်စရာမကောင်းဘူး။ ဒါပေမယ့် သူ့ရဲ့ အမိုးပေါ်ကနေ ထိုးထွက်နေတဲ့ ခေါင်းတိုင်တိုတိုလေး သုံးခုက မီးခိုးတွေ အဆက်မပြတ် မှုတ်ထုတ်နေတတ်တယ်။ စစချင်းမှာတော့ အဖြူရောင်အငွေ့စိုင်လေးတွေပဲ။ နောက်တော့ တဖြည်းဖြည်း ညစ်သထက် ညစ်လာတယ်။ နောက်ဆုံးကျတော့ တိမ်စိုင်တွေလို တစ်ဆုပ်စီ တစ်ဆုပ်စီ ဖြစ်မနေတော့ဘဲ ညစ်ထေး ထူထပ်တဲ့ မီးခိုးတန်းကြီးလို အဆက်မပြတ် ထွက်နေတော့တယ်။

နောက်တစ်ကြိမ် ကျွန်မ ကြည့်လိုက်တဲ့အခါမှာ အပြင်ဘက် လမ်းမတန်းကြီးကို ဒေါင်လိုက် အကန့်ပေါင်းများစွာနဲ့ ခွဲခြားထားသလို တွေ့မြင်နေရတယ်။ ကျွန်မရဲ့ နေရာကနေ ကြည့်မယ်ဆိုရင် ကိုယ်ကို အရှေ့ဘက် မယိုဘဲနဲ့တောင် အကန့်သုံးကန့်ကို ရှင်းရှင်းကြီး တွေ့မြင်နေရတယ်။ မီးခိုးရဲ့ ညစ်ထေးမှုအတိုင်း အတာက အကန့်တစ်ကန့်နဲ့တစ်ကန့် ကွာခြားမှု ရှိနေကြတယ်။ မီးခိုးရောင် အနုအရင့်ကို ရောင်စဉ်တန်းထားသလိုပဲ။ ဒါပေမယ့် မီးခိုးတွေ သိပ်သည်းမှု အမြင့်ဆုံးရှိနေတယ်ဆိုတဲ့ နေရာမျိုးမှာတောင် ကျွန်မက အသေးစိတ် အချက်အလက်တွေကို ရွေးထုတ်နိုင်ပါသေးတယ်။ ဥပမာ အကန့်တစ်ကန့်မှာ လမ်းပြင်သမားတွေရဲ့ သစ်သားအကာကို တွေ့နေရတယ်။ အဲဒါက တက္ကစီတစ်စီးရဲ့ အရှေ့ပိုင်းနဲ့ တွဲယှက်နေတယ်လို့တောင် ထင်ရတယ်။ သူ့ကပ်လျက် အကန့်ထဲမှာတော့ သံတိုင်ကြီးတစ်တိုင်က အဲဒီအကန့်ရဲ့ အထက်ပိုင်းကို ကန့်လန့်ဖြတ်ထားသလို ဖြစ်နေတယ်။ အဲဒီသံတိုင်ကြီးက မီးပွိုင့်တစ်ခုရဲ့ သံတိုင်ပဲဆိုတာကို ကျွန်မ မှတ်မိနေတယ်။ တကယ်ဆို ဒီထက် နီးနီးကပ်ကပ် ထပ်ကြည့်လိုက်ရင် မီးပွိုင့်ပေါ်မှာ နားနေကြတဲ့ ငှက်တစ်ကောင်ရဲ့ အနက်ရောင် အနားစွန်းကိုတောင် ကျွန်မ ခွဲခြားပေးနိုင်သေးတယ်။ တစ်ခါမှာတော့ အပြေးသမားတစ်ယောက်က အကန့်တစ်ကန့်ကနေ နောက်တစ်ကန့်ကို ဖြတ်ပြေးသွားတာ တွေ့မြင်လိုက်ရတယ်။ သူ အဲဒီလို ဖြတ်ကူးသွားတဲ့အခါမှာ သူ့ရဲ့ အရွယ်အစားတင်မကဘဲ သူ့ရဲ့ အပြေးလမ်းကြောင်းပါ ပြောင်းလဲသွားတယ်။ နောက်တော့ လေထုညစ်ညမ်းမှုက ဘယ်လောက်တောင် ဆိုးလာသလဲဆိုရင် မဂ္ဂဇင်းစားပွဲရဲ့ အနားကနေတောင် လစ်ဟာနေတဲ့ မိုးကောင်းကင်ကို ထုံးဝ

mgyoe.com

m.gyoe.com SAMPLE BOOK

မတွေ့မမြင်ရတော့ဘူး။ မန်နေဂျာအတွက် ဂုဏ်ယူစွာနဲ့ သန့်ရှင်းရေးလုပ်ပေးထားတဲ့ ပြတင်းပေါက်တောင်မှ အမှိုက်မှုန့်တွေနဲ့ ဖုံးအုပ်သွားခဲ့ပြီ။

သူတို့အလှည့် ရောက်ဖို့အတွက် အကြာကြီး စောင့်ဆိုင်းခဲ့ရတဲ့ ပြတင်းပေါက်နားက ကောင်လေး AF နှစ်ယောက်အတွက် ကျွန်မ စိတ်မကောင်းဖြစ်မိတယ်။ သူတို့က အဲဒီမှာ ကိုယ်နေဟန်ထားအပြည့်နဲ့ ထိုင်မြဲ ထိုင်နေကြတုန်းပဲ။ ဒါပေမယ့် တစ်ခါမှာ သူတို့ထဲက တစ်ယောက်က လက်ကိုမြှောက်ပြီး သူ့မျက်နှာကို လှမ်းကာလိုက်တာ ကျွန်မ တွေ့လိုက်ရတယ်။ အပြင်က အမှုန်အမွှားတွေက မှန်ကိုဖြတ်ပြီး သူ့ဆီ ရောက်လာတော့မယ်အတိုင်းပဲ။ မန်နေဂျာက သူတို့အနား တိုးကပ်သွားပြီး သူ့ကို တိုးတိုးတိတ်တိတ်နဲ့ နှစ်သိမ့်စကား ပြောနေတယ်။ သူ့အလှပြစင်ပေါ်က ဆင်းလာပြီး ဘီးတပ်မှန်ဗီရိုထဲက လက်ပတ်တွေကို နေရာပြန်ချနေတော့ သူ တော်တော်ကို စိတ်ဆင်းရဲနေတာ ကျွန်မ တွေ့မြင်နိုင်ခဲ့တယ်။ သူက အပြင်ဘက်ထွက်ပြီး အဲဒီလမ်းပြင်သမားတွေနဲ့ စကားသွားပြောသင့်တယ် ထင်တာပဲ။ ဒါပေမယ့် နောက်တော့ သူက ကျွန်မတို့ကို သတိထားမိသွားပြီး ပြုံးပြရင်း ပြောတယ်။

"အားလုံး နားထောင်ကြစမ်းပါဦး။ အတော်ကို ကံမကောင်းဘူးလို့ပဲ ပြောရမယ်။ ဒါပေမယ့် ဘာမှ စိတ်ပူနေစရာ မလိုပါဘူး။ ငါတို့ ရက်အနည်းငယ်လောက်တော့ သည်းခံကြရဦးမှာပေါ့။ ပြီးတော့ ပြီးသွားမှာပါပဲ"

ဒါပေမယ့် နောက်တစ်နေ့နဲ့ နောက်တစ်နေ့ရဲ့ နောက်တစ်နေ့မှာလည်း 'ကုတင်း' စက်ကြီးက လုပ်မြဲ လုပ်နေတုန်းပဲ။ နေ့အချိန်က ညနဲ့ ဘာမှမထူးတော့သလောက် ဖြစ်သွားတယ်။ တစ်ခါသားမှာ ကြမ်းပြင်ပေါ်၊ နံရံထွင်းမှန်ခန်းပေါ်နဲ့ နံရံပေါ်က နေပြောက်တွေကို ကျွန်မ ရှာကြည့်မိတယ်။ ဒါပေမယ့် သူတို့ အဲဒီမှာ မရှိကြတော့ဘူး။ ကျွန်မ သဘောပေါက်ပါတယ်။ နေမင်းကြီးကတော့ သူ တတ်စွမ်းသလောက် အစွမ်းကုန် ကြိုးစားနေတာပါပဲ။ မီးခိုးတွေက အရင်ကထက် ပိုဆိုးလာတာတောင်မှ ကြောက်စရာကောင်းတဲ့ ဒုတိယမြောက် နေ့လယ်ခင်းကုန်ခါနီးလောက်မှာ သူ့ရဲ့အပြောက်အမွှမ်းတွေက နောက်တစ်ဖန် ထွက်ပေါ်လာကြတယ်။ ဒါပေမယ့် ခပ်မှုန်မှုန်လောက်ပဲပေါ့။ ကျွန်မ စိုးရိမ်လာတာနဲ့ ကျွန်မတို့ လိုအပ်တဲ့ ဩဇာဓာတ်တွေ အားလုံးကို ရနေတုန်းပဲလားလို့ မန်နေဂျာကို မေးကြည့်မိတယ်။ သူက ရယ်ပြီး ပြောတယ်။ "အဲဒီဆိုးရွားတဲ့ဟာကြီးက အရင်က ဒီကို အကြိမ်ကြိမ် ရောက်ခဲ့ဖူးပြီးပြီ။ ဒီဆိုင်ထဲက ဘယ်သူမှ ဒုက္ခရောက်မသွားခဲ့ပါဘူး။ ဒါကြောင့် စိတ်ထဲမထားပါနဲ့ ကလာရာ"

m.gyoe.com

mgyoe.com SAMPLE BOOK

ညစ်ညမ်းတဲ့ လေထုထဲမှာ လေးရက်ဆက်တိုက် နေခဲ့ရပြီးတဲ့နောက် ကျွန်မကိုယ်ကျွန်မ နုံးချိလာတယ်လို့ ခံစားသိရှိနိုင်တယ် ဆိုပေမယ့်လည်း ကျွန်မ အဲဒါကို ထုတ်မပြဖို့ ကြိုးစားခဲ့တယ်။ အထူးသဖြင့် ဆိုင်ထဲမှာ ဈေးဝယ်တွေရှိနေတဲ့ အခါမျိုးပေါ့။ ဒါပေမယ့် 'ကုတင်း' စက်ကြီးကြောင့် ထင်တယ်။ အခုဆို အကြာကြီး ကြာသွားတာတောင်မှ ဈေးဝယ် တစ်ယောက်တလေတောင် မတွေ့ရတော့ဘူး။ တစ်ခါတစ်ရံကျရင် ကျွန်မ လျှောတိလျှောရဲ ရပ်နေတတ်လို့ ရက်ခ်စ်က ကျွန်မကို လက်တို့ပြီး ပြန်မတ်ခိုင်းလေ့ ရှိတယ်။

တစ်နေ့မနက်မှာတော့ ယင်းလိပ်တံခါးကြီး တက်သွားတဲ့အခါမှာ 'ကုတင်း' စက်ကြီးထင်မကဘဲ ကန့်သတ်နယ်မြေကြီးတစ်ခုလုံးပါ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားတယ်။ လေထုညစ်ညမ်းမှု ဆိုတာလည်း မရှိတော့ဘူး။ ကောင်းကင် ဟင်းလင်းပြင်ကြီး ပြန်ရောက်လာတယ်။ ကြည်လင်ပြာတောက်လို့။ နေမင်းကြီးက လည်း သူ့ရဲ့ ဩဇာဓာတ်တွေကို ဆိုင်ထဲ သွန်းလောင်းပေးနေတယ်။ တက္ကစီတွေလည်း အရင်ကလိုပဲ ချောချောမွေ့မွေ့နဲ့ ရွေ့လျားနေကြတယ်။ ကားဆရာတွေက ပျော်လို့။ အပြေးသမားတွေတောင် အပြုံးတွေနဲ့ ဖြတ်သွားကြတယ်။ 'ကုတင်း' စက်ကြီး ရှိနေတဲ့ ကာလတစ်လျှောက်လုံး ဂျိုစီများ ဆိုင်ကို ပြန်လာဖို့ ကြိုးစားလေမလား၊ လေထုညစ်ညမ်းမှုက သူ့ကို တားဆီးထားလေမလားလို့ ကျွန်မ စိုးရိမ်နေခဲ့မိတယ်။ ဒါပေမယ့် အခုတော့ လွန်သွားခဲ့ပြီလေ။ ဆိုင်ထဲရော ဆိုင်ပြင်ရော၊ အားလုံး တက်ကြွ လန်းဆန်းနေကြတယ်။ ကျွန်မ အာရုံရနေတယ်။ တကယ်လို့သာ ဂျိုစီဟာ တစ်နေ့နေ့ ဒီကို ပြန်လာခဲ့မယ်ဆိုရင် အဲဒီနေ့က ဒီနေ့ပဲ ဖြစ်ရတော့မယ်။ ဒါပေမယ့် နေတော်တော်စောင်းသွားတဲ့အချိန်မှာ ကျွန်မ သဘောပေါက်လာတယ်။ အတော်ကို အကြောင်းအကျိုး မဆီလျော်တဲ့ အတွေးပါလားလို့။ ကျွန်မ ဂျိုစီကို လမ်းမပေါ်မှာ ရှာဖွေနေတာကို ရပ်ပစ်လိုက်တယ်။ အဲဒီအစား ပြင်ပလောကအကြောင်းကို ပိုပြီး သင်ယူနိုင်ဖို့ အာရုံကို စုစည်းထားလိုက်တော့တယ်။

❑

'ကုတင်း' စက်ကြီး ထွက်သွားပြီး နှစ်ရက်အကြာမှာ ဆံပင်တိုနံ့နံ့ ထိုးထိုး ထောင်ထောင်နဲ့ ကောင်မလေးတစ်ယောက် ဆိုင်ထဲ ဝင်လာတယ်။ အသက် ၁၂ နှစ်ခွဲလောက် ရှိမယ်လို့ ကျွန်မ ခန့်မှန်းမိတယ်။ အဲဒီမနက်မှာ သူက အစိမ်းတောက် ရောင် ဂျိုင်းပြတ်အင်္ကျီနဲ့ အပြေးသမားတစ်ယောက်လို ဝတ်စားထားတယ်။ သူ့ရဲ့ ပိန်သွယ်သွယ် လက်နှစ်ဖက်က ပခုံးအထိပေါ်လို့။ ရှိုးရှိုးရှဲ့ဝတ်စုံဝတ်ထားတဲ့ ရာထူး

mgyoe.com SAMPLE BOOK

အတော်ကြီးပုံရတဲ့ သူ့အဖေနဲ့ အတူ ဆိုင်ထဲ ဝင်လာတယ်။ အစောပိုင်းမှာတော့ သူတို့ ဆိုင်ထဲမှာ ဟိုဟိုဒီဒီလျှောက်ကြည့်ပြီး ဘာတစ်ခွန်းမှမပြောကြဘူး။ ကောင်မလေးက ဆိုင်အရှေ့ပိုင်း ပြန်မသွားခင်မှာ ကျွန်မကို ဖျတ်ကနဲ လှမ်းကြည့်သွားရုံပဲ ဆိုပေမယ့် သူ ကျွန်မကို စိတ်ဝင်စားနေတယ် ဆိုတာကိုတော့ ကျွန်မ ချက်ချင်း သတိထားမိလိုက်တယ်။ ဒါပေမယ့် တစ်မိနစ်လောက်အကြာမှာ သူ ပြန်ရောက်လာပြီး ကျွန်မ ရပ်နေတဲ့ နေရာရဲ့ အရှေ့မှာရှိတဲ့ ဘီးတပ်မှန်ဗီဒိုထဲက လက်ပတ်တွေကို စိတ်ဝင်စားချင်ယောင် ဆောင်နေတယ်။ နောက်တော့ သူ့အဖေနဲ့ မန်နေဂျာက သူ့ကို စောင့်ကြည့်နေသလားလို့ လှမ်းရှိုးလိုက်ပြီး သူ့ရဲ့ ကိုယ်လုံးလေးနဲ့ ဘီးတပ်မှန်ဗီရိုကို အရှေ့ဘက် တစ်လက်မ၊ နှစ်လက်မလောက် ရွေ့သွားအောင် ဖိတွန်းချလိုက်တယ်။ သူက အဲဒီလို လုပ်နေတုန်းမှာ ကျွန်မကို ကြည့်ပြီး သွားဖြဲပြတယ်။ ဘီးတပ်မှန်ဗီဒိုကို တွန်းရွှေ့လိုက်တာဟာ ကျွန်မတို့ နှစ်ယောက်အကြားမှာရှိတဲ့ အထူးလျှို့ဝှက်ချက်ကျနေတာပဲ။ သူက ဘီးတပ်မှန်ဗီဒိုကို သူ့နေရာရောက်အောင် ပြန်ဆွဲလိုက်ပြီး ကျွန်မကို နောက်တစ်ခါ သွားဖြဲပြပြန်တယ်။ ပြီးတော့ ဖေကြီးရေလို့ အော်ခေါ်လိုက်တယ်။ သူ့အဖေက ဆိုင်အနောက်ဘက်မှာရှိတဲ့ မှန်စားပွဲပေါ်မှာ ထိုင်နေတဲ့ AF နှစ်ယောက်ကို စိတ်အဝင်စားကြီး ဝင်စားနေတယ်။ အဖေ့ဆီက တုံ့ပြန်သံမကြားရတော့ ကောင်မလေးက ကျွန်မကို နောက်ဆုံးတစ်ကြိမ် ကြည့်ပြီး အဖေ့ဆီ လျှောက်သွားတော့တယ်။ သူတို့ တိုးတိုးတိုးတိုးနဲ့ စကားတွေ ပြောနေကြတယ်။ ကျွန်မဆီကိုလည်း အဆက်မပြတ် ကြည့်လို့။ သူတို့ ကျွန်မအကြောင်းကို ဆွေးနွေးနေကြတယ်ဆိုတာ သံသယရှိစရာ မလိုတော့ဘူး။ မန်နေဂျာက သတိထားမိသွားတော့ သူ့စားပွဲကနေ ထလာတယ်။ ကျွန်မဘေးနားကို လာရပ်ပြီး သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားတယ်။

သူတို့ရဲ့ တိုးတိုးစကားတွေ အများကြီး ပြောပြီးသွားတဲ့နောက်မှာ ကောင်မလေးက မန်နေဂျာကို ခြေလှမ်းကျဲကျဲနဲ့ ဖြတ်ကျော်သွားပြီး ကျွန်မနဲ့ မျက်နှာချင်းဆိုင်မိကဲ့အထိ လျှောက်လာတယ်။ သူက ကျွန်မရဲ့ တံတောင်ဆစ်တစ်ခုချင်းစီကို ကိုင်ကြည့်တယ်။ နောက်တော့ ကျွန်မရဲ့ ဘယ်ဘက်လက်ကို သူ့ရဲ့ ညာဘက်လက်နဲ့ ဆုပ်ကိုင်လိုက်တယ်။ သူ အဲဒီလို ကိုင်ထားတုန်းမှာ သူ့မျက်လုံးတွေက ကျွန်မမျက်နှာကို ကြည့်လို့။ သူ့ရဲ့ မျက်နှာအမူအရာက အတော်လေး တင်းမာတယ် ဆိုပေမယ့် သူ့လက်က ကျွန်မ့လက်ကို ညင်ညင်သာသာ ဆုပ်ညှစ်ထားတယ်။ အဲဒါက ကျွန်မတို့နှစ်ယောက်အကြားက အခြားသောလျှို့ဝှက်ချက် အသေးစားလေး

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခုပဲ ဖြစ်လိမ့်မယ်လို့ ကျွန်မ နားလည်လိုက်တယ်။ ဒါပေမယ့် ကျွန်မ သူ့ကို ပြုံးမပြခဲ့ဘူး။ ကျွန်မရဲ့ မျက်နှာအမူအရာက ခံစားချက်မဲ့စွာနဲ့ပဲ ကောင်မလေးရဲ့ ထိုးထောင်နေတဲ့ ဆံပင်တွေကိုကျော်ပြီး ဟိုဘက်နံရံပေါ်က စင်နီကြီးတွေကို ငေး ကြည့်နေလိုက်တယ်။ အတိအကျ ပြောရရင်တော့ တတိယအဆင့်မှာ မှောက်လျက် တင်ထားတဲ့ ကြွေကော်ဖီခွက်တွေကိုပေါ့။ ကောင်မလေးက ကျွန်မရဲ့ လက်ကို နောက်ထပ်နှစ်ကြိမ်လောက် ထပ်ညှစ်လိုက်တယ်။ ဒုတိယအကြိမ်မှာတော့ အရင် လောက် မညင်သာတော့ဘူး။ ဒါပေမယ့် ကျွန်မက သူ့ကို ငုံ့မကြည့်ခဲ့သလို ပြုံးလည်း မပြခဲ့ဘူး။

အဲဒီအချိန်မှာတော့ အဖေက အနားကို တိုးကပ်လာတယ်။ ခြေလှမ်းတွေက ဖွဖွကလေးရယ်။ အရေးပါတဲ့ အခါသမယတစ်ခုကို အနှောင့်အယှက်ပေးလိုက်မိမှာ စိုးရိမ်နေသလိုမျိုးပဲ။ မန်နေဂျာလည်း အနားကို တိုးကပ်လာပြီး အဖေရဲ့ အနောက် တည့်တည့်မှာ ရပ်နေတယ်။ ကျွန်မ အဲဒီအချင်းအရာတွေ အားလုံးကို သတိထားမိ နေတယ် ဆိုပေမယ့် ကျွန်မရဲ့ မျက်လုံးတွေကတော့ စင်နီကြီးတွေနဲ့ ကြွေကော်ဖီခွက် တွေမှာပဲ ကျောက်ချထားတယ်။ သူဆုပ်ကိုင်ထားတဲ့ ကျွန်မရဲ့လက်ကိုလည်း တမင် သက်သက် လျော့ရဲရဲ လုပ်ထားလိုက်တယ်။ သူ့ လက်လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်မရဲ့လက်က ကျွန်မဆီ ဖျတ်ခနဲ ပြန်ရောက်လာအောင်လို့ပေါ့။

မန်နေဂျာက ကျွန်မကို စိုက်ကြည့်နေတယ် ဆိုတာကို ကျွန်မ ပိုပိုပြီး သတိထားမိလာတယ်။ နောက်တော့ သူ့ရဲ့ စကားသံကို ကျွန်မ ကြားရတယ်။

"ကလာရာက အတော် တော်ပါတယ်။ သူက ကျွန်မတို့ရဲ့ အကောင်းတကာ့ အကောင်းဆုံးတွေထဲက တစ်ယောက်ပေါ့။ ဒါပေမယ့် ဒီအမျိုးသမီးငယ်လေးက မကြာသေးခင်ကမှ ရောက်ထားတဲ့ မော်ဒယ်အသစ် B3 ကို ပိုပြီး စိတ်ဝင်စားလိမ့်မယ် ထင်တယ်"

"B3 ဟုတ်လား" အဖေက စိတ်လှုပ်ရှားတဲ့အသံနဲ့ ပြောတယ်။ "ခင်ဗျားတို့ ဆီမှာ အဲဒါတွေ ရှိနေပြီလား"

"ကျွန်မတို့ရဲ့ စပလိုင်ယာတွေနဲ့ ထူးကဲဆက်ဆံရေးမျိုး ကျွန်မတို့ ပိုင်ဆိုင် ထားကြပါတယ်။ သူတို့တွေရောက်တာ ဘာမှကြာသေးတာ မဟုတ်ဘူး။ ချိန်ညှိတာ မျိုးတောင် မလုပ်ရသေးဘူး။ ဒါပေမယ့် ရှင်တို့ကို ဝမ်းမြောက်ဂုဏ်ယူစွာနဲ့ ပြပေး နိုင်ပါတယ်"

ဆံပင်ထောင်ထောင်နဲ့ ကောင်မလေးက ကျွန်မလက်ကို နောက်တစ်ကြိမ်

mgyoe.com

m.gyone.com SAMPLE BOOK

ညစ်လိုက်ပြန်တယ်။ "ဒါပေမယ့် ဖေကြီးရယ်၊ သမီး ဒါပဲ လိုချင်တယ်။ သူနဲ့ဆို အတော်ပဲ"

"ဒါပေမယ့် သူတို့မှာ B3 အသစ်တွေ ရှိနေပြီလေ သမီးရယ်။ သမီး အဲဒါတွေကို မကြည့်ချင်ဘူးလား။ သမီးရဲ့ အသိမိတ်ဆွေတွေထဲမှာ ဘယ်သူမှ အဲဒါမျိုး မရှိသေးဘူးနော်"

အတော်လေး ကြာသွားတဲ့အခါမှာမှ သူက ကျွန်မလက်ကို လွှတ်လိုက်တယ်။ ကျွန်မက လက်ကို သူ့သဘောအတိုင်း အနားပြန်ကပ်ပြီး စင်နီကြီးတွေကို ကြည့်မြဲ ကြည့်နေလိုက်တယ်။

"ဒါဆို အဲဒီ B3 အသစ်တွေက ဘာများ ထူးခြားနေလို့လဲ" ကောင်မလေးက သူ့အဖေနား ကပ်သွားပြီး မေးတယ်။

ကျွန်မလက်ကို ကောင်မလေး တွဲထားဆဲအချိန်တုန်းက ကျွန်မ ရှိဆာ အကြောင်းကို မတွေးခဲ့မိဘူး။ ဒါပေမယ့် အခုတော့ ကျွန်မရဲ့ ဘယ်ဘက်မှာ ရပ်နေတဲ့ သူ့ကို သတိထားမိလာတယ်။ ကျွန်မကို တအံ့တဩ ကြည့်လို့။ သူ့ကို ကျွန်မ အကြည့်လွှဲဖို့ ပြောလိုက်ချင်ပေမယ့် ကောင်မလေးရယ်၊ သူ့အဖေရယ်၊ မန်နေဂျာရယ် အနောက်ဘက်ဂိုဒေါင်ထဲ ရောက်မသွားမချင်း စင်နီကြီးတွေကိုပဲ စိုက်ကြည့်နေဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ မန်နေဂျာ ပြောလိုက်တဲ့ စကားတစ်စုံတစ်ရာကြောင့် အဖေ အော်ရယ်လိုက်တာကို ကျွန်မ ကြားလိုက်ရတယ်။ နောက်ဆုံး ကျွန်မ သူတို့ ဘက်ကို လှမ်းကြည့်လိုက်ချိန်မှာတော့ မန်နေဂျာက ဆိုင်ရဲ့ အနောက်ဘက်ဆုံးမှာ ရှိတဲ့ ဝန်ထမ်းများသာဆိုတဲ့ တံခါးကို ဆွဲဖွင့်နေတယ်။

"ကျွန်မကို ခွင့်လွှတ်ပါရှင်" သူက ပြောတယ်။ "ဒီမှာ နည်းနည်းလေး ညစ်ပတ်နေတယ်"

အဖေကပြောတယ်။ "ကျွန်တော် ဒီအထဲကို ဝင်ခွင့်ရတာ အင်မတန်မှ ဂုဏ်ယူဖို့ ကောင်းနေပါပြီ။ ဟုတ်တယ်မို့လား၊ သမီးလေး"

သူတို့ ဝင်သွားကြတယ်။ တံခါးလည်း ပိတ်သွားတယ်။ သူတို့ရဲ့ စကားသံတွေကို ကျွန်မ တစ်လုံးမှ မကြားနိုင်တော့ဘူး။ ဒါပေမယ့် တစ်ခါသားမှာတော့ ဆံပင်ထောင်ထောင်နဲ့ ကောင်မလေးရဲ့ ရယ်မောသံကို ကျွန်မ ကြားလိုက်ရတယ်။ ကျန်တဲ့ တစ်မနက်ခင်းလုံးမှာ အလုပ်ရှုပ်နေခဲ့တယ်။ စောစောက အဖေအတွက် B3 အသစ်ကို ပို့ဆောင်ပေးဖို့ ကုန်ပို့လှော်တွေ ပြင်ဆင်ပြီးသွားတဲ့ အချိန်မှာပဲ နောက်ထပ် နောက်ထပ် ဈေးဝယ်တွေ ထပ်ဝင်လာကြတယ်။ ဒါကြောင့် ညနေရောက်လို့

m.gyone.com

mgyoe.com SAMPLE BOOK

အားလုံး အသက်ဝဝ ရှုနိုင်တဲ့အချိန်ရောက်မှ မန်နေဂျာက ကျွန်မဆီကို ရောက်ရှိလာတယ်။

“ဒီမနက် ငါ နင့်ကို အံ့သြနေတာ၊ ကလာရာ” သူက ပြောတယ်။ “နင်... အဲဒီလို လုပ်လိမ့်မယ်လို့ ငါ ထင်တောင် ထင်မထားဘူး”

“ကျွန်မ တောင်းပန်ပါတယ်”

“နင် ဘယ်လိုဖြစ်ရတာလဲ။ အရင်ကနင်နဲ့ လုံးဝကို မတူတော့ဘူး”

“ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်။ အရှက်ရအောင်လုပ်ဖို့ ကျွန်မ မရည်ရွယ်ပါဘူး။ အဲဒီကလေးအတွက် ကျွန်မဟာ အကောင်းဆုံးရွေးချယ်မှု မဖြစ်နိုင်လောက်ဘူးလို့ပဲ ကျွန်မ တွေးလိုက်မိလို့ပါ”

မန်နေဂျာက ကျွန်မကို စိုက်ကြည့်မြဲ စိုက်ကြည့်နေတယ်။ “နင်ပြောတာ မှန်ကောင်း မှန်နိုင်ပါတယ်” သူက နောက်ဆုံးတော့ ပြောလာတယ်။ “အဲဒီကလေးမလေးက B3 ကောင်လေးနဲ့ ပျော်ရွှင်နေလိမ့်မယ်လို့ ငါ ယုံကြည်တယ်။ အဲဒီလိုဆိုပေမယ့် ... ကလာရာ၊ ငါ အရမ်းအရမ်းကို အံ့သြနေမိတယ်”

“ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်”

“ငါ ဒီတစ်ခါတော့ နင့်ကို ထောက်ခံပါတယ်။ ဒါပေမယ့် ဒုတိယမွိတော့ ထပ်မဖြစ်စေနဲ့။ ဈေးဝယ်တွေကသာ AF ကို ရွေးချယ်ရမှာလေ။ အဲဒါကို ပြောင်းပြန်မယူမိစေနဲ့”

“ကျွန်မ နားလည်ပါတယ်၊ မန်နေဂျာ” နောက်ပြီး ကျွန်မ ညင်ညင်သာသာ ပြောလိုက်တယ်။ “ဒီနေ့ လုပ်ခဲ့တဲ့ လုပ်ရပ်အပေါ် ကျွန်မ ကျေးဇူးတင်ပါတယ်”

“ရပါတယ် ကလာရာ။ ဒါပေမယ့် နင် မှတ်ထားရမှာက နောက်တစ်ခေါက်တော့ အဲဒီလို ထပ်လုပ်မပေးနိုင်ဘူး”

သူ ထွက်ခွာသွားတယ်။ ဒါပေမယ့် နောက်ပြန်လှည့်ပြီး အနားကို ရောက်လာပြန်တယ်။

“မဟုတ်သေးပါဘူး၊ ကလာရာ။ နင့်ကိုယ်နင် ဘွတ်ကင်ရထားပြီးပြီလို့များ ထင်နေတာလား”

မန်နေဂျာက ကျွန်မကို ‘ကော’ တော့မယ်လို့ ကျွန်မ ထင်နေခဲ့တာ။ တစ်ချိန်တုန်းက ပြတင်းပေါက်နားမှာ ရပ်ပြီး သူတောင်းစားကို လှောင်ပြောင်နေတဲ့ ကောင်လေး AF နှစ်ယောက်ကို တောခဲ့ဖူးသလိုပေါ့။ ဒါပေမယ့် မန်နေဂျာက လက်တစ်ဖက်ကို မြှောက်ပြီး ကျွန်မရဲ့ ပခုံးပေါ် တင်လိုက်တယ်။ အရင်ကထက်

mgyoe.com

ပိုပြီး နူးညံ့သိမ်မွေ့တဲ့ လေသံနဲ့ ကျွန်မကို ပြောတယ်။

"ငါ နင့်ကို တစ်ခုတော့ ပြောထားပါရစေ ကလာရာ။ ကလေးတွေက အချိန်တိုင်း ကတိတွေပေးတတ်ကြတယ်။ သူတို့က ပြတင်းပေါက်နားလာပြီး အမျိုးစုံတဲ့ ကတိတွေ ပေးတတ်ကြတယ်။ သူတို့ ပြန်လာပါမယ်လို့ ကတိပေးကြတယ်။ နင့်ကို တခြားလူတွေနောက် လိုက်မသွားပါနဲ့လို့ တောင်းဆိုကြတယ်။ အဲဒါမျိုးက အမြဲတမ်းလိုလို ဖြစ်နေတတ်တာပဲ။ ဒါပေမယ့် များသောအားဖြင့်တော့ ကလေးတွေ ပြန်မလာကြဘူး။ အဲဒီထက် ပိုဆိုးတာက သူတို့ ပြန်ရောက်လာတဲ့အခါမှာ သူတို့ကို စောင့်ဆိုင်းနေတဲ့ သနားစရာ AF ကို လျစ်လျူရှုထားလိုက်ကြတယ်။ နောက်တော့ သူ့အစား တခြားတစ်ယောက်ကို ရွေးချယ်သွားရော။ အဲဒါ ကလေးတွေရဲ့ လုပ်နည်းလုပ်ဟန်တွေပဲ။ နင် အများကြီး အများကြီး စောင့်ကြည့်ပြီး သင်ယူထားပြီးပြီပဲ ကလာရာ။ ကောင်းပြီလေ၊ ဒါကတော့ နင့်အတွက် နောက်ထပ် သင်ခန်းစာတစ်ခုပေါ့။ နင် နားလည်လား"

"ဟုတ်ကဲ့ပါ၊ မန်နေဂျာ"

"ကောင်းပြီ။ အဲဒီလို နောက်တစ်ခါ ထပ်မဖြစ်ပါစေနဲ့တော့" သူက ကျွန်မရဲ့ လက်မောင်းကို လှမ်းကိုင်လိုက်ပြီး လှည့်ထွက်သွားတော့တယ်။

❑

B3 အသစ်တွေ (ကောင်လေး AF သုံးယောက်) ကို မကြာခင်မှာ ချိန်ညှိလို့ ပြီးသွားတယ်။ အခုဆို သူတို့ရဲ့ နေရာကိုယ်စီမှာ ရပ်လို့။ နှစ်ယောက်က ပြတင်းပေါက်ကို တန်းရောက်သွားတယ်။ သူတို့နားမှာ ဆိုင်းဘုတ်ကြီး အကြီးကြီးနဲ့။ ကျန်တစ်ယောက်ကတော့ အရှေ့ဘက် နံရံထွင်း မှန်ခန်းထဲမှာ နေရာရတယ်။ စတုတ္ထမြောက် B3 ကိုတော့ ဆံပင်ထောင်ထောင်နဲ့ ကောင်မလေးကို ရောင်းပေးလိုက်ပြီးပြီမို့ ကျွန်မတို့ သူ့ကို မြင်တောင် မမြင်လိုက်ရဘူး။

ရိုဆာနဲ့ ကျွန်မက ဆိုင်လယ်မှာ ရှိနေတုန်းပဲ။ ဒါပေမယ့် B3 တွေ အသစ်ရောက်လာတော့ ကျွန်မတို့ စင်နီကြီးဘက်အခြမ်းကို ရွှေ့ပေးလိုက်ရတယ်။ ပြတင်းပေါက်မှာ ရှုံးပြရတဲ့ ကျွန်မတို့ရဲ့အလှည့် ပြီးသွားတဲ့နောက်မှာ ရိုဆာမှာ အကျင့်ကြီးတစ်ခု စွဲကပ်လာတယ်။ မန်နေဂျာ ပြောနေကျ စကားတွေဖြစ်တဲ့ "ဆိုင်ထဲမှာ ရှိတဲ့ နေရာတိုင်းက နေရာကောင်းတစ်ခု ဖြစ်တယ်" ဆိုတာရယ်၊ "ဆိုင်လယ်မှာ နေရတာဟာ ပြတင်းပေါက်နားမှာ ဒါမှမဟုတ် အရှေ့မှန်ခန်းထဲမှာ နေရတဲ့အတိုင်း ရွေးချယ်ခံရဖို့ အခွင့်အရေးက အတူတူချည်းပဲ" ဆိုတဲ့ စကားတွေကို သံယောင်

mgyoe.com

လိုက်ပြီး ပွစိပွစိနဲ့ ထပ်ခါထပ်ခါ ပြန်ပြောနေတတ်တယ်။ အင်း... ရှိဆာအတွက်တော့ အဲဒီစကားတွေက မြေကြီးလက်ခတ်မလွဲပါပဲ။

အင်မတန် ကြီးကျယ်တဲ့ အရာတစ်ခု ဖြစ်ပျက်လာလိမ့်မယ်လို့ နေ့တစ်နေ့ရဲ့ အစက ဘာမှ သဲလွန်စပေးမနေခဲ့ဘူး။ တက္ကစီတွေ၊ ဒါမှမဟုတ် လမ်းသွားလမ်းလာတွေကလည်း ဘာမှ ထူးခြားမနေဘူး။ ယင်းလိပ်တံခါးကြီး အထက်ကို မြောက်တက်သွားတာ၊ မန်နေဂျာက ကျွန်မတို့ကို နှုတ်ဆက်စကား ပြောတာကလည်း အရင်လိုပါပဲ။ ဒါပေမယ့် အဲဒီနေ့ ညနေခင်းမှာ ရှိဆာ ရောင်းထွက်သွားခဲ့တယ်။ သူ့ကို ထုပ်ပိုးပြင်ဆင်ဖို့အတွက် ဝန်ထမ်းများသာဆိုတဲ့ တံခါးအနောက်မှာ ပျောက်ကွယ်သွားတယ်။ ကျွန်မတို့နှစ်ယောက်ထဲက ဘယ်သူပဲဖြစ်ဖြစ် ဒီဆိုင်ထဲကနေ ထွက်ခွာသွားရခါနီးမှာ ကျွန်မတို့ နှုတ်ဆက်စကားတွေပြောဖို့ အချိန်တွေ အများကြီး ရနိုင်လိမ့်မယ်လို့ ကျွန်မ ယူဆထားခဲ့တာ။ ဒါပေမယ့် အဖြစ်အပျက်တွေက မြန်ဆန်လွန်းလိုက်တာရော။ ဆိုင်ထဲ ဝင်လာပြီး သူ့ကို ရွေးချယ်သွားတဲ့ ကောင်လေးနဲ့ သူ့အမေအကြောင်းနဲ့ ပတ်သက်ပြီး သူ့အတွက် အသုံးတည့်နိုင်မယ့် အချက်အလက်တချို့သူ့ကို ပြောပြဖို့တောင် အချိန်မရလိုက်ဘူး။ သူတို့ ဆိုင်ထဲက ထွက်သွားပြီဆိုတာနဲ့ ချက်ချင်းပဲ မန်နေဂျာက သူ့ကို ရောင်းထုတ်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်တယ်။ ရှိဆာခမျာ စိတ်လှုပ်ရှားလွန်းနေတော့ သူ့ကို လေးနက်တဲ့စကားတွေ သွားပြောလို့မဖြစ်နိုင်တော့ဘူးလေ။ AF ကောင်းတစ်ယောက် ဖြစ်လာဖို့အတွက် သူ မှတ်သားထားရမယ့် အကြောင်းအချက်တွေ အများကြီးကို ကျွန်မ ပြန်ပြီး ခွေးပေးလိုက်ချင်ရဲ့။ မန်နေဂျာက ကျွန်မတို့ကို သင်ပေးခဲ့သမျှ အရာအားလုံး သူ့ကို ပြန်သတိပေးလိုက်ချင်ရဲ့။ ပြင်ပလောကအကြောင်း ကျွန်မ သင်ယူထားသမျှ အရာအားလုံး သူ့ကို ရှင်းပြပေးလိုက်ချင်ရဲ့။ ဒါပေမယ့် သူက မေးခွန်းတွေကို တစ်ခုပြီး တစ်ခု အလောတကြီးမေးနေဖို့ပဲ စိတ်ဝင်စားတော့တာလေ။ ကောင်လေးရဲ့ အခန်းမှာ မျက်နှာကြက်မြင့်မြင့်ရှိနိုင်ပါ့မလား။ သူတို့မိသားစုမှာ ဘယ်လို ကားအရောင်မျိုး ရှိမလဲ။ ပင့်လယ်ကြီးကိုသူ မြင်ခွင့်ရနိုင်မလား။ ပျော်ပွဲစားထွက်ဖို့ သူ့ကို ခြင်းတစ်ခြင်း ပြင်ဆင်ခိုင်းကြမှာလား။ ကျွန်မ သူ့ကို နေမင်းကြီးရဲ့ ဩဇာဓာတ်အကြောင်း သတိပေးဖို့ကြိုးစားခဲ့သေးတယ်။ သိပ်အရေးကြီးတဲ့ ကိစ္စပဲလေနော်။ နောက်ပြီး သူ့အခန်းက နေမင်းကြီး ဝင်ကြည့်ဖို့ အဆင်ရောပြေရဲ့လားလို့ ကျွန်မ သိချင်နေမိတယ်။ ဒါပေမယ့် ရှိဆာကတော့ စိတ်မဝင်စားလှဘူးရယ်။ နောက်တော့ ကျွန်မတို့ သတိမထားလိုက်မိခင်မှာပဲ ရှိဆာအဖို့ အနောက်ခန်းထဲကိုသွားဖို့ အချိန်တန်လာခဲ့တယ်။ တံခါးနောက် မျောက်

mgyoe.com SAMPLE BOOK

ကွယ်မသွားခင်မှာ သူက နောက်လှည့်ပြီး ပြုံးပြသွားတာကို နောက်ဆုံးအနေနဲ့ ကျွန်မ မြင်လိုက်ရတယ်။

❑

ရိုဆာထွက်ခွာသွားပြီးတဲ့ နေ့ရက်တွေအတွင်းမှာ ကျွန်မ ဆိုင်လယ်မှာပဲ ရှိနေခဲ့တယ်။ ပြတင်းပေါက်နားက B3 နှစ်ယောက်လည်း တစ်ရက်ပဲခြားပြီး ရောင်းထွက်သွားတယ်။ ရက်ခ်စ်လည်း အဲဒီအချိန်လောက်မှာပဲ အိမ်တစ်အိမ် ရှာတွေ့သွားတယ်။ သိပ်မကြာခင်မှာ နောက်ထပ် B3 သုံးယောက် ထပ်ရောက်လာတယ်။ ဒီတစ်ခါလည်း ကောင်လေး AF တွေချည်းပဲ။ မန်နေဂျာက သူတို့ကို ကျွန်မရဲ့ အရှေ့တည့်တည့်မှာ နေရာချထားတယ်။ မဂ္ဂဇင်းစားပွဲဘက် အခြမ်းမှာ။ အရင်အသုတ်က ကောင်လေး AF နှစ်ယောက်နဲ့ ဘေးချင်းယှဉ်လျက်ပဲ။ ဘီးတပ်မှန်ဗီဒိုက ကျွန်မနဲ့ သူတို့အုပ်စုအကြားမှာ ရှိနေတာကြောင့် ကျွန်မ သူတို့နဲ့ စကားသိပ်မပြောဖြစ်ဘူး။ ဒါပေမယ့် သူတို့ကို လေ့လာဖို့တော့ အချိန်တွေ အများကြီး ရခဲ့တယ်လေ။ ကောင်လေး AF အဟောင်းနှစ်ယောက်က B3 တွေကို ဘယ်လို လိုက်လိုက်လှဲလှဲ ကြိုဆိုခဲ့ကြသလဲ၊ သူတို့အတွက် အသုံးတည့်မယ့် အကြံဉာဏ်ပေါင်းစုံကို ဘယ်လို ပေးခဲ့ကြသလဲဆိုတာကို ကျွန်မ တွေ့မြင်နေရတယ်။ ဒါကြောင့် သူတို့ သင့်သင့်မြတ်မြတ် နေနေကြတယ်လို့ ကျွန်မ ယူဆလိုက်မိတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ကျွန်မ ထူးဆန်းတာတချို့ကို သတိထားမိလာတယ်။ ဥပမာ ဆိုပါစို့။ နံနက်ခင်းတစ်ခုမှာ B3 သုံးယောက်က AF အဟောင်းနှစ်ယောက် အနားကနေ ဝေးနိုင်သမျှဝေးအောင် ဖြည်းဖြည်းချင်း ရွှေ့နေကြတယ်။ တစ်ခါတလေမှာတော့ သူတို့က ဘေးဘက်ကို ခြေလှမ်းစိပ်စိပ် လှမ်းသွားတတ်ကြတယ်။ ဒါမှမဟုတ် B3 တစ်ယောက်က အပြင်ဘက်မှာ စိတ်ဝင်စားစရာတစ်ခုခု တွေ့လို့ ပြတင်းပေါက်နား လျှောက်သွားပြီး အပြင်ကို လှမ်းကြည့်တယ်။ အဲဒီနောက် ပြန်လာတဲ့ အခါမှာကျတော့ မန်နေဂျာ သတ်မှတ်ပေးထားတဲ့ နေရာနဲ့ နည်းနည်းလေး ကွာလှမ်းတဲ့နေရာကို ရွှေ့ပြီး နေရာယူလိုက်တယ်။ လေးရက်ကြာသွားတဲ့အခါမှာတော့ ဘာမှ သံသယရှိနေစရာ မလိုတော့ဘူး။ B3 အသစ်သုံးယောက်ဟာ သိသိသာသာကိုပဲ AF အဟောင်းတွေရဲ့ အဝေးမှာ ရောက်နေခဲ့ပြီ။ ဆိုင်ထဲကို ဈေးဝယ်တွေ ဝင်လာတဲ့အခါမှာ B3 တွေက သူတို့ကိုယ်သူတို့ မတူတဲ့ အုပ်စုတစ်စုပါလို့ ဖော်ပြနေတဲ့အတိုင်း ဖြစ်သွားတယ်။ AF တွေက (အထူးသဖြင့် မန်နေဂျာကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်ထားတဲ့ AF တွေက) အဲဒီလိုကြီး ပြုမူနိုင်ပါ့မလားလို့ စစချင်းမှာတော့

mgyoe.com

m.gyoe.com SAMPLE BOOK

ကျွန်မ ယုံရအခက်၊ မယုံရအခက် ဖြစ်နေခဲ့တယ်။ AF အဟောင်းတွေအတွက် ကျွန်မ စိတ်မကောင်းဖြစ်နေမိတယ် ဆိုပေမယ့် သူတို့ခမျာ ဘာကိုမှ သတိမထားမိကြောင်း ကျွန်မ သဘောပေါက်လာခဲ့တယ်။ နောက်တစ်ချက်ကိုလည်း သူတို့ သတိမထားမိကြဘူး။ ဒါပေမယ့် ကျွန်မကတော့ မကြာမတင် သတိထားလာမိတယ်။ AF အဟောင်းတွေထဲက တစ်ယောက်ယောက်က အလိုက်ကမ်းဆိုး မသိဘဲ B3 တွေကို တစ်စုံတစ်ခု သွားရှင်းပြနေတဲ့ အခါမျိုးမှာ သူတို့က 'မင်းက ဆရာကြီးလား' ဆိုတဲ့ အထာမျိုးနဲ့ ပြန်ကြည့်တတ်တာ၊ ဒါမှမဟုတ် အချက်ပြနေတတ်တယ်။ အပြောအရဆိုရင် B3 အသစ်တွေက အဘက်ဘက်မှာ အဆင့်မြှင့်တင်မှုတွေ ပြုလုပ်ထားကြတယ်တဲ့။ ဒါပေမယ့် တကယ်လို့သာ သူတို့ရဲ့ စိတ်တွေက အဲဒီလို အတွေးအခေါ်မျိုးတွေကို ဖန်တီးထားတတ်မယ်ဆိုရင် သူတို့ရဲ့ ကလေးတွေအတွက် ဘယ်လိုလုပ်ပြီး AF ကောင်းတွေ ဖြစ်လာနိုင်ပါတော့မလဲ။ ရိုဆာသာ ကျွန်မနဲ့အတူ ရှိနေသေးရင် ကျွန်မ မြင်တွေ့ရသမျှကို သူနဲ့ ဆွေးနွေးကြည့်မိလိမ့်မယ် ထင်တယ်။ ဒါပေမယ့် အခုဆို သူက ရှိမှ မရှိတော့တာပဲဥစ္စာ။

❑

တစ်ညနေခင်း နေမင်းကြီးရဲ့ အလင်းရောင်က ဆိုင်ရဲ့ အနောက်ဘက်ထိ ရောက်အောင် ဖြန့်ကျက်ထားတဲ့အချိန်မှာ မန်နေဂျာက ကျွန်မအနား ရောက်လာပြီး ပြောတယ်။

"ကလာရာ၊ ငါ နင့်ကို နောက်တစ်ကြိမ်ထပ်ပြီး အလှည့်ပေးဖို့ ဆုံးဖြတ်ထားတယ်။ ဒီတစ်ခါတော့ နင်တစ်ယောက်တည်း ပြတင်းပေါက်နားမှာ နေရမှာပဲ။ ဒါပေမယ့် နင် အဲဒီအတွက်တော့ ဘာမှ စိတ်အနှောင့်အယှက်ဖြစ်မှာ မဟုတ်မှန်း ငါ သိနေတယ်။ နင်က အပြင်လောကအကြောင်းကို အမြဲတမ်းပဲ စိတ်ဝင်စားနေခဲ့တာ မဟုတ်လား"

ကျွန်မ အတော်ကြီးကို အံ့အားသင့်သွားတယ်။ ကျွန်မ သူ့ကို စိုက်ကြည့်နေမိပြီး ဘာမှ ပြန်မပြောဖြစ်ဘူး။

"အချစ်ကလေး ကလာရာ" မန်နေဂျာက ပြောတယ်။ "ငါ အမြဲတမ်း စိတ်ပူနေခဲ့တာ ရိုဆာကိုပါ။ နင် စိတ်မပူဘူး မဟုတ်လား။ စိတ်မပူနဲ့နော်။ ငါ နင့်အတွက် အိမ်တစ်အိမ်ရအောင် ရှာပေးမယ်"

"ကျွန်မ စိတ်မပူပါဘူး မန်နေဂျာ" ကျွန်မ ပြောလိုက်တယ်။ ကျွန် ဂျိုစီ အကြောင်းကို ပြောထွက်တော့မလို့ပဲ။ ဒါပေမယ့် ဆံပင်ထောင်ထောင်နဲ့ ကောင်မ

m.gyoe.com

mgyoe.com SAMPLE BOOK

လေး ရောက်လာပြီးနောက်ပိုင်း ကျွန်မတို့ ပြောခဲ့ဖူးတဲ့ စကားတွေကို ပြန်သတိရသွားလို့ ကျွန်မ အချိန်မီ ဘရိတ်အုပ်နိုင်ခဲ့တယ်။

"မနက်ဖြန်ကနေ စမယ်" မန်နေဂျာက ပြောတယ်။ "၆ ရက်ပဲနော်။ ငါနင့်အတွက် အထူးဈေးနှုန်းလည်း ပေးထားတယ်။ မှတ်ထားပါ ကလာရာ။ နင်ဆိုင်ကို နောက်တစ်ကြိမ်ထပ်ပြီး ကိုယ်စားပြုရဦးမယ်။ ဒီတော့ အစွမ်းကုန် ကြိုးစားပါ"

ဒုတိယအကြိမ်မြောက် ပြတင်းပေါက်နား နေခွင့်ရတဲ့ခံစားမှုက ပထမအကြိမ်နဲ့ လားလားမှ မတူတော့ဘူး။ ရိုဆာ ကျွန်မအနားမှာ မရှိတာကြောင့်တင် မဟုတ်ပါဘူး။ အပြင်ဘက် လမ်းမကြီးပေါ်မှာတော့ အရင်ကအတိုင်းပဲ သက်ဝင်လှုပ်ရှားမြဲ လှုပ်ရှားနေတယ်။ ဒါပေမယ့် ကျွန်မ တွေ့မြင်နေရတာတွေကို စိတ်လှုပ်ရှားမိဖို့အတွက် အများကြီးပိုပြီး အားစိုက်ထုတ်နေရတာကို ကျွန်မ တွေ့လိုက်ရတယ်။ တစ်ခါတစ်ရံမှာ တက္ကစီတစ်စီးက အရှိန်ကို လျှော့ချလိမ့်မယ်။ လမ်းသွားလမ်းလာတစ်ယောက်က ခေါင်းငုံ့ပြီး ကားဆရာနဲ့ စကားပြောချင် ပြောနေလိမ့်မယ်။ သူတို့တွေက သူငယ်ချင်း မိတ်ဆွေတွေလား ဒါမှမဟုတ် ရန်သူတွေလားလို့ ကျွန်မခန့်မှန်းကြည့်ဖို့ ကြိုးစားချင် ကြိုးစားလိမ့်မယ်။ တခြားအချိန်တွေမှာတော့ RPO အဆောက်အအုံကြီးရဲ့ ပြတင်းပေါက်တွေမှာ ဖြတ်သန်းသွားတဲ့ ပုံရိပ်သေးသေးလေးတွေကို ငေးကြည့်နေတတ်တယ်။ သူတို့ရဲ့ လှုပ်ရှားမှုက ဘာကိုဆိုလိုတာပါလိမ့်လို့ ကျွန်မ နားလည်ဖို့ ကြိုးစားကောင်း ကြိုးစားလိမ့်မယ်။ သူတို့ရဲ့ စတုဂံကွက်တွေထဲမှာ ပေါ်မလာခင်တုန်းက သူတို့တွေ ဘာတွေကို လုပ်နေကြတာပါလိမ့်၊ ပေါ်လာပြီးနောက်ရော ဘာတွေ လုပ်နေမှာပါလိမ့်လို့ ကျွန်မ စိတ်ကူးကြည့်ချင်ကြည့်လိမ့်မယ်။

ကျွန်မရဲ့ ဒုတိယကာလအတွင်းမှာ ကျွန်မ စုံစမ်းလေ့လာမိခဲ့တဲ့ အရေးအပါဆုံး အရာကတော့ သူတောင်းစားကြီးနဲ့ သူ့ခွေးတို့ ဘာတွေဖြစ်ကုန်ကြသလဲဆိုတာကိုပဲ။ အဲဒါက စတုတ္ထမြောက်နေ့မှာ ဖြစ်ခဲ့တာ။ နေ့လယ်ခင်းမှာ မှောင်ကြီးကျနေတာကြောင့် တက္ကစီတချို့က သူတို့ရဲ့ ကားမီးတွေကို ထွန်းလို့။ သူတောင်းစားကြီးဟာ လမ်းသွားလမ်းလာတွေကို နှုတ်ဆက်နေကျ နေရာဖြစ်တဲ့ RPO အဆောက်အအုံနဲ့ 'အရေးပေါ် လှေကား' အဆောက်အအုံကြားက တံခါးလွတ်နားမှာ ရှိမနေခဲ့မှန်း ကျွန်မ သတိထားမိသွားတယ်။ စစချင်းမှာတော့ ကျွန်မ အဲဒီအကြောင်း သိပ်တွေးမနေဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတောင်းစားကြီးက ရံဖန်ရံခါ လျှောက်သွားနေတတ်တာ မဟုတ်လား။ တစ်ခါတလေဆို အကြာကြီး ပျောက်နေ

mgyoe.com

mgyoe.com SAMPLE BOOK

တတ်တယ်။ ဒါပေမယ့် တစ်ခါမှာ ကျွန်မ မျက်နှာချင်းဆိုင်ကို လှမ်းကြည့်လိုက်တယ်။ ဪ် လက်စသတ်တော့ သူက အဲဒီမှာ ရှိနေတာပဲ၊ သူ့ခွေးရော။ ကျွန်မ သူတို့ကို အရင်တစ်ခေါက်က မမြင်ခဲ့ဘူး ဆိုတာကလည်း သူတို့က ကြမ်းပြင်ပေါ် လှဲနေကြလို့ပါ။ သူတို့က လမ်းသွားလမ်းလာတွေကို လမ်းပေးတဲ့အနေနဲ့ တံခါးအလွတ်နားကပ်နိုင်သမျှ ကပ်အောင် နေနေကြတယ်။ ဒါကြောင့် ကျွန်မတို့ဘက်ကနေ လှမ်းကြည့်ရင် သူတို့ကို မြို့နေအလုပ်သမားတွေ တစ်ခါတလေ ပစ်ထားတတ်ကြတဲ့ အိတ်ကြီးတွေလားလို့ အထင်မှားစေနိုင်တယ်။ ဒါပေမယ့် အခုဆိုရင် ကျွန်မက လမ်းသွားလမ်းလာတွေရဲ့ အကြားကနေ ဖြတ်ပြီး သူတို့ကို တစ်ရံမလပ် လှမ်းကြည့်နေတတ်တယ်။ သူတောင်းစားကြီးက လုံးလုံးကို မလှုပ်တော့ဘူး။ သူ့လက်ထဲက ခွေးကလည်း မလှုပ်ဘူး။ တစ်ခါတစ်ရံမှာ လမ်းသွားလမ်းလာတစ်ယောက်က သတိထားမိသွားပြီး ရပ်ကြည့်တတ်တယ်။ ဒါပေမယ့် နောက်တော့ သူ့လမ်းသူ ဆက်သွားတာပါပဲ။ တဖြည်းဖြည်းနဲ့ နေမင်းကြီးက RPO အဆောက်အအုံရဲ့ အနောက်ဘက်ကို ရောက်တော့မယ်။ သူတောင်းစားကြီးနဲ့ သူ့ခွေးက အဲဒီနေရာမှာပဲ တစ်နေကုန်လုံး ရှိနေခဲ့တယ်။ လမ်းသွားလမ်းလာတွေက သိပုံမရဘူးဆိုပေမယ့် သူတို့ သေဆုံးသွားပြီဆိုတာ သိသာထင်ရှားနေတယ်။ သူတို့ အတူတကွ သေဆုံးခွင့်ရတာ ကောင်းတဲ့ ကိစ္စတစ်ခုပဲလို့ ဆိုရပေမယ့် ကျွန်မ စိတ်မကောင်း ဖြစ်နေခဲ့တယ်။ သူတို့က အချင်းချင်း တွဲလက်တွေ မြဲလို့၊ တစ်ဦးအပေါ် တစ်ဦးက ကူညီရိုင်းပင်းလို့ နေခဲ့ကြတာလေ။ တစ်ယောက်ယောက် သတိထားမိသွားပါစေလို့ ကျွန်မ ဆုတောင်းနေမိတယ်။ ဒါမှ သူတို့ကို ဒီထက်ပိုကောင်းတဲ့၊ ပိုပြီး ဆိတ်ငြိမ်တဲ့ တစ်နေရာရာကို ခေါ်သွားပေးကြမှာ မဟုတ်လား။ မန်နေဂျာကို ပြောပြရင် ကောင်းမလားလို့ ကျွန်မ တွေးလိုက်မိတယ်။ ဒါပေမယ့် ညရောက်လို့ အလှပြစင်ပေါ်ကနေ ကျွန်မ ဆင်းဖို့အချိန်ကျလာတဲ့အခါမှာ သူကြည့်ရတာ အတော်ကို ပင်ပန်းပြီး စိတ်ဆတ်နေပုံ ပေါက်နေတာနဲ့ ဘာမှမပြောဖို့ ဆုံးဖြတ်လိုက်ရတယ်။

နောက်တစ်နေ့မနက်မှာ ယင်းလိပ်တံခါးကြီး အထက်ကို တက်သွားတယ်။ သိပ်ကို သာယာရှုမောဖွယ်ကောင်းတဲ့ နေ့ထူးတစ်နေ့ပဲ။ နေမင်းကြီးက သူ့ရဲ့ ဩဇာဓာတ်တွေကို လမ်းမပေါ်နဲ့ အဆောက်အအုံတွေအတွင်းကို သွန်းဖြန်းပေးနေတယ်။ သူတောင်းစားကြီးနဲ့ သူ့ခွေး သေနေကြတဲ့နေရာကို ကျွန်မ လှမ်းကြည့်လိုက်တဲ့အခါမှာ သူတို့ တကယ် သေမနေပါလား ဆိုတာကို တွေ့လိုက်ရတယ်။ နေမင်းကြီး ဆီကလာတဲ့ ထူးကဲတဲ့ ဩဇာဓာတ်တစ်မျိုးက သူတို့ကို ကယ်တင်လိုက်တယ်။

mgyoe.com

သူတောင်းစားကြီးကတော့ သူ့ခြေထောက်ပေါ် သူ မရပ်နိုင်သေးဘူး။ ဒါပေမယ့် သူက တံခါးလွတ်ကြီးကို ကျောပေးလို့ ပြုံးပြုံးကြီး ထိုင်နေတယ်။ ခြေတစ်ချောင်းကို ဆန့်ထားပြီး ဒူးပေါ် လက်တင်ထားလို့ ရအောင် နောက်ထပ် ခြေတစ်ချောင်းကို ကွေးထားတယ်။ သူ့ရဲ့ လွတ်နေသေးတဲ့ လက်တစ်ဖက်နဲ့ ခွေးရဲ့ ဂုတ်မွေးတွေကို ပွတ်သပ်လို့။ သူ့ခွေးလည်း ပြန်ရှင်လာပြီဆိုတော့ ဖြတ်သွားဖြတ်လာ လုပ်နေတဲ့ လူတွေကို တောင်ကြည့်မြောက်ကြည့် လုပ်နေတယ်။ သူတို့နှစ်ယောက်စလုံး နေမင်းကြီးရဲ့ အထူးသြဇာဓာတ်တွေကို မွတ်သိပ်စွာ စုပ်ယူခဲ့ကြလို့ မိနစ်နဲ့အမျှ ကြံ့ခိုင်သထက် ကြံ့ခိုင်လာကြတယ်။ ကျွန်မ အထင်တော့ သိပ်မကြာလောက်ဘူး။ ဒီနေ့ နေ့ခင်း မတိုင်ခင်မှာပဲ သူတောင်းစားကြီးက သူ့ခြေထောက်ပေါ် သူ ပြန်ရပ်နိုင်ပြီး အရင်ကအတိုင်း တံခါးလွတ်ကြီးရဲ့ အရှေ့ကနေ ရယ်ရယ်မောမောနဲ့ နှုတ်ဆက် ပြောဆိုနိုင်လာလိမ့်မယ်။

မကြာခင်မှာပဲ ကျွန်မရဲ့ ခြောက်ရက်တာအချိန်က ကုန်ဆုံးသွားတယ်။ မန်နေဂျာကတော့ ကျွန်မကို ဆိုင်အတွက် ဂုဏ်ယူစရာ ဖြစ်ခဲ့တယ်လို့ ပြောနေတာပဲ။ ကျွန်မ ပြတင်းပေါက်မှာ ရှိနေတဲ့အတောအတွင်း သာမန်ထက်ပိုတဲ့ ဈေးဝယ်သူတွေ ဆိုင်ထဲ ဝင်ရောက်ခဲ့တယ်တဲ့။ အဲဒါကို ကြားရတော့ ကျွန်မ ဝမ်းသာခဲ့မိတယ်။ ကျွန်မကို ဒုတိယအကြိမ် အလှည့်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း သူ့ကို ပြောလိုက်တယ်။ သူက ပြုံးပြီး ကျွန်မကို အကြာကြီး စောင့်နေရတော့မှာ မဟုတ်တာ သေချာကြောင်း ပြောပြတယ်။

❑

ဆယ်ရက် ကုန်လွန်သွားပြီးတဲ့နောက်မှာ ကျွန်မ အနောက်ဘက် နံရံထွင်း မှန်ခန်းထဲကို ရွှေ့လိုက်ရတယ်။ ပြင်ပမြင်ကွင်းတွေကို ကျွန်မ ဘယ်လောက် နှစ်ခြိုက်သလဲဆိုတာ သိနေတဲ့ မန်နေဂျာက ကျွန်မကို အာမခံခဲ့တယ်။ အဲဒီမှာ ရက်အနည်း ငယ်ပဲ နေရပြီး ဆိုင်အလယ်ကို နောက်တစ်ကြိမ် ပြန်ရောက်လာရဦးမှာပါတဲ့။ သူက ပြောသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အနောက်ဘက် နံရံထွင်းမှန်ခန်းကလည်း အင်မတန်ကောင်းတဲ့ နေရာတစ်ခုပါပဲတဲ့။ သေချာပါတယ်။ အဲဒီအတွက် ကျွန်မ နည်းနည်းမှ စိတ်မကောင်းမဖြစ်ခဲ့ဘူး။ အခုချိန် အနောက်ဘက် နံရံကပ်လျက်က မုန့်စားပွဲပေါ်မှာ ထိုင်နေကြတဲ့ AF နှစ်ယောက်ကို ကျွန်မ သဘောကျနေခဲ့တာ ကြာပြီ။ အခုဆိုရင်တော့ သူတို့နဲ့ စကားတွေ အကြာကြီးပြောဖို့ တော်တော်ကို နီးနီးကပ်ကပ် ရှိနေခဲ့ပြီလေ။ ဆိုင်ထဲမှာ ဈေးဝယ်တွေမရှိဘူး ဆိုတဲ့အခါမျိုးမှာ

mgype.com SAMPLE BOOK

ကျွန်မ သူတို့ကို လှမ်းနှုတ်ဆက်တတ်တယ်။ သို့ပေမယ့် အနောက်ဘက် နံရံထွင်းမှန်ခန်းက မုခ်ခုံကြီးရဲ့ အနောက်မှာ ရှိနေတာဆိုတော့ အပြင်ဘက် မြင်ကွင်းတွေကို မမြင်ရတဲ့အပြင် ဆိုင့်အရှေ့ခြမ်းကိုတောင် ကောင်းကောင်း မမြင်ရဘူး။ တကယ်လို့သာ ဆိုင်ထဲဝင်လာတဲ့ ဈေးဝယ်ကို ဝင်ဝင်လာချင်း မြင်တွေ့ချင်တယ် ဆိုရင်တော့ မုခ်ခုံကြီးရဲ့ အနားစွန်းကို လွန်ပြီး အရှေ့ဘက်ကို တော်တော်ကြီး ကုန်းကြည့်မှ ရလိမ့်မယ်။ အဲဒီလို ဆိုတာတောင်မှ (အရှေ့ကို ခြေလှမ်းအနည်းငယ် တိုးလိုက်ရင်တောင်မှ) မဂ္ဂဇင်းစားပွဲပေါ် မှာရှိတဲ့ ငွေပန်းအိုးကြီးတွေနဲ့ ဆိုင်လယ်မှာ ရပ်နေကြတဲ့ B3 တွေက မြင်ကွင်းကို ပိတ်ကွယ်နေကြတုန်းပဲ။ သို့ပေမယ့်လည်း ကျွန်မတို့က လမ်းမကြီးနဲ့ ခပ်လှမ်းလှမ်းမှာ ရှိနေတာကြောင့်လားတော့ မပြောတတ်ဘူး။ ဒါမှမဟုတ် မျက်နှာကြက်ရဲ့ ဖောက်က ဆိုင်အနောက်ဘက်ကို နိမ့်ဆင်းသွားလို့လား မသိဘူး။ ကျွန်မအနေနဲ့ အသံတွေကို ပိုပြီး ရှင်းရှင်းပြတ်ပြတ် ကြားနေရတယ်။ ဒါကြောင့်လည်း ဂျိုစီတစ်ယောက် ဆိုင်ထဲ ဝင်လာတာကို သူ စကားစမပြောခင်ကတည်းက သူ့ခြေသံတွေ ကြားရရုံနဲ့ ကျွန်မ သိနေခဲ့တာပေါ့။

"သူတို့အားလုံးက ဘာကြောင့် အဲဒီရေမွှေးကို သုံးနေကြရတာလဲ။ သမီး အန်တောင် အန်ချင်လာပြီ"

"ဆပ်ပြာ၊ ဂျိုစီ" အမေရဲ့ အသံက ပြောနေတယ်။ "ရေမွှေးမဟုတ်ဘူး။ လက်လုပ်ဆပ်ပြာ၊ နောက်ပြီး တော်တော်ကို အထက်တန်းကျတယ်"

"ထားပါတော့။ အဲဒါ သမီး သွားချင်တဲ့ဆိုင်မဟုတ်ဘူး၊ ဒီဆိုင်။ သမီး မေမေ့ကို အစောကြီးကတည်းက ပြောခဲ့သားပဲ" ကြမ်းပြင်တစ်လျှောက် သူ့ရဲ့ ဂရုတစိုက် လှမ်းနေတဲ့ ခြေလှမ်းတွေကို ကျွန်မ ကြားနေရတယ်။ နောက်တော့ သူက ပြောတယ်။ "ဒီဆိုင်မှ ဒီဆိုင် အသေအချာပဲ။ ဒါပေမယ့် သူ ဒီမှာ မရှိတော့ဘူး" ကျွန်မ သူတို့ကို မြင်နိုင်တဲ့အထိ အရှေ့ကို ခြေလှမ်းသုံးလှမ်း လှမ်းကျော်လိုက်တယ်။ ကျွန်မ မမြင်နိုင်တဲ့ တစ်နေရာရာကို ငေးကြည့်နေတဲ့ အမေ့ကို ငွေပန်းအိုးကြီးတွေနဲ့ B3 တွေအကြားကနေ တွေ့မြင်လိုက်ရတယ်။ ကျွန်မက သူ့ရဲ့ မျက်နှာတစ်ခြမ်းကိုပဲ မြင်ရတယ် ဆိုပေမယ့် လူသွားစင်္ကြံပေါ် မှာ တွေ့ခဲ့တဲ့ အချိန်တုန်းက (အဲဒီတုန်းက သူဟာ လေတဟူးဟူးတိုက်နေတဲ့ အမြင့်တစ်နေရာမှာ နားခိုနေတဲ့ ငှက်တစ်ကောင်နဲ့ တူနေတယ်) ထက် ပိုပြီး ပင်ပန်းနွမ်းနယ်နေပုံ ရတယ်လို့ ကျွန်မ တွေးထင်လိုက်မိတယ်။ သူက ဂျိုစီကို ကြည့်နေတာပဲ ဖြစ်လိမ့်မယ်လို့ ကျွန်မ ခန့်မှန်းကြည့်တယ်။ ဂျိုစီကတော့ အရှေ့ဘက် နံရံထွင်းမှန်ခန်းထဲက ကောင်မလေး B3 အသစ်ကို

mgype.com

mgyoe.com

ငေးကြည့်နေတယ်။

အချိန်တော်တော်ကြာတဲ့အထိ ဘာမှ ထူးခြားမလာခဲ့ဘူး။ အဲဒီနောက်တော့ အမေက ပြောတယ်။ "သမီး ဘယ်လိုသဘောရသလဲ၊ ဂျိုစီ"

ဂျိုစီ ဘာမှပြန်မဖြေဘူး။ နောက်တော့ မန်နေဂျာရဲ့ ခြေသံတွေကို ကြားလိုက်ရတယ်။ အခုချိန် ဆိုင်ထဲမှာ ထူးခြားတဲ့ တိတ်ဆိတ်ငြိမ်သက်မှုတစ်ခုကို ကျွန်မ ခံစားသိရှိနေရတယ်။ AF တိုင်းက နားစွင့်နေကြပြီး အရောင်းအဝယ် ဖြစ်မဖြစ် ဆိုတာကို စိတ်ဝင်တစား ရှိနေကြတယ်။

"သူ့နာမည်က စွမ်းရည်တဲ့။ သူက B3 တစ်ယောက်ပါ" မန်နေဂျာက ပြောတယ်။ "ကျွန်မ မြင်ဖူးသမျှထဲမှာ ပြီးပြည့်စုံဆုံးထဲက တစ်ယောက်ပေါ့"

အခုဆို ကျွန်မ မန်နေဂျာရဲ့ ပခုံးကို တွေ့မြင်နေရပြီ။ ဒါပေမယ့် ဂျိုစီကို မမြင်ရသေးဘူး။ ခဏနေတော့ ဂျိုစီရဲ့ အသံကို ကျွန်မ ကြားလိုက်ရတယ်။

"စွမ်းရည်၊ နင်က သိပ်ကို ကောင်းပါတယ်။ ဒါကြောင့် ငါ့ကို အထင်တော့ မလွဲလိုက်ပါနဲ့။ ဒါပေမယ့်" သူ့အသံက တိမ်ဝင်သွားတယ်။ သူ့ရဲ့ ဆင်မယဉ်သာ ခြေလှမ်းတွေကို ကျွန်မ ကြားလာရပြန်တယ်။ ဒီတစ်ခါတော့ ပထမဆုံးအနေနဲ့ ကျွန်မ သူ့ကို မြင်နေရပြီ။ ဂျိုစီက သူ့မျက်လုံးတွေနဲ့ ဆိုင်အနှံ့ကို ဟိုဟိုဒီဒီ လျှောက်ကြည့်နေတယ်။

အမေက ပြောတယ်။ "ဒီ B3 အသစ်တွေက သိမြင်နိုင်စွမ်းနဲ့ မှတ်သားနိုင်စွမ်းမှာ တော်တော်လေး ကောင်းတယ်လို့ ကျွန်မ ကြားဖူးထားတယ်။ ဒါပေမယ့် သူတို့တွေက တစ်ခါတလေမှာ ကိုယ်ချင်းစာစိတ် ခေါင်းပါးကြတယ်တဲ့"

မန်နေဂျာက သက်ပြင်းချတာလိုလို ရယ်မောလိုက်တာလိုလို အသံမျိုး လုပ်လိုက်တယ်။ "ဟိုးအစောပိုင်းမှာတော့ B3 တစ်ယောက်၊ နှစ်ယောက်လောက်က နည်းနည်း ထင်ရာစိုင်းတတ်ကြတယ်လို့ ကြားဖူးပါတယ်။ ဒါပေမယ့် ကျွန်မ အပြည့်အဝ အာမခံနိုင်ပါတယ်။ အခု ဒီမှာရှိနေတဲ့ စွမ်းရည်မှာ အဲဒီလိုပြဿနာမျိုး လုံးဝ မရှိစေရပါဘူး"

"စိတ်မရှိပါနဲ့" အမေက မန်နေဂျာကို ပြောတယ်။ "ကျွန်မ စွမ်းရည်နဲ့ တိုက်ရိုက် စကားပြောကြည့်လို့ရမလား။ ကျွန်မ သူ့ကို မေးခွန်းတချို့ မေးစရာ ရှိနေတယ်"

"ဒါပေမယ့် မေမေ ..." ဂျိုစီက ဖြတ်ဝင်လာတယ်။ အခုတော့ သူက ကျွန်မရဲ့ မြင်ကွင်းထဲမှာ မရှိပြန်တော့ဘူး။ "ဘာလုပ်ဖို့လဲ။ စွမ်းရည်က ကောင်းတယ်

mgyoe.com SAMPLE BOOK

ဆိုတာ သမီး သိပါတယ်။ ဒါပေမယ့် သမီး လိုချင်နေတာ သူ မဟုတ်ဘူး"

"မေမေတို့ ဒီအတိုင်း ရေဆုံးမြေဆုံး ဆက်ရှာနေလို့ မဖြစ်နိုင်ဘူး ဂျိုစီ"

"ဒါပေမယ့် ဒီဆိုင်မှ ဒီဆိုင်ပါပဲ။ သမီး မေမေ့ကို ကျိန်ပြောရဲတယ်။ သူ ဒီမှာ ရှိခဲ့ဖူးတယ်။ သမီးတို့ နောက်ကျသွားပြီ ထင်တယ်။ ဒါပါပဲ"

ကျွန်မ ဆိုင်အနောက်ခြမ်းကို ရောက်နေတဲ့အချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဂျိုစီရောက်လာခဲ့တာဟာ ကံမကောင်းမှုလို့ပဲ ဆိုရလိမ့်မယ်။ အဲဒီလို ဆိုပေမယ့်လည်း ကျွန်မရှိနေတဲ့ နေရာကို ရောက်လာပြီး သူ ကျွန်မကို လာတွေ့လိမ့်မယ်လို့ အခိုင်အမာ ယုံကြည်နေမိပြန်တယ်။ ဒါကြောင့်လည်း ကျွန်မ နေရာကနေ တုတ်တုတ်မှ မလှုပ်ဘဲ၊ ဘာအသံမှ မထွက်ဘဲ သူ့ကို စောင့်နေခဲ့တာပေါ့။ ဒါပေမယ့် တခြား အကြောင်းအရင်းတစ်ခုလည်း ရှိနေလိမ့်ဦးမယ် ထင်တယ်။ ဆိုင်ထဲကို ဘယ်သူဝင်လာသလဲလို့ သိလိုက်ရလို့ ပျော်ရွှင်မှုကို ခံစားလိုက်ရတဲ့ အခိုက်အတန့်မှာပဲ ကျွန်မရဲ့ စိတ်ထဲကို သောကတစ်ခု တိုးဝင်လာခဲ့တယ်။ ဟိုတစ်နေ့က မန်နေဂျာ ကျွန်မကိုပြောခဲ့တဲ့ အကြောင်းအရာနဲ့ ပတ်သက်နေတဲ့ သောကတစ်ခုပေါ့။ ကလေးတွေက တစ်ခါတစ်ရံမှာ ကတိတွေပေးပြီး နောက်တော့ ပြန်မလာကြတော့ဘူးတဲ့။ ဒါမှမဟုတ် သူတို့ ပြန်လာကြရင်တောင် သူတို့ ကတိပေးထားခဲ့တဲ့ AF ကို လျစ်လျူရှုပြီး တခြားတစ်ယောက်ကို ရွေးချယ်သွားတတ်ကြတယ်တဲ့။ အဲဒါကြောင့်မို့လို့ပဲ ကျွန်မ ဒီနေရာမှာ တိတ်တိတ်ကလေး စောင့်ဆိုင်းနေခဲ့တာ ဖြစ်မယ်ထင်တယ်။

အဲဒီနောက် မန်နေဂျာရဲ့အသံက နောက်တစ်ကြိမ် ထွက်ပေါ်လာပြန်တယ်။ လေသံထဲမှာ အရင်ကနဲ့မတူဘဲ တစ်မျိုးတစ်မည် ထူးခြားတဲ့ အငွေ့အသက်တစ်ခု ရှိနေတယ်။

"ဒီမယ်၊ သမီး. . . သမီးက AF တစ်ယောက်ယောက်ကို ရှာနေတာများလား။ အရင်က ဒီမှာ မြင်ခဲ့ဖူးတဲ့ တစ်ယောက်ယောက် ဖြစ်မယ်ထင်တယ်"

"ဟုတ်တယ်၊ အန်တီ။ အန်တီတို့ သူ့ကို ပြတင်းပေါက်နားမှာ အရင်က ထားခဲ့ကြသေးတယ်။ သူက သိပ်ကို ချစ်စရာကောင်းတာ။ သိပ်ပြီးတော့ ဉာဏ်ကောင်းတယ်။ ပြင်သစ်မလိုပဲ။ နက်မှောင်နေတဲ့ ဆံပင်တိုတိုလေးတွေနဲ့။ နောက်ပြီး သူ့ရဲ့ အဝတ်အစားတွေ အားလုံးကလည်း အရောင်ရင့်ရင့်တွေချည်းပဲ။ သူ့မှာ ကြင်နာတတ်တဲ့ မျက်လုံးတွေလည်း ရှိတယ်။ ပြီးတော့ အရမ်းအရမ်းကိုလည်း ဉာဏ်ကောင်းတယ်"

"သမီး ဘယ်သူ့ကို ဆိုလိုနေသလဲဆိုတာကို အန်တီ သဘောပေါက်သွားပြီ

mgyoe.com SAMPLE BOOK

ထင်တာပဲ" မန်နေဂျာက ပြောတယ်။ "သမီး အန်တီနဲ့ လိုက်ခဲ့ရင် တွေ့ရပါလိမ့်မယ်"

အဲဒီအခါကျမှ ကျွန်မဟာ သူတို့ မြင်နိုင်လောက်အောင် အရှေ့ကို တိုးလိုက်တယ်။ တစ်မနက်လုံး နေပြောက်တွေရဲ့ အဝေးတစ်နေရာမှာ ကျွန်မ ရှိနေခဲ့တယ်။ ဒါပေမယ့် အခုတော့ လင်းလက်တောက်ပနေတဲ့ စတုဂံကွက်နှစ်ကွက်ရဲ့ ဆုံမှတ်ပေါ်ကို ကျွန်မ ခြေချလိုက်တယ်။ မန်နေဂျာနဲ့ ဂျိုစီတို့က မုခ်ခုံးကြီးနား ရောက်လာကြတယ်။ ဂျိုစီက ကျွန်မကို တွေ့မြင်သွားတဲ့အခါမှာ သူ့မျက်နှာတစ်ခုလုံး ဝမ်းမြောက်မှုတွေနဲ့ ဝင်းထိန်သွားတယ်။ သူက ခြေလှမ်းကျဲတွေနဲ့ အရှိန်ကို မြှင့်တင်လိုက်တယ်။

"နင် ဒီမှာ ရှိနေသေးတာပဲ"

သူ ပိုလို့တောင် ပိန်သွားတယ်။ သူက စည်းချက်မညီတဲ့ ခြေလှမ်းကျဲတွေနဲ့ ကျွန်မဆီ လှမ်းလာနေတုန်းပဲ။ သူ ကျွန်မကို ဖက်ယမ်း နှုတ်ဆက်တော့မယ်လို့ ကျွန်မ ထင်ထားခဲ့တာ။ ဒါပေမယ့် နောက်ဆုံးမှာတော့ သူ ရပ်တန့်ပြီး ကျွန်မရဲ့ မျက်နှာကို ငေးစိုက်ကြည့်နေတယ်။

"အမယ်လေး၊ နင် သူများနောက် ပါသွားပြီလို့ ငါ တကယ် ထင်နေခဲ့တာ"

"ငါ ဘာကြောင့် လိုက်သွားရမှာလဲ" ကျွန်မက ညင်ညင်သာသာ ပြန်ပြောလိုက်တယ်။ "ငါတို့ အချိန်းအချက်လုပ်ထားတာပဲဥစ္စာ"

"ဟုတ်တယ်" ဂျိုစီက ပြောတယ်။ "ဟုတ်တယ်၊ ငါတို့လုပ်ထားတယ်။ ငါကပဲ တစ်လွဲတစ်ချော်ဖြစ်အောင် လုပ်နေခဲ့မိတာ ထင်ပါရဲ့။ ငါ ဆိုလိုတာက အချိန်ဆွဲနေခဲ့မိတာကို ပြောတာ"

ကျွန်မ သူ့ကို ပြုံးပြလိုက်တဲ့အခါမှာ သူက အနောက်ဘက်ကိုလှည့်ပြီး လှမ်းခေါ်လိုက်တယ်။ "မေမေ၊ သူပဲ။ သမီး ရှာနေတာ သူပဲ"

အမေက မုခ်ခုံးကြီးဆီကို ဖြည်းဖြည်းချင်း လျှောက်လာပြီး ရပ်တန့်လိုက်တယ်။ နောက်တော့ တစ်ခဏကြာလောက် သုံးယောက်စလုံးက ကျွန်မကို စိုက်ကြည့်နေကြတယ်။ အရှေ့ဆုံးမှာ ဂျိုစီက ဝမ်းသာအယ်လဲ ပြုံးလို့။ သူ့အနောက်မှာတော့ မန်နေဂျာကလည်း အလားတူ ပြုံးနေတယ်။ ဒါပေမယ့် သူ့မျက်နှာမှာတော့ တစ်စုံတစ်ရာကို သတိထားနေတဲ့ အရိပ်အယောင်မျိုး ထင်ဟပ်နေတယ်။ အဲဒါဟာ သူ့ဆီက ထုတ်လွှင့်နေတဲ့ အရေးပေါ် အချက်ပြသင်္ကေတပဲလို့ ကျွန်မ ယူဆလိုက်တယ်။ နောက်ဆုံးမှာတော့ အမေက သူ့မျက်လုံးတွေကို မှေးစင်းထားလိုက်တယ်။ လူသွားစင်္ကြံပေါ်မှာရှိတဲ့ လူတွေက တက္ကစီတစ်စီး အားမအား သိချင်တဲ့အခါမျိုးမှာ

mgyoe.com SAMPLE BOOK

ကြိုးစားပြီး ကြည့်တတ်ကြတဲ့ ပုံစံမျိုးပဲ။ အမေမေက ကျွန်မအပေါ် စူးစိုက်ကြည့်နေပုံကို မြင်လိုက်ရတော့ 'နင် ဒီမှာ ရှိနေသေးတာပဲ' လို့ ဂျိုစီ အော်ပြောလိုက်တဲ့ အချိန်တုန်းက ပျောက်ကွယ်သွားခဲ့တဲ့ သောကဟာ ကျွန်မရဲ့ စိတ်ထဲကို ပြန်ရောက်လာတယ်။

"ငါ ဒီလောက်ကြီး အချိန်ဆွဲနေဖို့ မရည်ရွယ်ခဲ့ပါဘူး" ဂျိုစီက ပြောတယ်။ "ဒါပေမယ့် နေမကောင်း ဖြစ်နေခဲ့တယ်လေ။ အခုတော့ ပြန်ကောင်းသွားပါပြီ" အဲဒီနောက် သူက အနောက်ဘက်ကို လှည့်ပြောတယ်။ "မေမေ၊ သမီးတို့ သူ့ကို အခုပဲ ဝယ်လိုက်လို့ မရဘူးလား။ တခြားလူတွေ ရောက်လာပြီး သူ့ကို ယူမသွားခင်ပေါ့"

တစ်ခဏလောက် တိတ်ဆိတ်သွားတယ်။ နောက်တော့ အမေမေက တိုးတိုးညင်သာ ပြန်ပြောတယ်။ "ကျွန်မအထင် ဒါက B3 မဟုတ်ဘူးမို့လား"

"ကလာရာက B2 တစ်ယောက်ပါ" မန်နေဂျာက ပြောတယ်။ "စတုတ္ထအသုတ်က၊ တချို့ကတော့ သူတို့ကို ကျော်လွန်နိုင်တဲ့သူ မရှိသေးဘူးလို့ ပြောကြပါတယ်"

"ဒါပေမယ့် B3 မဟုတ်ဘူး"

"B3 ရဲ့ ဆန်းသစ်တီထွင်မှုတွေက အမှန်တကယ်ကို အံ့ဩဖွယ်ကောင်းကြပါတယ်။ ဒါပေမယ့် တချို့တချို့သော ကလေးမျိုးတွေအတွက်ကျတော့ အဆင့်မြင့် B2 တွေနဲ့မှ ပိုပြီး လိုက်ဖက်ညီတဲ့ အတွဲအစပ်တွေ ဖြစ်တယ်လို့ တချို့ ဈေးဝယ်တွေက ယူဆကြတယ်"

"ကျွန်မ သဘောပေါက်ပါတယ်"

"မေမေ၊ ကလာရာက သမီးလိုချင်တဲ့တစ်ယောက်ပဲ။ သမီး တခြားဟာတွေ မလိုချင်ဘူး"

"ခဏနေပါဦး၊ ဂျိုစီ" အဲဒီနောက် သူက မန်နေဂျာကို မေးတယ်။ "AF တိုင်းက တစ်မျိုးတစ်ဘာသာစီ ထူးခြားမှုရှိကြတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်။ အထူးသဖြင့် ဒီလိုအဆင့်မျိုးမှာပေါ့"

"ဒါဆို ဒီတစ်ယောက်ကရော ဘာများ ထူးခြားနေလဲ။ ဒီ... ကလာရာ"

"ကလာရာမှာ အများနဲ့မတူတဲ့ တစ်မူထူးခြားတဲ့ အရည်အသွေးတွေ အများကြီး ရှိပါတယ်။ တစ်မနက်လုံး ပြောလို့တောင် ကုန်မှာမဟုတ်ဘူး။ ဒါပေမယ့် ထူးခြားချက်တစ်ခုကို မဖြစ်မနေ ထုတ်ပြရမယ်ဆိုရင်တော့ အဲဒါက သူ့ရဲ့ လေ့လာ

mgyoe.com SAMPLE BOOK

သင်ယူလိုတဲ့ အာသီသပြင်းပြမှုပဲ။ သူ့ပတ်ဝန်းကျင်မှာ မြင်နေရသမျှ အရာအားလုံးကို စုပ်ယူချေညက်နိုင်တဲ့ သူ့ရဲ့ စွမ်းရည်က တကယ့်ကို အံ့မခန်းပဲ။ ရလဒ်အနေနဲ့ အခုဆိုရင် သူက ဒီဆိုင်ထဲမှာရှိတဲ့ AF တစ်ယောက်စီတိုင်းထက် ပိုပြီး ရှုပ်ထွေးပွေလီတဲ့ အသိအမြင်ကို ပိုင်ဆိုင်ထားတယ်။ B3 တွေထက်လည်း သာပါတယ်"

"အဲဒီလိုလား"

အမေက မျက်လုံးတွေကို နောက်တစ်ကြိမ် ထပ်မှေးပြီး ကျွန်မကို ကြည့်နေပြန်တယ်။ သူက ကျွန်မဆီကို ခြေလှမ်းသုံးလှမ်း တိုးလာတယ်။

"ကျွန်မ သူ့ကို မေးခွန်းတချို့ မေးကြည့်ခွင့် ရှိမလား"

"သဘောရှိ လုပ်နိုင်ပါတယ်"

"မေမေရယ်... ကျေးဇူးပြုပြီး..."

"တိတ်တိတ်နေ ဂျိုစီ။ မေမေ ကလာရာနဲ့ စကားပြောနေတုန်း ဟောဟိုနားမှာ ခဏလောက် သွားရပ်နေပါလား"

အဲဒီနောက်တော့ အမေနဲ့ ကျွန်မပဲ ကျန်ခဲ့တော့တယ်။ အပြုံးတစ်စကို ကျွန်မရဲ့ မျက်နှာပေါ်မှာ ပေါ်မြဲပေါ်နေအောင် ကြိုးစားထားပေမယ့် လက်တွေ့မှာတော့ မလွယ်ကူလှဘူး။ ကျွန်မရဲ့ သောကတွေကိုတောင် ပြလိုက်မိတယ် ထင်ပါရဲ့။

"ကလာရာ" အမေက ပြောတယ်။ "နင် ဂျိုစီဘက်ကို အကြည့်မရောက်စေချင်ဘူး။ အခု သူ့ကိုမကြည့်ဘဲ ငါ့ကို ပြောပြစမ်းပါ။ သူ့မျက်လုံးတွေက ဘာအရောင်လဲ"

"မီးခိုးရောင်တွေပါ၊ အန်တီ"

"ကောင်းတယ်။ ဂျိုစီ၊ နင် တိတ်တိတ်လေး နေပေးရင် ကောင်းမယ်။ ကဲ... အခု ကလာရာ။ ငါ့သမီးရဲ့ အသံ။ နင် အခုလေးတင် သူ စကားပြောတာ ကြားလိုက်ရတယ်။ သူ့ရဲ့ အသံပေါက်က ဘာလို့ နင် ထင်သလဲ"

"သူ့ရဲ့ စကားပြောသံက အလယ်စီကီးရဲ့ အထက်က အေဖလက်နဲ့ စီရှစ်သံ‌မြောက်ရဲ့ အကြားမှာပါ"

"ဟုတ်လား" နောက်တစ်ကြိမ် တိတ်ဆိတ်သွားပြန်တယ်။ အဲဒီနောက် အမေက ပြောတယ်။ "နောက်ဆုံးမေးခွန်းပဲ၊ ကလာရာ။ ငါ့သမီးလမ်းလျှောက်တာကို နင် ဘာသတိထားမိလဲ"

"သူ့ရဲ့ ဘယ်ဘက်တင်ပါးမှာ ချွတ်ယွင်းချက် တစ်ခုခု ရှိပုံရပါတယ်။ နောက်ပြီး သူ့ရဲ့ ညာဘက်ပခုံးကလည်း သူ့ကို နာကျင်မှုပေးနိုင်တဲ့ အလားအလာ

mgyoe.com

mgyoe.com SAMPLE BOOK
ရှိနေတယ်။ ဒါကြောင့် ဂျိုစီက လမ်းလျှောက်တဲ့အခါမှာ အဲဒါကို ရုတ်တရက် မလှုပ်ရှားမိအောင်၊ ဒါမှမဟုတ် မလိုလားအပ်တဲ့ ထိခိုက်မှုတွေမဖြစ်ရအောင် အကာအကွယ်ပေးတဲ့ အနေအထားမျိုးနဲ့ လမ်းလျှောက်နေရပါတယ်"

အမေက ကျွန်မရဲ့စကားကို တွေးဆနေတယ်။ ပြီးတော့ သူက ဆက်ပြောတယ်။ "ကောင်းပြီ၊ ကလာရာ။ နင် ဒီလောက်တောင် သိထားပြီးပြီဆိုတော့ ဂျိုစီ လမ်းလျှောက်တဲ့ပုံစံအတိုင်း ငါ့ကို နမူနာ လျှောက်ပြပေးနိုင်မလား။ နင် လုပ်ပြပေးနိုင်မလား။ အခု ဒီမှာလေ။ ငါ့သမီးရဲ့ လမ်းလျှောက်ပုံကို"

အမေရဲ့ ပခုံးအနောက်မှာ မန်နေဂျာရဲ့ နှုတ်ခမ်းတွေ ပွင့်ဟသွားတာကို ကျွန်မ တွေ့လိုက်ရတယ်။ စကားပြောဖို့ ဟန်ပြင်လိုက်သလိုမျိုး။ ဒါပေမယ့် သူ ဘာမှ ပြောမလာခဲ့ဘူး။ အဲဒီအစား ကျွန်မနဲ့ မျက်လုံးချင်းလှမ်းဆုံပြီး ကျွန်မကို မသိမသာ ခေါင်းဆတ်ပြလိုက်တယ်။

ဒါကြောင့် ကျွန်မ လမ်းလျှောက်ပြလိုက်တယ်။ အမေအပါအဝင် (ဂျိုစီ ရောပဲပေါ့) တစ်ဆိုင်လုံးက အခုဆို ကျွန်မကို ကြည့်နေ၊ နားထောင်နေကြမယ်မှန်း ကျွန်မ သိနေတယ်။ မုခ်ခုံးကြီးရဲ့အောက်မှာ ကြမ်းပြင်တစ်လျှောက် ပြန့်ကားနေတဲ့ နေပြောက်တွေပေါ် ကို ကျွန်မ ခြေလှမ်း လှမ်းချလိုက်တယ်။ အဲဒီနောက် ဆိုင်လယ်မှာ ရပ်နေကြတဲ့ B3 တွေနဲ့ ဘီးတပ် မှန်ဗီဒိုရှိရာဘက်ကို လှမ်းသွားလိုက်တယ်။ ရိုဆာနဲ့ ကျွန်မတို့ ပြတင်းပေါက်နားမှာရှိနေကြတုန်း ပထမဆုံးအကြိမ်အဖြစ် သူ တက္ကစီထဲက ထွက်လာတဲ့ပုံ၊ နောက်လေးရက်အကြာမှာ အမေက သူ့လက်ကို ဂျိုစီရဲ့ ပခုံးပေါ်ကနေ ဖယ်ရှားလိုက်ပြီးနောက် ပြတင်းပေါက်ဆီကို လျှောက်လာပုံ၊ နောက်ပြီး နောက်ဆုံးအနေနဲ့ တွေ့မြင်ခဲ့တုန်းက သူ့ရဲ့ မျက်လုံးတွေမှာ ပျော်ရွှင်ဝမ်းမြောက်မှုတွေကို ဖြန့်ကျက်ပြီး ကျွန်မဆီ အသော့နှင်လာပုံ။ ကျွန်မ မြင်ဖူးခဲ့တဲ့ အတိုင်း ဂျိုစီရဲ့ ခြေလှမ်းသွားပုံတွေကို ကျွန်မ တတ်စွမ်းသလောက် တုပလုပ်ဆောင်ပေးခဲ့တယ်။

ဘီးတပ်မှန်ဗီဒိုဆီကို ရောက်တဲ့အခါမှာ ကျွန်မ အဲဒါကို ကွေ့ပတ်သွားတယ်။ အဲဒီနားမှာ ရပ်နေကြတဲ့ B3 ကောင်လေးကို ဘေးချင်း ပွတ်တိုက်မသွားမိအောင် ကြိုးစားနေရင်းမှာပဲ ဂျိုစီရဲ့ လမ်းလျှောက်ပုံအတိုင်း လွဲချော်မသွားရအောင် ကျွန်မ ဂရုတစိုက် လုပ်ဆောင်ခဲ့တယ်။

ဒါပေမယ့် လှည့်ပြန်လာဖို့ လုပ်နေတုန်း ကျွန်မ ခေါင်းမော့ကြည့်လိုက်တော့ အမေနဲ့ မျက်လုံးချင်း ဆုံမိသွားတယ်။ ကျွန်မ တွေ့မြင်လိုက်ရတဲ့ တစ်စုံတစ်ရာက

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မကို ရပ်တန့်သွားအောင် လုပ်လိုက်သလိုပဲ။ အဲဒီအချိန်မှာ သူက ကျွန်မကို မျက်တောင်မခတ်တမ်း မမှိတ်မသုန် စိုက်ကြည့်နေတုန်းပါပဲ။ ဒါပေမယ့် သူ့ရဲ့ အကြည့်တွေက ကျွန်မကို ဖောက်ထွက်သွားနေကြတယ်။ ပြတင်းပေါက်မှာရှိတဲ့ မှန်တစ်ချပ်ကို ငေးကြည့်နေသလိုမျိုး၊ ကျွန်မရဲ့ ဟိုးအနောက်ဘက်မှာရှိတဲ့ အရာ တစ်ခုခုကို တွေ့မြင်နိုင်ဖို့ ကြိုးစားနေသလိုမျိုးပဲ။ ဘီးတပ်မှန်ဗီဒိုနားမှာ မလှုပ်တမ်း ကျွန်မ ရပ်နေမိတယ်။ ခြေထောက်တစ်ဖက်က လေပေါ်မှာ မြောက်လို့။ ဖနောက် က ကြမ်းပြင်နဲ့ လွတ်နေတယ်။ ဆိုင်ထဲမှာတော့ ထူးခြားတဲ့ တိတ်ဆိတ်မှုတစ်ခုက စိုးမိုးနေတယ်။ ခဏနေတော့ မန်နေဂျာက ပြောတယ်။

"အစ်မကြီး တွေ့တဲ့အတိုင်းပဲ၊ ကလာရာမှာ တစ်မူထူးခြားတဲ့ လေ့လာ နိုင်စွမ်း ရှိတယ်။ ကျွန်မတောင် သူ့လိုသိတာ မဟုတ်ဘူး"

"မေမေ... ဒီတစ်ခါတော့" ဂျိုစီရဲ့ အသံက တိုးတိတ်ညင်သာနေတယ်။ "လုပ်ပါ၊ မေမေရယ်"

"ကောင်းပြီလေ။ ကျွန်မ သူ့ကို ယူပါ့မယ်"

ဂျိုစီက ကျွန်မထံကို အပြေးတစ်ပိုင်း ရောက်လာတယ်။ သူ့လက်တွေက ကျွန်မဆီ ရောက်လာပြီး ကျွန်မကို တွဲကိုင်ထားတယ်။ ကောင်မလေးရဲ့ ခေါင်း အထက်ကနေ ကျွန်မ လှမ်းကြည့်လိုက်တော့ မန်နေဂျာက ဝမ်းပန်းတသာ ပြုံးနေတာ ကို တွေ့လိုက်ရတယ်။ အဲဒီအချိန်မှာ အမေကတော့ ခေါင်းငုံ့ပြီး မျက်နှာတည်ကြီးနဲ့ သူ့လွယ်အိတ်ထဲကို မွှေနှောက် ရှာဖွေနေလေရဲ့။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၂)

အထူးသဖြင့် မီးဖိုချောင်က သွားရလာရခက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ပစ္စည်းပစ္စယတွေ တစ်ပုံတစ်ပင်ကြီးက သူတို့အချင်းချင်းရဲ့ ဆက်နွယ်ပတ်သက်မှုတွေကို အချိန်နဲ့အမျှ ပြောင်းလဲနေတတ်ကြတယ်။ အခုတော့ ဆိုင်ထဲမှာ ပစ္စည်းတွေအားလုံးကို မန်နေဂျာက ဘယ်လို ဂရုတစိုက်နဲ့ နေရာချထားကြောင်း ကျွန်မ နားလည်နှစ်ခြိုက်လာမိတယ်။ လက်ပတ်လို၊ ဒါမှမဟုတ် ငွေနားကပ်ဘူးလို အသေးအမွှား ပစ္စည်းလေးတွေကိုတောင် နေရာမှန်အောင် ဂရုတစိုက် ထိန်းသိမ်းထားခဲ့တာ။ တကယ်တော့ အဲဒါတွေကို ကျွန်မတို့က နည်းနည်းလေးမှတောင် စိတ်ပူစရာမလိုခဲ့ပါဘူး။ ဒါပေမယ့် ဂျိုစီတို့ အိမ်ထဲမှာတော့ အထူးသဖြင့် မီးဖိုချောင်ထဲမှာတော့ အိမ်ထိန်း မယ်လနီယာက အနီးအနားမှာရှိတဲ့ ပစ္စည်းတွေကို အားအားရှိ နေရာပြောင်းနေတတ်တယ်။ ကျွန်မရဲ့ စူးစမ်းလေ့လာမှုတွေကို အသစ် အသစ်က်နေ ပြန်ပြန်စနေရတော့တယ်။ ဥပမာ ပြောရရင် တစ်မနက်မှာ အိမ်ထိန်း မယ်လနီယာက အစာမွှေစက်ကို လေးမိနစ်အတွင်းမှာ နေရာလေးနေရာ ပြောင်းရွှေ့ခဲ့တယ်။ ဒါပေမယ့် အလယ်ကျွန်းရဲ့ အရေးပါမှုကို နားလည်သွားတဲ့အခါမှာတော့ အရာရာဟာ ပိုပြီး လွယ်ကူလာခဲ့တယ်။

အလယ်ကျွန်းက မီးဖိုချောင်ရဲ့ အလယ်ခေါင်တည့်တည့်မှာ ရှိတယ်။ ကြမ်းပြင်မှာ အသေစွဲထားတဲ့ သဘောသဘာဝကို အလေးပေးချင်လို့ ထင်ပါရဲ့။

mgyoe.com

အဆောက်အအုံတစ်လုံးရဲ့ အုတ်ချပ်တွေလို တုပပြီး အညိုရောင်ဖျော့ဖျော့ အုတ်ချပ်ကွဲပြားတွေနဲ့ အလှဆင်ထားတယ်။ သူ့ရဲ့ အလယ်ခေါင်မှာတော့ တောက်ပြောင်နေတဲ့ ဘေစင်တစ်လုံး။ သူ့ရဲ့အရှည်လျားဆုံး အနားတစ်ဘက်မှာတော့ မိသားစုဝင်တွေ ထိုင်ဖို့ ထိုင်ခုံအမြင့်သုံးလုံး ချထားတယ်။ အစောပိုင်းကာလတွေမှာ ဂျိုစီက သန်မာကြံ့ခိုင်နေသေးတာဆိုတော့ သူက အလယ်ကျွန်းမှာ ထိုင်ပြီး သူ့ရဲ့ ကျူတိုရီယယ်တွေကို လုပ်နေတတ်တယ်။ ဒါမှမဟုတ် သူ့ရဲ့ ခဲတံတွေ၊ ပုံဆွဲစာအုပ်နဲ့ အပန်းဖြေနေတတ်တယ်။ စစချင်းမှာတော့ အလယ်ကျွန်းရဲ့ ထိုင်ခုံအမြင့်ပေါ်မှာ ထိုင်ရတာ ကျွန်မအတွက် အခက်အခဲ ဖြစ်ခဲ့ရတယ်။ ကျွန်မရဲ့ ခြေထောက်တွေက ကြမ်းပြင်ကိုမှ မထိနိုင်တာပဲဟာ။ နောက်ပြီး ခြေထောက်တွေကို လှုပ်ယမ်းဖို့ ကြိုးစားလိုက်ရင် ထိုင်ခုံဖရိန်ပေါ်မှာ ကန့်လန့်ဖြတ်ထားတဲ့ တန်းတစ်တန်းက ကျွန်မကို ကာဆီးကာဆီး လုပ်နေတတ်ပါရော။ ဒါပေမယ့် မကြာခင်မှာပဲ ကျွန်မ ဂျိုစီ ဆီကနေ အတုခိုးနိုင်ခဲ့တယ်။ သူက အလယ်ကျွန်းရဲ့ မျက်နှာပြင်ပေါ်ကို တံတောင်ဆစ်တွေနဲ့ မြဲမြဲထောက်ထားတယ်လေ။ အဲဒီနောက်ပိုင်းမှာတော့ ထိုင်ရတာ ပိုပြီး လုံခြုံတယ်လို့ ခံစားလာရတယ်။ ဒါပေမယ့် အိမ်ထိန်း မယ်လနီယာက ကျွန်မအနောက်ကနေ ရုတ်တရက် ပေါ်လာပြီး ရေပိုက်ခေါင်းကို လှမ်းကိုင်မယ်။ ရေတွေကို ဒလဟောထွက်အောင် လုပ်မယ်ဆိုတဲ့ ဖြစ်နိုင်ခြေက အမြဲတမ်း ရှိနေတုန်းပဲ။ ပထမဆုံးအကြိမ် အဲဒီလို ဖြစ်ခဲ့တုန်းက ကျွန်မ လဲယိုင်လုမတတ် တုန်လှုပ်သွားခဲ့တယ်။ ဒါပေမယ့် နံဘေးမှာရှိတဲ့ ဂျိုစီကတော့ တုတ်တုတ်မျှ မလှုပ်ခဲ့ဘူး။ မကြာခင်မှာပဲ ကျွန်မ နားလည် သဘောပေါက်လာတယ်။ ရေမှုန်ရေမွှားတွေက တကယ်တော့ နည်းနည်းလေးမှ ကြောက်စရာမကောင်းဘူးလေ။

မီးဖိုချောင်ဟာ နေမင်းကြီး ထိုးစိုက်ဝင်ရောက်ဖို့အတွက် အကောင်းဆုံး အခန်းတစ်ခန်းပဲ။ သူ့မှာ ကျယ်ပြန့်တဲ့ ကောင်းကင်ကြီးကို မျက်နှာမူထားတဲ့ ပြတင်းပေါက် အကျယ်ကြီးတွေ ရှိတယ်။ အိမ့်ပြင်မှာကလည်း ယာဉ်သွားယာဉ်လာနဲ့ လူသွားလူလာက လုံးဝနီးပါးကို မရှိသလောက်ပဲ။ ပြတင်းပေါက် အကျယ်တွေကနေ ရပ်ကြည့်ရင် တောင်ကုန်းပေါ် တက်သွားပြီး ဟိုးအဝေးက သစ်ပင်တွေကြားမှာ ပျောက်ကွယ်သွားတဲ့ လမ်းမကြီးကို လှမ်းမြင်ရနိုင်တယ်။ မီးဖိုချောင်ဟာ မကြာခဏ ဆိုသလို နေမင်းကြီးရဲ့ အကောင်းဆုံး ဩဇာဓာတ်တွေနဲ့ ပြည့်နှက်နေတယ်။ နောက်ပြီး ပြတင်းပေါက် အကျယ်ကြီးတွေအပြင် မျက်နှာကြက် အမြင့်ကြီးပေါ်မှာလည်း လသာပေါက်တစ်ပေါက် ရှိနေသေးတယ်။ အဲဒါကို အဝေးထိန်းခလုတ်နဲ့

mgyoe.com

 mgyoe.com SAMPLE BOOK 

ဖွင့်လို့၊ ဖွက်လို့ရတယ်။ နေမင်းကြီးက သူ့ရဲ့ ဩဇာဓာတ်တွေကို ပို့လွှတ်နေပါတယ် ဆိုမှ အိမ်ထိန်း မယ်လနီယာက လသာပေါက်ကို မကြာမကြာ ပိတ်ပစ်တတ်တယ်။ အစပိုင်းမှာတော့ သူ အဲဒီလို လုပ်တာကို ကျွန်မ စိတ်ပူခဲ့ဖူးသေးတယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ဂျီစီကို တအား ပူလောင်လာအောင် လုပ်နေတာပါလားလို့ ကျွန်မ တွေ့မြင်လာတယ်။ နောက်တော့ နေပြောက်တွေက သူ့အပေါ်မှာ သိပ်ကို အရှိန်ပြင်းလွန်းလာရင် အဝေးထိန်းခလုတ်ကို ကျွန်မကိုယ်တိုင် အသုံးပြုတတ်အောင် ကျွန်မ သင်ယူခဲ့တယ်။

ယာဉ်တွေနဲ့ လမ်းသွားတဲ့လူတွေ မရှိလို့တင်မကဘဲ တခြား AF တွေ တစ်ယောက်မှ မရှိတာကြောင့် ကျွန်မ အချိန်တော်တော်ကြာတဲ့အထိ ထူးဆန်းအံ့ဩနေခဲ့တယ်။ ဒါပေါ့၊ ဒီအိမ်ထဲမှာ တခြား AF တစ်ယောက် ရှိနေလိမ့်မယ်လို့တော့ ကျွန်မ မမျှော်လင့်ခဲ့ပါဘူး။ နောက်ပြီး တစ်ယောက်တည်းသော AF ဖြစ်နေတဲ့အတွက်လည်း ဘယ်ဘက်ကကြည့်ကြည့် ကျွန်မ ကျေနပ်နေခဲ့မိတယ်။ အဲဒီလိုဆိုရင် ကျွန်မရဲ့ အာရုံစူးစိုက်မှုကို ဂျီစီ တစ်ယောက်တည်းပေါ်မှာပဲ အပြည့်အဝပေးထားလို့ ရမယ် မဟုတ်လား။ ဒါပေမယ့် ကျွန်မရဲ့နံဘေးက တခြား AF တွေရဲ့ လေ့လာသင်ယူမှုနဲ့ ခန့်မှန်းတွက်ချက်မှုတွေကနေ အကြောင်းပြုပြီး ကျွန်မရဲ့ ကိုယ်ပိုင်လေ့လာသင်ယူမှုနဲ့ ခန့်မှန်းတွက်ချက်မှုတွေကို လုပ်ဆောင်ရတာကို ကျွန်မ ဘယ်လောက်တောင် အသားကျနေခဲ့ပြီလဲ ဆိုတာကို ကျွန်မ သဘောပေါက်ပါတယ်။ ဒီမှာတော့ အဲဒီအကျင့်ကြီးကို ကျွန်မ ပြင်ဆင်မှု ပြုလုပ်ရတော့မယ်။ အစောပိုင်း နေ့ရက်တွေ (လေလွင့်နေတဲ့ ကာလတွေ) မှာ ကျွန်မဟာ တောင်ကုန်းပေါ် ဖြတ်သန်းသွားတဲ့ အဝေးပြေးလမ်းမကြီးကို မကြာခဏ ငေးကြည့်နေတတ်တယ်။ ဒါမှမဟုတ် အိပ်ခန်းရဲ့ အနောက်ဘက် ပြတင်းပေါက်ကနေ ကွင်းပြင်တွေကို ဖြတ်ပြီး တစ်မျှော်တစ်ခေါ် ငေးကြည့်နေတတ်တယ်။ ဟိုးအဝေးက AF တစ်ယောက်ရဲ့ အရိပ်အယောင်ကိုများ တွေ့မြင်ရလေမလားလို့ ကျွန်မရဲ့ အကြည့်တစ်စုံနဲ့ ရှာဖွေနေခဲ့မိတယ်။ အဲဒီလို ဖြစ်နိုင်ခြေက ဘယ်လောက်တောင် နည်းပါးလွန်းသလဲ၊ မြို့ပြနဲ့ တခြားအဆောက်အအုံတွေကနေ ဘယ်လောက်တောင် ကွာလှမ်းနေသလဲဆိုတာကို သတိမထားမိခင်အထိပေါ့။

အိမ်မှာနေရတဲ့ အစပိုင်း နေ့ရက်တွေမှာ အိမ်ထိန်း မယ်လနီယာဟာ မန်နေဂျာမမလို လူတစ်ယောက် ဖြစ်ရမယ်လို့ ကျွန်မ ရှုးရှုးမိုက်မိုက် တွေးထင်ထားခဲ့မိတယ်။ အဲဒီလို တွေးထင်ထားလို့လည်းပဲ နားလည်မှုလွဲမှားတာမျိုးတွေ အနည်း

mgyoe.com

mgyoe.com SAMPLE BOOK

အကျဉ်း ကြုံတွေ့ခဲ့ရတယ်။ ဥပမာ ပြောရရင် ကျွန်မရဲ့ဘဝအသစ်နဲ့ ပတ်သက်ပြီး အမျိုးမျိုး အဖုံဖုံသော ကိစ္စရပ်တွေကို ကျွန်မကို ရှင်းပြပေးဖို့ သူ့မှာ တာဝန်ရှိတယ်လို့ ကျွန်မ ယူဆထားခဲ့မိတယ်။ ဒီတော့ အိမ်ထိန်း မယ်လနီယာရဲ့ နံဘေးမှာ ကျွန်မက ခဏခဏဆိုသလို ကပ်နေတတ်လို့ သူ့ခမျာ နားလည်ရလည်းခက်၊ စိတ်အနှောင့် အယှက်လည်း ဖြစ်ခဲ့ရတာကို နောက်တော့ နားလည်ပေးလို့ရသွားတယ်။ နောက်ဆုံး တစ်ကြိမ် သူက စိတ်ဆိုးမာန်ဆိုးနဲ့ ကျွန်မဘက် လှည့်လာပြီး "ဟဲ့ AF ငါ့နောက် တစ်ကောက်ကောက် လိုက်မနေစမ်းနဲ့။ ထွက်သွား" လို့ အော်ငေါက်လိုက်တဲ့အခါ မှာ ကျွန်မ အံ့ဩသွားခဲ့တယ်။ ဒါပေမယ့် ဒီအိမ်မှာ သူ့ရဲ့ အခန်းကဏ္ဍက မန်နေဂျာနဲ့ တော်တော်လေး ကွဲပြားတယ်ဆိုတာနဲ့ ကျွန်မရဲ့ အမှားတွေပါလားဆိုတာကို သိပ် မကြာခင်မှာပဲ ကျွန်မ နားလည် သဘောပေါက်လာခဲ့တယ်။

ကျွန်မဘက်မှာ အဲဒီလို နားလည်မှုလွဲတာလေးတွေ ရှိခဲ့ပါတယ်လို့ ကိုယ့် ကိုယ်ကိုယ် အသိအမှတ် ပြုထားတာတောင်မှ အိမ်ထိန်း မယ်လနီယာက ကျွန်မရဲ့ တည်ရှိနေမှုကို ဟိုးအစကတည်းက မလိုလားခဲ့ဘူးဆိုတာကို မယုံကြည်ဖို့ ကျွန်မ အနေနဲ့ အခက်တွေ့နေတုန်းပဲ။ ကျွန်မက သူ့ကို ယဉ်ကျေးပျူငှာစွာနဲ့ တစ်သ မတ်တည်း ဆက်ဆံခဲ့ပေမယ့်၊ အထူးသဖြင့် ရောက်ရောက်ချင်း နေ့ရက်တွေမှာ သူ ကျေနပ်အောင် အရာသေးသေးလေးတွေကအစ ကြိုးစားပမ်းစား လုပ်ဆောင် ပေးခဲ့တယ် ဆိုပေမယ့် သူက ကျွန်မရဲ့ အပြုံးတွေကို ဘယ်တုန်းကမှ မတုံ့ပြန်ခဲ့ဘူး။ သို့တည်းမဟုတ် ကျွန်မကို အမိန့်တစ်ခု ညွှန်ကြားဖို့၊ ပြစ်တင်မောင်းမဲဖို့ကလွဲလို့ တခြား ဘာစကားမှ ပြောမလာခဲ့ဘူး။ ဒီနေ့ အဲဒီ မှတ်ဉာဏ်အပိုင်းအစတွေကို အတူတကွ စုစည်းကြည့်လိုက်တဲ့အခါမှာ သိသာထင်ရှားလာတဲ့အချက်က သူ့ရဲ့ ရန်လိုမှုဟာ ဂျိုစီအပေါ် ကျရောက်လာတော့မယ့် အဖြစ်အပျက်တွေနဲ့ သက်ဆိုင်နေ တဲ့ ပိုပြီးကြီးမားတဲ့ သူ့ရဲ့ သောကတွေနဲ့ ဆက်စပ်နေတယ်။ ဒါပေမယ့် အဲဒီတုန်း ကတော့ သူ့ရဲ့ အေးစက်စက်နိုင်မှုနဲ့ ပတ်သက်ပြီး ကျွန်မ ဘယ်လိုမှ နားမလည် နိုင်ခဲ့ဘူး။ ဂျိုစီနဲ့ ကျွန်မ အတူရှိနေတဲ့အချိန်ကို သူက မကြာမကြာ လျှော့ချပစ်ချင်ပုံ ရတယ်။ ကျွန်မရဲ့ လုပ်ငန်းတာဝန်နဲ့တော့ ဆန့်ကျင်နေတော့တာပေ့ါ။ အစောပိုင်း မှာတော့ သူက အမေရဲ့ ကော်ဖီအမြန်သောက်ချိန်နဲ့ ဂျိုစီရဲ့ နံနက်စာစားချိန်မှာ မီးဖိုချောင်ထဲ မဝင်အောင် ကျွန်မကို တားဆီး ကာကွယ်ဖို့ ကြိုးစားခဲ့သေးတယ်။ ဂျိုစီက အသည်းအသန် ကန့်ကွက်လို့သာ အမေက ကျွန်မကို လိုက်လျောတဲ့ [illegible]နနဲ့ နံနက်တိုင်းရဲ့ အခရာကျတဲ့ အခိုက်အတန့်တွေမှာ ကျွန်မကို မီးဖိုချောင်ထဲ ဝင်ခွင့်ပြု

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့တယ်။ ဒါတောင်မှ ဂျိုစီနဲ့ အမေ အလယ်ကျွန်းမှာ ထိုင်နေကြတဲ့ အတောအတွင်း ကျွန်မကို ရေခဲသေတ္တာနားမှာ ရပ်နေရမယ်လို့ အိမ်ထိန်း မယ်လနီယာက မရမက တောင်းဆိုနေခဲ့သေးတယ်။ နောက်တော့ ဂျိုစီရဲ့ ဆန္ဒပြမှုတွေကြောင့် ကျွန်မ သူတို့နဲ့ ရောထိုင်ခွင့် ရလာခဲ့တယ်။

အမေရဲ့ ကော်ဖီအမြန်သောက်ချိန်ဟာ ကျွန်မ ပြောခဲ့တဲ့အတိုင်း မနက်တိုင်းမှာ အရေးကြီးတဲ့ အခါသမယတစ်ခု ဖြစ်တယ်။ ပြီးတော့ အဲဒီအတွက် အချိန်မီဖို့ ဂျိုစီကို နှိုးရတာကလည်း ကျွန်မရဲ့ တာဝန်ဝတ္တရားတွေထဲက တစ်ခုပါပဲ။ ကျွန်မ ထပ်ခါထပ်ခါ လှုံ့လပြုခဲ့ပေမယ့် မကြာခဏဆိုသလို ဂျိုစီက နောက်ဆုံးအချိန်ထိ နိုးမလာခဲ့ဘူး။ နောက်တော့ သူက သူ့ရဲ့အခန်းတွင်း သန့်စင်ခန်းထဲကနေ အော်ပါလေရော။ "မြန်မြန်လုပ်၊ ကလာရာ။ ငါတို့ နောက်ကျတော့မယ်" အဲဒီအချိန်မှာ ကျွန်မက အခန်းအပြင် လှျောက်လမ်းပေါ်မှာ စိုးရိမ်တကြီးနဲ့ ရပ်စောင့်နေပြီ။

အမေက အလယ်ကျွန်းမှာ ထိုင်ပြီး ကော်ဖီသောက်ရင်း သူ့ရဲ့ စတုဂံအပြားကို စိုက်ကြည့်နေတာ ကျွန်မတို့ တွေ့ရတတ်တယ်။ အိမ်ထိန်း မယ်လနီယာကတော့ အနီးအနားမှာ ကော်ဖီ ထပ်ဖြည့်ပေးဖို့ စောင့်ဆိုင်းနေတယ်။ များသောအားဖြင့်တော့ ဂျိုစီနဲ့ အမေတို့ စကားစမြည်ပြောဖို့ အချိန်များများစားစား မရကြဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကော်ဖီအမြန်သောက်ချိန်အတွင်းမှာ အမေနဲ့အတူတူ ထိုင်ခွင့်ရခြင်းဟာ ဂျိုစီအတွက် ဘယ်လောက်တောင် အရေးပါသလဲဆိုတာကို ကျွန်မ မကြာခင် သဘောပေါက်လာခဲ့တယ်။ တစ်နေ့သောအချိန် ဂျိုစီရဲ့ နာမကျန်းဖြစ်မှုဟာ သူ့ရဲ့ ညကာလအတော်များများကို အနှောင့်အယှက်ပေးနေခဲ့တဲ့အခါမှာ ကျွန်မ ဂျိုစီကို နှိုးပြီးခါမှ သူ့ကို ပြန်အိပ်ခွင့်ပြုလိုက်တယ်။ အနားယူချိန်ပိုရတာက သူ့အတွက် ပိုကောင်းလိမ့်မယ်လို့ တွေးလိုက်မိလို့ပါ။ သူ ပြန်နိုးလာတော့ သူက ဖရုဿဝါစာတွေနဲ့ ကျွန်မကို အော်တော့တာပဲ။ သူက သိပ်ကို အားနည်းနေပေမယ့် သူ အောက်ထပ်ကို အချိန်မီရောက်ဖို့ အလောတကော လုပ်ဆောင်နေတော့တယ်။ ဒါပေမယ့် သူ့ရဲ့ ရေချိုးခန်းထဲကနေ ထွက်လာတဲ့အခါမှာတော့ အမေရဲ့ကားက ကျောက်ဖြုန်းလမ်းပေါ် ဖြတ်မောင်းသွားတဲ့ အသံကို ကျွန်မတို့ ကြားလိုက်ရတယ်။ နောက်တော့ ကျွန်မတို့ဟာ တောင်ကုန်းဆီ ရွေ့လျားသွားနေတဲ့ သူ့ကားကို မြင်ရဖို့အတွက် အရှေ့ဘက် ပြတင်းပေါက်ဆီကို အပြေးအလွှားသွားကြတယ်။ ဂျိုစီက ကျွန်မကို နောက်တစ်ကြိမ် ထပ်မအော်တော့ဘူး။ ဒါပေမယ့် ကျွန်မတို့

mgyoe.com

mgyoe.com SAMPLE BOOK
မီးဖိုချောင်ထဲကို ရောက်သွားပြီဆိုတာနဲ့ နံနက်စာစားနေတုန်းမှာ သူ ပြုံးရွှင်မနေတော့ဘူး။ အဲဒီအခါမှ ကျွန်မ နားလည်လာတယ်။ ကော်ဖီအမြန်သောက်ချိန်မှာ အမေနဲ့အတူ ရှိနေဖို့ ဆုံးရှုံးသွားခဲ့ရင် သူ့ရဲ့ တစ်နေ့တာလုံးမှာ အထီးကျန်မှု အန္တရာယ်ဟာ တွားသွား ဝင်ရောက်လာတယ်။ တခြား ဘယ်သို့သော လှုပ်ရှားဆောင်ရွက်မှုတွေ အစားထိုး ဝင်ရောက်လာပါစေပေါ့။

အခါအားလျော်စွာတော့ အမေ့မှာ အလောသုံးဆယ် လုပ်စရာမလိုတဲ့ နံနက်ခင်းမျိုးတွေ ရှိနေတတ်တယ်။ သူက အဆင့်အတန်းမြင့်တဲ့ အဝတ်အစားတွေ ဝတ်စားထားပေမယ့်၊ သူ့ရဲ့အိတ်ကို ရေခဲသေတ္တာမှာ မှီထားပေမယ့် သူက သူ့ရဲ့ ကော်ဖီကို ဖြည်းဖြည်းသာသာ သောက်နေတတ်တယ်။ ထိုင်ခုံအမြင့်ပေါ်ကနေ ထပြီး ခွက်နဲ့ အောက်ခံပန်းကန်ပြားကို သူ့လက်ထဲ ကိုင်ရင်း လျှောက်သွားနေတတ်သေးတယ်။ တစ်ခါတစ်ရံကျ သူက ပြတင်းပေါက်အကျယ်ကြီးတွေရဲ့ အရှေ့မှာ ရပ်ပြီး အခုလိုစကားမျိုး ပြောတတ်တယ်။ နေမင်းကြီးရဲ့ နံနက်ခင်း နေပြောက်တွေက သူ့ပေါ်မှာ ဖြာကျလို့။

"သိလား၊ ဂျိုစီ။ သမီး ရောင်စုံခဲတံတွေကို စွန့်ပစ်လိုက်ပြီလို့ မေမေ ယူဆတယ်။ သမီးဆွဲနေတဲ့ အဖြူအမဲပုံတွေကို မေမေ သဘောကျပါတယ်။ ဒါပေမယ့် ရောင်စုံပုံတွေကိုလည်း မေမေ သတိရနေတယ်"

"သမီး ဆုံးဖြတ်ထားပြီးပြီ မေမေ။ သမီးရဲ့ ရောင်စုံပန်းချီကားတွေက အဓိက အရှုက်ရစရာတွေ ဖြစ်နေတယ်"

"အရှက်ရစရာ... အို သမီးရယ်၊ မဟုတ်တာဝဲ"

"မေမေ၊ သမီး ရောင်စုံပုံဆွဲနေတာက မေမေ တယောကြီးထိုးနေသလိုပဲ။ တကယ့်ကို ဗရုတ်သုတ်ခတွေပါ"

ဂျိုစီ အဲဒီလို ပြောလိုက်တဲ့အချိန်မှာ အမေရဲ့ မျက်နှာမှာ အပြုံးပန်းတစ်ပွင့် ပွင့်လန်းလာတယ်။ အမေက သိပ်ပြီး ပြုံးလေ့မရှိဘူး။ ဒါပေမယ့် သူ ပြုံးလိုက်တဲ့အခါတိုင်းမှာ ထူးဆန်းအံ့သြစွာပဲ သူ့ရဲ့အပြုံးက ဂျိုစီနဲ့ တူနေတယ်။ သူ့ရဲ့မျက်နှာပြင်တစ်ခုလုံးက ကြင်နာယုယခြင်းတွေနဲ့ ပြည့်လျှမ်းသွားတယ်လို့ ထင်ရတယ်။ ပြီးတော့ တင်းမာနေတဲ့ အမူအရာကြောင့် ဖြစ်ပေါ်လာလေ့ရှိတဲ့ အရေးအကြောင်းတွေကလည်း ရွှင်မြူးဖွယ်နဲ့ နူးညံ့သိမ်မွေ့မှုရဲ့ အရေးအကြောင်းတွေအဖြစ် ပုံပြောင်းသွားတတ်ကြတယ်။

"မေမေ ဝန်ခံရလိမ့်မယ်။ မေမေ တယောကြီးထိုးတာက အကျွမ်းကျင်
mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်နိုင်ဆုံး အချိန်မှာတောင် သွေးစုပ်ဖုတ်ကောင်ရဲ့ ဖွားအေအသံနဲ့ တူနေတယ်။ ဒါပေမယ့် သမီးရဲ့ အရောင်တွေ အသုံးပြုပုံက ဘာနဲ့ ပိုတူသလဲဆိုတော့၊ အင်း... နွေညနေခင်းတစ်ခုရဲ့ ရေကန်လေးတစ်ကန်လို၊ အဲဒီလိုမျိုးပဲ။ သမီးက အရောင်တွေနဲ့ လှပတဲ့ အရာဝတ္ထုတွေကို ဖန်တီးနိုင်တယ် ဂျိုစီ။ သူများတွေ တွေးတောင်မတွေးဖူးတဲ့ အရာဝတ္ထုတွေကို ဖန်တီးနိုင်တယ်"

"မေမေရယ်၊ ကလေးတွေရဲ့ ပုံတွေက သူတို့မိဘတွေရဲ့ အမြင်မှာ အကုန်လုံး ဒီအတိုင်းချည်းပါပဲ။ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်နဲ့ သက်ဆိုင်လိမ့်မယ်ထင်တယ်"

"သမီး ဘာသိလို့လဲ။ မေမေ့အထင်တော့ ဒါတွေအားလုံးက ဟိုးရှေ့တစ်ခေါက် မိတ်ဆုံပွဲမှာ သမီး ကိုယ်တိုင် လုပ်ထားတဲ့ အင်မတန်ကောင်းတဲ့ လက်ကမ်းကြော်ငြာကို သမီး ယူလာခဲ့ရာကနေ စခဲ့တာပဲ။ ဟိုရှေ့တစ်ခေါက်က မိတ်ဆုံပွဲမှာလေ။ အဲဒီမှာ ရစ်ချက်ရဲ့ သမီးက ကဲ့ရဲ့တဲ့ စကားနှစ်ခွန်းလောက် ပြောခဲ့တယ်မဟုတ်လား။ ဒီစကားကို မေမေ အရင်ကလည်း ပြောခဲ့ဖူးပြီးပါပြီ။ ဒါပေမယ့်ဒီမှာ ထပ်ပြောရဦးမယ်။ အဲဒီကလေးမလေးက သမီးရဲ့ အစွမ်းအစကို မနာလိုဖြစ်နေတာလေ။ ဒါကြောင့်လည်း သမီးရဲ့လုပ်ရပ်အပေါ် သူ အဲဒီလို ပြောနေခဲ့တာပေါ့"

"ကောင်းပြီလေ၊ မေမေက အဲဒီလို အမှန်တကယ် ယူဆရင်တော့ သမီး အရောင်တွေကို ပြန်သုံးတော့မယ်။ အတုံ့အလှည့်အနေနဲ့ မေမေကလည်း တယောကြီးကို နောက်တစ်ကြိမ် ပြန်ထိုးပေါ့"

"အမယ်လေးလေး။ အခုတော့ အားလုံးက လွန်ကုန်ပါပြီ သမီးရယ်။ တကယ်လို့သာ တစ်ယောက်ယောက်က သူတို့ရဲ့ ဇွန်ဘီရုပ်ရှင်ကားအတွက် နောက်ခံတီးလုံးတစ်ခု လိုချင်တယ် ဆိုရင်တော့ တစ်မျိုးပေါ့"

သို့ပေမယ့် မေမေ့အတွက် ကော်ဖီအမြန်သောက်ချိန်က အလောတကြီး လုပ်စရာ မလိုဘူးဆိုရင်တောင် မရယ်မပြုံးဘဲ မျက်နှာကြောတင်းတင်းနဲ့ နေနေတတ်တဲ့ တခြားနံနက်ခင်းတွေလည်း ရှိသေးတယ်။ တကယ်လို့ ဂျိုစီက သူ့စတုဂံအပြားထဲက ကျူရှင်ဆရာတွေအကြောင်း ပြောတဲ့အခါမှာ၊ တတ်နိုင်သလောက်အရွှန်းဖောက်ပြီး ပြောတဲ့အခါမှာ အမေက အစိုးရိမ်ကြီးတဲ့ မျက်နှာပေးနဲ့ နားထောင်နေပြီး နောက်တော့ ကြားဖြတ် ဝင်ပြောတတ်တယ်။

"ပြောင်းနိုင်ပါတယ်။ သမီးက အဲဒီလူကို သဘောမကျဘူးဆိုရင် မေမေတို့ အချိန်မရွေး ပြောင်းလိုက်လို့ ရတာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်ဘူး မေမေ။ သမီးက ပြောရုံတင် ပြောပြတာလေ။ တကယ်တော့ ဒီလူကြီးက အရင်တစ်ယောက်ထက် အများကြီး ပိုကောင်းပါတယ်။ သူက ရယ်စရာလည်း ကောင်းတယ်"

"ကောင်းပြီလေ" အမေက ခေါင်းညိတ်တယ်။ သူ့မျက်နှာကတော့ တည်တည်ကြီး ဖြစ်နေတုန်းပဲ။ "သမီးက သူများကို အမြဲတမ်း အခွင့်အရေးတစ်ခုပေးဖို့ ဆန္ဒရှိနေတတ်တယ်။ ဒါက ကောင်းတဲ့ စရိုက်လက္ခဏာတစ်ခုပါ"

ဂျိုစီရဲ့ ကျန်းမာရေး အခြေအနေ အတော်အတန် ကောင်းနေတဲ့ အဲဒီနေ့ရက်တွေမှာ သူက သူ့ရဲ့ညနေစာကို အမေ အလုပ်က ပြန်ရောက်ပြီးနောက်မှ စားသုံးချင်လေ့ရှိတယ်။ ဆိုလိုတာက ကျွန်မတို့ဟာ အပေါ် တက်ပြီး ဂျိုစီရဲ့ အခန်းထဲမှာ အမေ ပြန်ရောက်တဲ့အထိ စောင့်နေကြရတယ်။ နောက်ပြီး နေမင်းကြီးက သူ အနားယူမယ့်နေရာဆီသွားနေတာကို စောင့်ကြည့်ကြတယ်။

ဂျိုစီ ကတိပေးထားခဲ့ဖူးသလိုပဲ။ အိပ်ခန်းရဲ့ အနောက်ဘက် ပြတင်းပေါက်မှာက မိုးကုပ်စက်ဝိုင်းအထိ တစ်နံတစ်လျားကျယ်ပြန့်တဲ့ ကွင်းပြင်ကြီးတစ်လျှောက် ရှင်းပြတ်တဲ့ မြင်ကွင်းတစ်ခု ရှိနေတယ်။ နေမင်းကြီးက သူ့ရဲ့ တစ်နေ့တာကို အဆုံးသတ်တဲ့အခါမှာ မြေကြီးအောက်ထဲ လျှိုးဝင်ပျောက်ကွယ်သွားတာကို ကြည့်ရှုနိုင်ဖို့ ကျွန်မတို့ အခွင့်ရခဲ့ကြတယ်။ ဂျိုစီက အမြဲတမ်းလိုလို 'ကွင်းပြင်ကြီး'လို့ ပြောနေပေမယ့် တကယ်တမ်းတော့ အဲဒါက ကွင်းပြင်သုံးခု ဆက်စပ်တည်ရှိနေတာပါ။ ဂရုတစိုက်ကြည့်တတ်တဲ့ ဘယ်သူမဆို သူတို့ရဲ့ နယ်နိမိတ်တွေကို မှတ်သားထားတဲ့ မှတ်တိုင်တွေကို တွေ့နိုင်ပါတယ်။ ကွင်းပြင်သုံးခုစလုံးထဲမှာ မြက်ပင်တွေက ရှည်လျားစွာ ပေါက်ရောက်နေကြတယ်။ လေတိုက်လိုက်ပြီ ဆိုတာနဲ့ ကိုယ်ပျောက်လူတစ်ယောက်က အဲဒီအထဲမှာ ကမူးရှူးတိုး ဖြတ်ပြေးနေတဲ့အတိုင်းပဲ။

အိပ်ခန်းရဲ့ အနောက်ဘက်ပြတင်းပေါက်ကနေ လှမ်းမြင်နေရတဲ့ ကောင်းကင်ကြီးက ဆိုင်ရဲ့ ကောင်းကင်ကြီးထက် အဆပေါင်းများစွာ ပိုကြီးနေတယ်။ နောက်ပြီး အပြောင်းအလဲတွေကလည်း အခုတစ်မျိုး တော်ကြာတစ်မျိုး။ တစ်ခါတလေမှာ သူ့ရဲ့အရောင်က သစ်သီးပန်းကန်ထဲက သံပရာသီးတွေရဲ့ အရောင်မျိုး။ နောက်တော့ စဉ်းတီတုံးရဲ့ မီးခိုးရောင်မျိုး ပြောင်းသွားတယ်။ ဂျိုစီ နေမကောင်းတဲ့ နေ့တွေမှာဆိုရင် ကောင်းကင်ရဲ့ အရောင်က သူ့ရဲ့ အန်ဖတ် ဒါမှမဟုတ် သူ့ရဲ့ ဖြူဖျော့တဲ့ မစင်လို အရောင်မျိုး ပြောင်းသွားတတ်တယ်။ ဒါမှမဟုတ် သွေးကွက်တွေလိုမျိုးတောင် ဖြစ်လာတတ်သေးတယ်။ တစ်ခါတလေမှာကျတော့ ကောင်းကင်ကြီးက

mgyoe.com

mgyoe.com SAMPLE BOOK

စတုရန်းကွက်တွေ အများကြီးအဖြစ် ကွဲပြားနေပြီးတော့ သူတို့ တစ်ခုချင်းစီမှာ မတူညီတဲ့ ခရမ်းရောင်ရဲ့ အနုအရင့် ရောင်စဉ်တွေ ဖြန့်ကျက်ထားကြတယ်။

အိပ်ခန်းရဲ့ အနောက်ဘက် ပြတင်းပေါက်နံဘေးမှာ နို့နှစ်ရောင် ဆိုဖာ တစ်လုံး ချထားတယ်။ အဲဒါကို ကျွန်မက စိတ်ထဲမှာ 'ကြယ်သီးဆိုဖာ'လို့ နာမည်ပေး ထားတယ်။ သူက အခန်းတွင်းကို မျက်နှာမူထားတယ်ဆိုပေမယ့် ဂျိုစီနဲ့ ကျွန်မက အဲဒီအပေါ်မှာ ဒူးထောက်၊ ကျွန်မတို့ရဲ့ လက်တွေကို ဆိုဖာနောက်မှီပေါ် ထောက်ပြီး ကောင်းကင်နဲ့ ကွင်းပြင်ကြီးကို ငေးကြည့်တတ်ကြတယ်။ နေမင်းကြီးရဲ့ တစ်နေ့တာ ခရီးစဉ်ရဲ့ ဇာတ်သိမ်းပိုင်းကို ကျွန်မ ဘယ်လောက်တောင် နှစ်သက်သဘောကျသလဲ ဆိုတာကို ဂျိုစီက နားလည်မှုပေးတဲ့အနေနဲ့ ကျွန်မတို့ဟာ တတ်နိုင်သမျှ ကာလ ပတ်လုံး 'ကြယ်သီးဆိုဖာ' ပေါ်ကနေ အဲဒါကို စောင့်ကြည့်ဖို့ ကြိုးစားခဲ့ကြတယ်။ မေမေဟာ ပြန်နေကျအချိန်ထက် စောပြီး ခပ်စောစော ပြန်လာခဲ့တဲ့ နေ့တစ်နေ့ ရှိခဲ့ဖူးတယ်။ သူနဲ့ ဂျိုစီတို့က အလယ်ကျွန်းရှိ ထိုင်ခုံအမြင့်မှာ ထိုင်ရင်း စကားပြော နေကြတုန်း သူတို့ လွတ်လွတ်လပ်လပ် စကားပြောနိုင်ဖို့အတွက် ကျွန်မက ရေခဲ သေတ္တာဘေးမှာ သွားရပ်နေလိုက်တယ်။ အဲဒီညနေက အမေဟာ အားခွန်အပြည့်နဲ့ အတော်ကို စိတ်အားတက်ကြွနေတယ်။ စကားကို တရစပ် ပြောနေတယ်။ သူ့ရုံး ခန်းမှာ ကြုံတွေ့ခဲ့ရတဲ့ လူတွေရဲ့ ရယ်မောဖွယ်ရာအကြောင်းတွေကို ပြန်ပြီး ဖောက် သည်ချနေတယ်။ မထင်ရင် မထင်သလိုလည်း စကားစကို ရပ်ပြီး ရယ်မောနေ တတ်သေးတယ်။ တစ်ခါတစ်ခါကျတော့ ဝါးလုံးကွဲ ရယ်နေလိုက်တာ အသက်ရှူ တောင် ရပ်သွားမလား အောက်မေ့ရတယ်။ သူတို့နှစ်ယောက် စကားပြောနေတုန်း အမေက စကားစရပ်ပြီး ရယ်ဖို့ အားယူနေတဲ့ အခါမျိုးမှာ ဂျိုစီက ကြားဖောက်ပြီး ဝင်ပြောတတ်တယ်။

"မေမေ၊ သိပ်ကို ရယ်စရာကောင်းတာပဲနော်။ ဒါပေမယ့် သမီးနဲ့ ကလာရာ ကို အခန်းထဲ တစ်ခဏလောက် သွားခွင့်ပြုနိုင်မလား။ ကလာရာက နေဝင်ဆည်း ဆာကို ကြည့်ရတာ အရမ်းသဘောကျတာ။ အခုချိန်မသွားရင် သမီးတို့ ကြည့်နိုင် တော့မှာ မဟုတ်ဘူး"

သူ အဲဒီလို ပြောလိုက်တဲ့အချိန်မှာ ကျွန်မ ဘေးပတ်ဝန်းကျင်ကို လှမ်း ကြည့်လိုက်မိတယ်။ မီးဖိုချောင်ထဲမှာ နေမင်းကြီးရဲ့ ဆည်းဆာရောင်ခြည်နဲ့ ပြည့်နှက် နေတာကို ကျွန်မ တွေ့လိုက်ရတယ်။ အမေက ဂျိုစီကို စိုက်ကြည့်နေတယ်။ သူ့ စိတ်ဆိုးတော့မှာပဲလို့ ကျွန်မ ထင်နေခဲ့တာ။ ဒါပေမယ့် ခဏနေတော့ သူ့မျက်နှာက

mgyoe.com SAMPLE BOOK

ကြင်နာတဲ့ အပြုံးအဖြစ် ရွေ့လျောသွားတယ်။ ပြီးတော့ ပြောတယ်။ "ဒါပေါ့၊ သမီးရယ်။ သွား...သွား။ နေဝင်တာကို သွားကြည့်ကြ။ ပြီးရင်တော့ မေမေတို့ ညစာစားကြမယ်"

ကွင်းပြင်တွေနဲ့ ကောင်းကင်ကြီးကလွဲလို့ အိပ်ခန်းရဲ့ အနောက်ဘက် ပြတင်းပေါက်ကနေ ကျွန်မတို့ မြင်နိုင်တဲ့ တခြားအရာတွေက ကျွန်မရဲ့ စူးစမ်းလို စိတ်ကို နှိုးဆွပေးနေကြတယ်။ အဝေးဆုံးကွင်းပြင်ရဲ့ အဆုံးမှာရှိတဲ့ အနက်ရောင် သေတ္တာလို အရာမျိုးလေး။ အဲဒါက မြက်ပင်တွေ ယိမ်းနွဲ့နေသလို လိုက်ပြီး ရွေ့လျား မနေဘူး။ နောက်ပြီး နေမင်းကြီးက မြက်ပင်တွေနဲ့ ထိလုမတတ် နိမ့်ဆင်းသွားတဲ့ အခါမှာလည်း အဲဒီ အနက်ရောင်ပုံပန်းသဏ္ဌာန်က ဖျော့တော့တော့ ဆည်းဆာရဲ့ အရှေ့ဘက်မှာ ရှိမြဲ ရှိနေတုန်းပဲ။ အဲဒီ ညနေခင်းမှာပေါ့။ ဂျိုစီကို ကျွန်မ လက်ညှိုး ထိုးပြခဲ့တယ်။ ကျွန်မ အဲဒီလို ညွှန်ပြလိုက်တော့ သူက ကြယ်သီးဆိုဖာပေါ်မှာ ခါးကို ဆန့်လိုက်ပြီး သူ့လက်ဖဝါးတွေကို မျက်စိရှေ့ ရွှေ့လိုက်တယ်။

"အိုး... နင် မြင်နေတာ မစ္စတာမက်ဘိန်းရဲ့ ကျီ ဖြစ်လိမ့်မယ်"

"ကျီ..."

"တကယ်တော့ ကျီလို့ ခေါ်လို့ မရလောက်ဘူး။ သူ့ဘေးဘက်တွေက ပွင့်နေတယ်။ တဲအိမ်နဲ့ ပိုတူသလိုပဲ။ မစ္စတာမက်ဘိန်းက အဲဒီမှာ ပစ္စည်းတွေ သိမ်းတယ်။ ငါ အဲဒီကို ရစ်ခ်နဲ့ တစ်ခါရောက်ဖူးတယ်"

"နေမင်းကြီးက ဘယ်နှယ့်ကြောင့် အဲဒီလိုနေရာမျိုးမှာ သွားနေရတာလဲ။ အံ့ဩပါရဲ့"

"အင်း" ဂျိုစီကပြောတယ်။ "နေမင်းကြီးမှာ အနိမ့်ဆုံးတော့ နန်းဆောင် တစ်ဆောင် လိုအပ်လိမ့်မယ်လို့ နင် ထင်ထားတာ မဟုတ်လား။ ငါ အဲဒီကို နောက်ဆုံး တစ်ကြိမ် ရောက်ပြီးနောက်ပိုင်း မစ္စတာမက်ဘိန်းက အကြီးစားပြင်ဆင်မှုမျိုး လုပ်ထားလိမ့်မယ် ထင်တယ်"

"ဂျိုစီတို့က အဲဒီကို ဘယ်တုန်းက ရောက်ခဲ့တာမို့လဲ"

"အင်း၊ တော်တော်ကြီး ကြာသွားပြီပေါ့။ ရစ်ခ်နဲ့ ငါက ပိစိကွေးလေးပဲ ရှိကြသေးတာ။ ငါ နေမကောင်း မဖြစ်ခင်ပေါ့"

"အဲဒီ အနီးအနားမှာ ပုံမှန်မဟုတ်တဲ့ အရာတစ်ခုခုများ မရှိဘူးလား။ မုခ်ဦးတစ်ခု ဒါမှမဟုတ် ကမ္ဘာမြေအောက်ထဲ ဆင်းသွားလို့ရတဲ့ လှေကားထစ်တွေ ဖြစ်ဖြစ်ပေါ့"

mgyoe.com

mgyoe.com
SAMPLE BOOK

"ဟင့်အင်း၊ အဲဒါမျိုးတွေ တစ်ခုမှ မရှိဘူး။ ကျိုပဲ ရှိတယ်။ အဲဒါလေး ရှိနေတာကိုပဲ ငါတို့မှာ ပျော်လို့ မဆုံးတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့က အရမ်းကို ငယ်သေးတယ်လေ။ နောက်ပြီး အဲဒီကိုရောက်ဖို့ လျှောက်လိုက်ရတာ လူကို ဖတ်ဖတ်မောလို့ပါဟာ။ နင့်ကို သတိပေးရဦးမယ်။ အဲဒီနေရာက နေဝင်တဲ့ နေရာနဲ့ အဝေးကြီးလိုသေးတယ်။ တကယ်လို့သာ အဲဒီမှာ နန်းတော်ကိုရောက်မယ့် မုခ်ဦးတစ်ခု ရှိနေမယ်ဆိုရင် အဲဒါကို ဖွက်ထားလိမ့်မယ် ထင်တယ်။ နေမင်းကြီး အဲဒီနေရာကို ရောက်တဲ့အခါကျမှ တံခါးကြီးက ပွင့်သွားတာလည်း ဖြစ်ချင်ဖြစ်မှာ ပေါ့။ ငါ အဲဒီလိုဟာမျိုး ရုပ်ရှင်ကားတစ်ကားထဲမှာ ကြည့်ခဲ့ဖူးတယ်။ လူဆိုးတွေက သူတို့ရဲ့ဌာနချုပ်ကို မီးတောင်တစ်လုံးထဲမှာ ထားထားကြတာလေ။ သူတို့ ရဟတ်ယာဉ်နဲ့ အောက်ထဲကို ဆင်းတော့မယ်ဆိုမှ မီးတောင်ထိပ်မှာ ရှိတဲ့ ချော်ရည်ကန်ကြီးက ထက်ခြမ်းကွဲပြီး ပွင့်သွားတော့တာ။ နေမင်းကြီးရဲ့ နန်းတော်ကလည်း အဲဒီ ပုံစံအတိုင်း အလုပ် လုပ်သလား မပြောတတ်ဘူး။ ဒါပေမယ့် ငါနဲ့ ရစ်ခ်ီကတော့ အဲဒါကို ရှာမနေခဲ့ပါဘူး။ ငါတို့ အဲဒီကို အပျော်သဘောသက်သက် သွားခဲ့ကြတာ။ ဟိုရောက်တော့ ပူလွန်းအားကြီးလို့ အရိပ်ကိုပဲ ရှာနေခဲ့တာ။ 'ဒါကြောင့် ငါတို့ မစ္စတာမက်ဘိန်းရဲ့ ကျီထဲမှာ တစ်ခဏလောက် ဝင်ထိုင်ပြီး ပြန်လာခဲ့တယ်" သူက ကျွန်မရဲ့ လက်မောင်းကို ညင်ညင်သာသာ လှမ်းကိုင်တယ်။ "ငါတို့ အဲဒီထက် ပိုပြီး မြင်ခဲ့ရင် ကောင်းမှာပဲလို့ မျှော်လင့်မိပါရဲ့။ ဒါပေမယ့် ငါတို့ မမြင်ခဲ့ရဘူး"

နေမင်းကြီးက မြက်ပင်တွေရဲ့အကြားမှာ မျဉ်းတိုလေးတစ်ကြောင်းအဖြစ် ပြိုးပြက်နေတယ်။

"သူ သွားပြီ" ဂျိုစီက ပြောတယ်။ "အိပ်ကောင်းခြင်း အိပ်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"

"ဟိုကောင်လေးက ဘယ်သူလဲ။ ရစ်ခ် ဆိုတာလေ"

"ရစ်ခ်... ငါ့ရဲ့ အခင်ဆုံးသူငယ်ချင်းပေါ့"

"သြော်... အင်း"

"ဟေ့ ... ကလာရာ။ ငါ ပြောတာ ဘာများ အမှားပါသွားလို့လဲ"

"မပါပါဘူး။ ဒါပေမယ့် အခုတော့ ဂျိုစီရဲ့ အခင်ဆုံး သူငယ်ချင်းဖြစ်ဖို့က ငါ့ရဲ့တာဝန် ဖြစ်သွားပြီလေ"

"နင်က ငါ့ရဲ့ AF လေ။ ကွာတာပေါ့။ ဒါပေမယ့် ရစ်ခ်က ဘယ်လို ပြောရမလဲ။ ငါတို့က ငါတို့ရဲ့ ဘဝတွေကို အတူတကွ ဖြတ်သန်းကြမှာ"

mgyoe.com

mgyoe.com SAMPLE BOOK

နေမင်းကြီးက အခုဆိုရင် မြက်ပင်တွေကြားမှာ ပန်းရောင်အမှတ်တစ်ခု သာသာလောက်ပဲ ရှိနေတော့တယ်။

"ရစ်ခ်က ငါ့အတွက်ဆိုရင် လုပ်မပေးနိုင်တာ ဘာတစ်ခုမှ မရှိဘူး" သူက ပြောတယ်။ "ဒါပေမယ့် သူက အဲရမ်းကို စိုးရိမ်ကြီးတယ်။ ငါတို့ရဲ့ အကြားမှာ ဝင်ရောက်လာမယ့် ဥ-ရာတွေအပေါ် အမြဲတမ်း စိုးရိမ်နေတတ်တယ်"

"ဘယ်လိုအရာမျိုးတွေလဲ"

"အင်း... နင် သိပါတယ်ဟာ။ အချစ်နဲ့ ကြည်နူးဆွတ်ပျံ့မှုတွေအကြောင်း တစ်ခုလုံးကို သူ နားလည်အောင် ကြိုးစားရဦးမယ်။ နောက်ပြီး တခြားကိစ္စလည်း ရှိနေဦးမယ် ထင်တယ်"

"တခြားကိစ္စဆိုတာ..."

"ဒါပေမယ့် သူက စိတ်ပူစရာမရှိဘဲ ကြံဖန် စိတ်ပူနေတာပါဟာ။ ငါနဲ့ ရစ်ခ်ရဲ့ ကိစ္စကို ဟိုးအစောကြီးကတည်းက ဆုံးဖြတ်ချက်ချခဲ့ပြီးသား။ အဲဒါက ပြောင်းလဲသွားနိုင်စရာအကြောင်း မရှိဘူးလေ"

"အခု အဲဒီ ရစ်ခ်က ဘယ်မှာလဲ။ သူက ဒီအနီးအနားမှာပဲ နေတာလား"

"ဘေးအိမ်မှာ နေတာပဲ။ ငါ နင်တို့ကို မိတ်ဆက်ပေးပါ့မယ်။ နင်တို့နှစ်ယောက်ကို ဆုံပေးဖို့ ငါ စောင့်တောင် မစောင့်နိုင်တော့ဘူး"

❑

ကျွန်မ ရစ်ခ်နဲ့ နောက်တစ်ပတ်မှာပဲ ဆုံတွေ့ဖြစ်တယ်။ ဂျိုစီရဲ့ အိမ်ကို အပြင်ကနေ ပထမဆုံး မြင်ခွင့်ရတဲ့နေ့ပေါ့။

ဂျိုစီနဲ့ ကျွန်မက အိမ်ရဲ့ အစိတ်အပိုင်းတစ်ခုကို တခြားတစ်ခုနဲ့ ဘယ်ပုံ ဘယ်နည်း ဆက်သွယ်ထားသင့်ကြောင်း အငြင်းအခုံလေး လုပ်နေခဲ့ကြတယ်။ ဥပမာဆိုရရင် ဖုန်စုပ်စက်ဗီဒိုကို ရေချိုးခန်းကြီးရဲ့ အောက်တည့်တည့်မှာ ရှိနေသင့်တယ် ဆိုတာမျိုး သူက လက်သင့်မခံခဲ့ဘူး။ အဲဒီနောက် တစ်မနက် အဲဒီလို ငြင်းခုံမှုမျိုး နောက်တစ်ကြိမ် လုပ်ပြီးတဲ့နောက်မှာ ဂျိုစီက ပြောလေရဲ့။

"ကလာရာ၊ နင်က ငါ့ကို ရှုးအောင် လုပ်နေတာပဲ။ ပါမောက္ခဟမ်နဲ့ သင်စရာရှိတာ ပြီးပြတ်ပြီဆိုတာနဲ့ ငါ နင့်ကို အပြင်ခေါ်သွားမယ်။ ငါတို့ အဲဒါတွေ အားလုံးကို အိမ်အပြင်ဘက်ကနေ လေ့လာကြည့်ကြမယ်"

အပြင်ထွက်ရတော့မယ်ဆိုတာနဲ့ ကျွန်မ စိတ်လှုပ်ရှားလာတယ်။ ဒါပေမယ့် အရင်ဆုံးအနေနဲ့ ဂျိုစီက သူ့ရဲ့ ကျူတိုရီယယ်ကို လုပ်ရဦးမယ်။ ဒါနဲ့ အလယ်ကျွန်းရဲ့

mgyoe.com

.mgyoe.com SAMPLE BOOK

မျက်နှာပြင်ပေါ်မှာ စာရွက်တွေ ဖြန့်ခင်းပြီး သူ့ရဲ့ စတုဂံအပြားလေးကို ဖွင့်နေတဲ့ သူ့ကို ကျွန်မ စောင့်ကြည့်နေခဲ့တယ်။

သူ့ကို အနှောင့်အယှက် မပေးမိအောင်လို့ သူနဲ့ ကျွန်မရဲ့ အကြားကို လွတ်နေတဲ့ ထိုင်ခုံအမြင့်တစ်လုံးနဲ့ ခြားထားလိုက်တယ်။ သင်ခန်းစာတွေက ဖြောင့်ဖြောင့်ဖြူးဖြူး ရှိမနေဘူးဆိုတာကို ကျွန်မ မကြာခင်ပဲ ရိပ်စားမိလာတယ်။ ဂျိစီရဲ့ နားကြပ်ကနေ လျှံကျလာတဲ့ ဆရာရဲ့ အသံက ရံဖန်ရံခါ သူ့ကို မာန်မဲနေသလိုပဲ။ သူက သူ့ရဲ့သင်ခန်းစာ စာရွက်ပေါ်မှာ အမိပ္ပာယ်မဲ့စွာနဲ့ ခွေးခြစ်ကြောင်ခြစ် လျှောက်ခြစ်နေတယ်။ တစ်ခါတစ်ရံမှာ အဲဒါတွေကို ဘေစင်နားအထိရောက်အောင် အတင်းတွန်းပို့နေတတ်တယ်။ တစ်ကြိမ်မှာတော့ သူက ပြတင်းပေါက်ကြီးတွေရဲ့ အပြင်ဘက်မှာရှိတဲ့ အရာတစ်ခုခုအပေါ် စိတ်ရောက်သွားတာ ကျွန်မ သတိထားမိလိုက်တယ်။ သူက ပါမောက္ခရဲ့ စကားပြောသံကို လုံးဝ လုံးဝ နားမထောင်တော့ဘူး။ တစ်ခဏကြာတော့ သူက စခရင်မျက်နှာပြင်ကို စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်တယ်။ "ဟုတ်ကဲ့၊ ကျွန်မ လုပ်ပြီးသွားပြီ။ ကျွန်မ တကယ် လုပ်ခဲ့တယ်။ ဆရာက ကျွန်မကို ဘာဖြစ်လို့ မယုံရတာလဲ။ ဟုတ်တယ်၊ ဆရာခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်းကို လုပ်ခဲ့တာ"

သင်ခန်းစာက ကြာသင့်တာထက် ပိုကြာသွားခဲ့တယ်။ ဒါပေမယ့် နောက်ဆုံး ပြီးခါနီးတော့ ဂျိစီက ညင်ညင်သာသာနဲ့ ပြောတယ်။ "ဟုတ်ကဲ့၊ ပါမောက္ခဟမ်။ ကျေးဇူးတင်ပါတယ်။ ဟုတ်၊ ကျွန်မ တကယ် လုပ်ပါမယ်။ တာ့တာ။ ဒီနေ့သင်ခန်းစာ အတွက် ကျေးဇူးပါ ဆရာ"

သူက သက်ပြင်းတစ်ချက်ချရင်း စတုဂံအပြားလေးကို ပိတ်ပစ်လိုက်တယ်။ ပြီးတော့ သူ့ရဲ့ နားကြပ်ကိုလည်း ဖယ်ရှားပစ်လိုက်တယ်။ ကျွန်မကို မြင်လိုက်တဲ့ ခဏမှာတော့ သူ့မျက်နှာက ချက်ချင်းပဲ ဝင်းပသွားတယ်။

"ငါ မမေ့ပါဘူး ကလာရာ။ ငါတို့ အပြင်ဘက်သွားကြမှာ မဟုတ်လား။ ငါ့ရဲ့ ဆင်ခြင်တုံတရားကို ပြန်ရအောင် ခဏတော့ ငြိမ်နေပါရစေဦး။ အဲဒီ ပါမောက္ခ ဟမ်က. . . ဝိုးဟိုး သူ့ကို နောက်ထပ်တစ်ခါ ထပ်မတွေ့တော့တာ သိပ်ကို ဝမ်းသာတာပဲ။ သူနေတဲ့နေရာက အတော်ကို ပူမှာပဲ။ မြင်နေရတာပဲလေ။ သူ့မျက်နှာက ချွေးတွေ တပြိုက်ပြိုက်ကျလို့" သူက ထိုင်ခုံအမြင့်ပေါ်ကနေဆင်းပြီး သူ့လက်တွေကို ဆန့်တန်းလိုက်တယ်။ "မေမေက ပြောတယ်။ ငါတို့ အိမ်အပြင်ကို ထွက်တဲ့အခါတိုင်း မယ်လနီယာကို အသိပေးရမယ်တဲ့။ နင် သူ့ကို သွားပြောလိုက်ပါလား။ ငါ ကုတ်

mgyoe.com

mgyoe.com SAMPLE BOOK
အင်္ကျီတစ်ထည် သွားထပ်လိုက်ဦးမယ်"

ဂျိစီလည်း စိတ်လှုပ်ရှားတဲ့ ခံစားမှုမျိုး ခံစားနေရတယ် ဆိုတာကို ကျွန်မ တွေ့မြင်နေရတယ်။ ဒါပေမယ့် သူ့ကိုစွမှာတော့ ကျွန်မ ထင်တယ်။ သူ စာသင်နေတုန်းက ပြတင်းပေါက်ကြီးကနေတစ်ဆင့် လှမ်းမြင်လိုက်ရတဲ့ တစ်စုံတစ်ရာနဲ့ ဆက်စပ် ပတ်သက်နေလိမ့်မယ်။ ဘာပဲဖြစ်ဖြစ်ပါ။ ကျွန်မ 'လဟာခန်း' ကြီးထဲကို ဝင်ပြီး အိမ်ထိန်း မယ်လနီယာကို သွားရှာတယ်။

'လဟာခန်း' ကြီးက ဒီအိမ်မှာ အကျယ်ဆုံးအခန်းပဲ။ အဲဒီမှာ ဆိုဖာခုံနှစ်ခုံ ရှိပြီး အိမ်သူအိမ်သားတွေ ထိုင်နိုင်တဲ့ ကုဗတုံး အပျော့တွေ အများကြီး ရှိတယ်။ အဲဒါအပြင် ကုလားထိုင်တွေ၊ မီးအိမ်တွေ၊ သစ်ပင်တွေနဲ့ ထောင့်တစ်နေရာမှာ စားပွဲတစ်လုံး ရှိသေးတယ်။ အဲဒီနေ့က ကျွန်မ ဆွဲတံခါးတွေကို ဆွဲဖွင့်လိုက်တဲ့အခါ အထဲက ပရိဘောဂပစ္စည်းတွေက အချင်းချင်း ချိတ်ဆက်သွယ်ယှက်နေတဲ့ ကွန်ယက်ကြီးတစ်ခုလို ဖြစ်နေတယ်။ အိမ်ထိန်း မယ်လနီယာရဲ့ ရုပ်သဏ္ဍာန်က သူတို့ရဲ့ ရှုပ်ထွေးပွေလီနေတဲ့ အသွင်အပြင်တွေကြားမှာ ခွဲခြားလို့ မရနိုင်အောင် မြုပ်ဝင်နေတယ်။ ဒါပေမယ့် ကျွန်မ သူ့ကို ရှာထုတ်နိုင်ခဲ့တယ်။ သူက ကုဗတုံးအပျော့တစ်ခုရဲ့ နှုတ်ခမ်းနားမှာ ခပ်မတ်မတ် ထိုင်နေတယ်။ သူ့ရဲ့ စတုဂံပြားလေးနဲ့ အလုပ်ရှုပ်နေလေရဲ့။ သူက ကျွန်မကို သူစိမ်းဆန်တဲ့ အကြည့်နဲ့ လှမ်းကြည့်တယ်။ ဒါပေမယ့် ဂျိုစီ အပြင်သွားချင်တဲ့အကြောင်း သူ့ကို ပြောပြလိုက်တဲ့အခါမှာ သူက သူ့ရဲ့ စတုဂံပြားလေးကို ဘေးချပြီး ကျွန်မကို ဖြတ်ကျော်လို့ အပြင်ကို လျှောက်ထွက်သွားတယ်။

ကျွန်မ ဂျိုစီကို ဟောခန်းထဲမှာ တွေ့တယ်။ အညိုရောင် ဂွမ်းကပ်အနွေးထည်ကို ဝတ်ဆင်ထားတယ်။ အဲဒါ သူ့ရဲ့ အသည်းစွဲအင်္ကျီပဲ။ သူက နေသိပ်မကောင်းတဲ့ အခါမျိုးမှာ အဲဒီအနွေးထည်ကို တစ်ခါတစ်ရံ အိမ်ထဲမှာနေလည်း ဝတ်ထားတတ်တယ်။

"ဟေ့ ကလာရာ။ နင် ဒီအိမ်မှာ ရောက်နေတာ ဒီလောက်ကြာနေပြီ။ အပြင်ကို တစ်ခါမှ မထွက်ဖူးသေးဘူးဆိုတာ ငါ ယုံတောင် မယုံနိုင်ဘူး"

"ဟင့်အင်း။ ငါ အိမ်ပြင်ကို တစ်ခါမှ မထွက်ဖူးဘူး"

ဂျိုစီက ကျွန်မကို တဒင်္ဂလောက် စိုက်ကြည့်နေပြီး စကားဆိုတယ်။ "နင် အပြင်ကို တစ်ခါမှ မထွက်ဖူးဘူးလို့ ပြောနေတာလား။ ဒီအိမ်ရဲ့ အပြင်တင် မဟုတ်ဘူး။ တခြား ဘယ်အပြင်ကိုမှ မရောက်ဖူးဘူးပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK


"ဟုတ်တယ်။ ငါက ဆိုင်ထဲမှာပဲ နေနေခဲ့ရတာလေ။ အဲဒီနောက်တော့ ဒီကို ရောက်လာခဲ့တာပဲ"

"ဝိုး... ဒါဆို နင့်အတွက်တော့ အတော် ပျော်စရာကောင်းတော့မှာပဲ။ ဘာမှ ကြောက်စရာမရှိဘူး၊ ဟုတ်တယ်မလား။ တိရစ္ဆာန် အရိုင်းအစိုင်းတွေရော၊ တခြား ဘာမှကို မရှိတာ။ ကဲ ဒါဆို သွားကြစို့"

အိမ်ထိန်း မယ်လနီယာက အရှေ့တံခါးကို ဖွင့်ပေးလိုက်တော့ ဟောခန်းထဲ ဖြတ်ဝင်လာတဲ့ လတ်ဆတ်တဲ့လေကို ကျွန်မ ထိတွေ့ခံစားလိုက်ရတယ်။ နေမင်းကြီးရဲ့ ဩဇာဓာတ်ရောပေါ့။ ဂျီစီက ကျွန်မကို ပြုံးပြတယ်။ သူ့မျက်နှာက ကြင်နာမှု အပြည့်နဲ့။ ဒါပေမယ့် ခဏနေတော့ အိမ်ထိန်း မယ်လနီယာက ကျွန်မတို့အကြားကို ရောက်လာပြီး ကျွန်မ အပြည့်အဝ သတိမထားမိခင်မှာပဲ ဂျီစီရဲ့ လက်မောင်းကို ဖမ်းကိုင်ပြီး သူ့လက်မောင်းကြားထဲမှာ ညှပ်ထားလိုက်တယ်။ အဲဒီလုပ်ရပ်ကြောင့် ဂျီစီလည်း အံ့အားသင့်သွားတယ်။ ဒါပေမယ့် သူ တွန်းလှန်ဖို့ ကြိုးစားမနေဘူး။ ကျွန်မဟာ အိမ်အပြင်ဘက်နဲ့ ရင်းနှီးကျွမ်းဝင်မှု မရှိတာကြောင့် ဂျီစီကို ကျွန်မက စောင့်ရှောက်နိုင်စွမ်းရှိမှာ မဟုတ်ဘူးလို့ အိမ်ထိန်း မယ်လနီယာက တွက်ဆလိုက်ပုံရတယ်လို့ ကျွန်မ သဘောပေါက်လိုက်တယ်။ ဒါကြောင့် သူတို့နှစ်ယောက်က အပြင်ဘက်ကို အတူတကွ ထွက်သွားကြပြီး ကျွန်မက အနောက်ကနေ ကပ်လိုက်သွားတယ်။

ကျောက်ဖြူန်းလမ်းပေါ် ကျွန်မတို့ ဖြတ်လျှောက်လာကြတယ်။ ကားတွေအတွက် တမင် ကြမ်းအောင် လုပ်ပေးထားတာ ဖြစ်လိမ့်မယ်လို့ ကျွန်မ ယူဆမိတယ်။ လေက ဖြည်းဆေးညင်သာစွာ တိုက်ခတ်နေတယ်။ တောင်ကုန်းပေါ် မှာရှိတဲ့ သစ်ပင်မြင့်မြင့်တွေက ဒီလောက်ကလေး တွန်းနေတာနဲ့တင် ဘာဖြစ်လို့ ယိမ်းနွဲ့လှုပ်ခါနေပါလိမ့်လို့ ကျွန်မ တွေးနေမိတယ်။ ဒါပေမယ့် မကြာခင်မှာပဲ ကျွန်မရဲ့ ခြေလှမ်းတွေကို အာရုံစူးစိုက်ဖို့ ဖြစ်လာခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်ဖြူန်းလမ်းပေါ်မှာ ကျင်းတွေ၊ ချိုင့်တွေ အများကြီး ရှိနေတယ်။ ကားဘီးတွေက အဲဒီလိုဖြစ်အောင်ကို ဖန်တီးခဲ့တာ ဖြစ်မယ်။

ကျွန်မရဲ့ အရှေ့မှာရှိတဲ့ မြင်ကွင်းကတော့ ကျွန်မအတွက် ရင်းနှီးနေပြီးသားပဲ။ အိပ်ခန်းရဲ့ အရှေ့ပြတင်းပေါက်ကနေ မြင်ဖူးထားခဲ့တာကိုး။ လမ်းပေါ်မှာ ဂျီစီနဲ့ အိမ်ထိန်း မယ်လနီယာရဲ့အနောက်ကို ကျွန်မ ဆက်လိုက်နေခဲ့တယ်။ လမ်းက ကြမ်းပြင်လိုပဲ ချောပြီးမာနေရောပဲ။ ကျွန်မတို့ လမ်းပေါ်မှာ အချိန်တော်တော်ကြာ

mgyoe.com

လျှောက်နေခဲ့ကြတယ်။ ပေါင်းရှင်းထားတဲ့ မြက်ငုတ်စိလေးတွေတောင် လမ်းဘေး ဝဲယာမှာ တွေ့နေရတယ်။ အိမ်ဘက်ဆီကို ကျွန်မ နောက်ပြန်လှည့်ကြည့်ချင်နေတယ်။ လမ်းသွားလမ်းလာတစ်ယောက်လို အဲဒါကို မြင်ကြည့်ချင်တယ်။ ကျွန်မရဲ့ ခန့်မှန်း တွက်ဆထားမှုတွေကို အတည်ပြုကြည့်ချင်တယ်။ ဒါပေမယ့် ဂျိုစီနဲ့ အိမ်ထိန်း မယ်လနီယာကတော့ လက်မောင်းတွေ တွဲချိတ်ပြီး လျှောက်မြဲ ဆက်လျှောက်နေ ကြတယ်။ ကျွန်မ တစ်ယောက်တည်း ရပ်မပစ်ရဲခဲ့ဘူး။

အတော်လေးကြာတော့ ကျွန်မရဲ့ခြေလှမ်းတွေကို ဒီလောက်ကြီး ဂရုစိုက် နေစရာ မလိုတော့ဘူး။ ကျွန်မတို့ရဲ့ ဘယ်ဘက်မှာရှိတဲ့ မြက်ခင်းပြင် တောင်ပူစာ တစ်လုံးကို ကျွန်မ မော့ကြည့်လိုက်တယ်။ နောက်ပြီး အဲဒီတောင်ပူစာရဲ့ ထိပ်စွန်းနား လောက်မှာ ရွေ့လျားနေတဲ့ ကောင်လေးတစ်ယောက်ရဲ့ အသွင်သဏ္ဌာန်ကိုရောပေါ့။ သူက အသက် ၁၅ နှစ်လောက် ရှိမယ်လို့ ကျွန်မ ခန့်မှန်းတယ်။ သိပ်တော့ မသေချာ ဘူးပေါ့။ သူ့အသွင်သဏ္ဌာန်ကို ဖျော့တော့တဲ့ ကောင်းကင်အောက်က အရိပ်မည်း တစ်ခုအနေနဲ့ပဲ မြင်နေရတာကိုး။ ဂျိုစီက အဲဒီတောင်ပူစာဆီကို လျှောက်သွားတယ်။ အိမ်ထိန်း မယ်လနီယာက သူ့ကို တစ်စုံတစ်ခု လှမ်းပြောလိုက်တယ်။ အိမ်ထဲမှာ ဆိုရင်တော့ ကျွန်မ အဲဒီအသံကို ကောင်းကောင်း ကြားရမှာပဲ။ ဒါပေမယ့် အပြင် လေဟာပြင်ထဲမှာ အသံက တစ်မျိုးတစ်ဖုံ ပြုမူနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သဘော ထား ကွဲလွဲမှုတစ်ခုဖြစ်နေပြီ ဆိုတာကိုတော့ အခု ကျွန်မ တွေ့မြင်နေရပြီ။ ဂျိုစီ ပြောလိုက်သံကို ကျွန်မ ကြားရတယ်။

"ဒါပေမယ့် သမီး ကလာရာကို သူနဲ့ တွေ့ပေးချင်တယ်"

နောက်ပြောတဲ့ စကားတွေကို ကျွန်မ မကြားရတော့ဘူး။ နောက်တော့ အိမ်ထိန်း မယ်လနီယာက ပြောတယ်။ "ကောင်းပြီလေ။ ဒါပေမယ့် ခဏပဲနော်" ပြီးတော့ ဂျိုစီရဲ့ လက်မောင်းကို လွှတ်ပေးလိုက်တယ်။

"လာ၊ ကလာရာ" ဂျိုစီက ကျွန်မဘက်လှည့်ပြီး ပြောတယ်။ "အပေါ် တက်ပြီး ရစ်ခ်ကို သွားတွေ့ကြမယ်"

ကျွန်မတို့ အစိမ်းရောင်တောင်ပူစာရဲ့ကုန်းပေါ် တက်သွားတဲ့အခါမှာ ဂျိုစီရဲ့ ဝင်သက်ထွက်သက်က တိုတောင်းလာတယ်။ ပြီးတော့ ကျွန်မကို တင်းတင်း ကျပ်ကျပ် ဖက်တွယ်ထားတယ်။ အဲဒီလိုဆိုတော့ ကျွန်မ ခဏလောက်ပဲ နောက်ပြန် လှည့်ကြည့်လိုက်နိုင်ခဲ့တယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ အနောက်မှာ ဂျိုစီရဲ့ အိမ်တင် မကဘူးဆိုတာကို ကျွန်မ သိရှိလာတယ်။ သို့ပေမယ့်လည်း ဒုတိယမြောက် အိမ်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်လုံးက ကွင်းပြင်တွေထဲက ဟိုးအဝေးတစ်နေရာမှာ တည်ရှိနေတယ်။ ဂျိုစီတို့ အိမ်ရဲ့ ဘယ်ပြတင်းပေါက်ကနေဖြစ်ဖြစ် ဘယ်လိုမှ မတွေ့မမြင်နိုင်တဲ့ အိမ်နီးနားချင်းပဲ။ အိမ်နှစ်လုံးစလုံးရဲ့ ပုံပန်းသဏ္ဍာန်တွေကို လေ့လာဖို့ ကျွန်မ စိုင်းပြင်းနေခဲ့တယ်။ ဒါပေမယ့် ဂျိုစီကို အန္တရာယ်ကင်း ဘေးရှင်းအောင် အာရုံစိုက်ရဦးမယ် မဟုတ်လား။ တောင်ကုန်းထိပ်မှာ သူက အမောဖြေဖို့ ရပ်တန့်လိုက်တယ်။ ဒါပေမယ့် ကောင်လေးက ကျွန်မတို့ကို လာမနှုတ်ဆက်တဲ့အပြင် ကြည့်ဖော်တောင် မရဘူး။ သူ့လက်ထဲမှာ စက်ဝိုင်းပုံကိရိယာတစ်ခု ရှိနေတယ်။ နောက်ပြီး အိမ်နှစ်လုံးအကြား ကောင်းကင်ယံကို မော့ကြည့်နေတယ်။ အဲဒီမှာ ငှက်အုပ်တစ်အုပ်က ပုံစံတကျ ပျံသန်းနေကြတယ်။ နောက်တော့ အဲဒါတွေက စက်ရုပ်ငှက်တွေမှန်း ကျွန်မ အလျင်အမြန်ပဲ သဘောပေါက်လာတယ်။ သူ့ရဲ့အကြည့်က အဲဒီငှက်တွေအပေါ်ပဲ စူးစိုက်လို့။ သူက သူ့ရဲ့ ထိန်းချုပ်ကိရိယာကို တို့ထိလိုက်တဲ့အခါမှာ ငှက်တွေက သူတို့ရဲ့ ပျံသန်းမှုပုံစံကို ပြောင်းလဲပစ်လိုက်ကြတယ်။

"ဝိုး၊ လှလိုက်တာ" ဂျိုစီက ပြောတယ်။ လူကတော့ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေတုန်းပဲ။ "အဲဒါအသစ်လား"

ရစ်ခ်က သူ့အကြည့်ကို ငှက်တွေအပေါ်မှာ ကျောက်ချထားဆဲပဲ။ ဒါပေမယ့် သူ စကားဆိုလိုက်တယ်။

"အဆုံးမှာရှိတဲ့ နှစ်ကောင်က အသစ်။ သူတို့တွေက တော်တော်ကြီးကို လိုက်လျောညီထွေ ဖြစ်မနေဘူးဆိုတာ နင် မြင်နိုင်တယ်"

ငှက်တွေက ကျွန်မတို့ရဲ့ အပေါ်တည့်တည့် ရောက်လာတဲ့အထိ ထိုးဆင်းလာကြတယ်။

"ဟုတ်ပါတယ်။ ဒါပေမယ့် တကယ့်ငှက်တွေကလည်း တစ်ကောင်နဲ့ တစ်ကောင် တူကြတာမှ မဟုတ်တာ" ဂျိုစီက ပြောတယ်။

"ဟုတ်မှာပါပဲ။ အနည်းဆုံးတော့ အခုဆိုရင် အမိန့်တစ်ခုတည်းကို နာခံတတ်တဲ့ အဖွဲ့ကြီးတစ်ဖွဲ့ ရပြီ။ အိုကေ ဂျိုစီ။ ဒီမယ် ကြည့်"

စက်ရုပ်ငှက်တွေက အောက်ကို ဆင်းလာကြပြီး ကျွန်မတို့ရဲ့ အရှေ့က မြက်ခင်းပြင်ပေါ်မှာ တစ်ကောင်ပြီးတစ်ကောင် ရပ်နားလိုက်ကြတယ်။ ဒါပေမယ့် နှစ်ကောင်ကတော့ လေထဲမှာ ဝဲပျံနေတုန်းပဲ။ ရစ်ခ်က မျက်မှောင်ကြုတ်ပြီး သူ့ရဲ့ ထိန်းချုပ်ကိရိယာကို နောက်တစ်ကြိမ် ထပ်နှိပ်လိုက်တယ်။

"ဘုရားရေ မမှန်သေးဘူးပဲ"

mgyoe.com

"ဒါပေမယ့် သူတို့ကို ကြည့်ရတာ အားရစရာကြီးပဲ ရစ်ခ်ရဲ့"

ဂျိုစီဟာ အံ့ဩစရာကောင်းလောက်အောင် ရစ်ခ်နဲ့ ပူးကပ်ပြီး ရပ်နေတယ်။ သူ့အသားကိုတော့ တကယ် မထိသေးဘူးပေါ့။ ဒါပေမယ့် လက်တွေက သူ့ရဲ့ကျောကုန်းနဲ့ ဘယ်ဘက်ပခုံးအောက်နားလေးကို ရောက်နေပြီ။

"အဲဒီနှစ်ကောင်အတွက် လိုအပ်နေတာက အစအဆုံး ပြန်ပြီး ချိန်ညှိပေးဖို့ပဲ"

"စိတ်မပူပါနဲ့ဟာ အဆင်ပြေသွားမှာပါ။ ဟော့ ရစ်ခ်၊ နင် အင်္ဂါနေ့ကိစ္စကို အမှတ်ရသေးတယ် မဟုတ်လား"

"အမှတ်ရတာပေါ့။ ဒီမယ် ဂျိုစီ၊ ငါ လာမယ်လို့ မပြောဘူးနော်"

"ဟာကွာ။ နင် ကတိပေးထားပြီးပြီပဲဟာ"

"ငါ ဘယ်တုန်းက ကတိပေးခဲ့လို့လဲ။ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ နင့်ဧည့်သည်တွေကတော့ သိပ်ကျေနပ်ကြလိမ့်မယ် မထင်ဘူး"

"ငါက အိမ်ရှင်လေ။ ငါ့ဟာငါ ဖိတ်ချင်တဲ့သူကို ဖိတ်မှာပေါ့။ နောက်ပြီး မေမေကလည်း နင်လာတဲ့အတွက် ဝမ်းသာနေမှာပဲ။ လုပ်ပါ ရစ်ခ်ရာ။ အဲဒီကိစ္စကို ပြောရတာလည်း အာပေါက်တော့မယ်။ တကယ်လို့ ငါတို့ရဲ့ စီမံကိန်းကို အတည်လို့ သဘောထားရင် အဲဒီလို ကိစ္စမျိုးတွေကို ငါတို့ လက်တွဲပြီး အတူတူလုပ်ဖို့ လိုအပ်လိမ့်မယ်။ နင်လည်း ငါ့လိုပဲ အဲဒီကိစ္စကို ကိုင်တွယ်နိုင်မှ ဖြစ်မယ်။ နောက်ပြီး ငါက ဘာဖြစ်လို့ လူအုပ်ကြီးကို တစ်ယောက်တည်းထီးတည်း ရင်ဆိုင်ရမှာလဲ"

"နင်က တစ်ယောက်တည်း မဟုတ်ပါဘူးဟာ။ အခုဆို နင့်မှာ နင့် AF ရှိနေပြီပဲ"

နောက်ဆုံး ငှက်နှစ်ကောင်က မြေပြင်ပေါ် ဆင်းသက်လာကြတယ်။ သူက သူ့ရဲ့အဝေးထိန်းခလုတ်ကို နှိပ်လိုက်တယ်။ သူတို့တွေအားလုံးက မြက်ခင်းပြင်ပေါ်မှာ sleep mode နဲ့ ရှိနေကြတယ်။

"ဘုရား၊ ဘုရား။ ငါ နင့်ကို မိတ်ဆက်မပေးရသေးပါလား။ ရစ်ခ် သူက ကလာရာ"

ရစ်ခ်က သူ့ရဲ့ အဝေးထိန်းခလုတ်ကိုပဲ အာရုံစူးစိုက်နေတယ်။ ကျွန်မဘက်ကို မကြည့်ဘူး။ "နင် ဘယ်တော့မှ AF တစ်ယောက် ရှာမှာ မဟုတ်ဘူးလို့ နင် ပြောခဲ့တယ်နော်" သူက ပြောတယ်။

"အဲဒါ ဟိုးရှေးရှေးတုန်းကပါ"

mgyoe.com

m.g.y.o.e.com SAMPLE BOOK


"နင် ဘယ်တော့မှ မရှာဘူးလို့ ပြောခဲ့တယ်လေ"

"ထားပါတော့။ ငါ စိတ်ပြောင်းသွားတယ် ဟုတ်ပြီလား။ ဒါနဲ့ ကလာရာက သာမန်ကာလျှံကာ AF တစ်ယောက် မဟုတ်ဘူး။ ဟေ့ ကလာရာ ရစ်ခ်ကို တစ်ခုခု ပြောလိုက်ပါဦး"

"နင် ဘယ်တော့မှ မရှာဘူးလို့ ပြောခဲ့တာ"

"ဒီမယ် ရစ်ခ်။ ငါတို့ ငယ်ငယ်တုန်းက ပြောခဲ့သမျှ စကားတွေအတိုင်း အားလုံးကို ငါတို့ လိုက်မလုပ်ဖြစ်ကြပါဘူး။ ငါ့မှာ ဘာဖြစ်လို့ AF တစ်ယောက် မရှိနိုင်ရမှာလဲ"

အခုချိန်မှာ သူ့ရဲ့ လက်နှစ်ဖက်စလုံးက ရစ်ခ်ရဲ့ ဘယ်ဘက်ပခုံးပေါ် ကို ရောက်နေကြပြီ။ သူ့ကိုယ်အလေးချိန်နဲ့ ရစ်ခ်ကို ဗုဝင်သွားအောင်၊ သူတို့နှစ်ယောက် အရပ်အမောင်း တူသွားအောင် ဖိချနေသလိုပဲ။ ဒါပေမယ့် သူ အနားကပ်နေတာကို ရစ်ခ်က စိတ်အနှောင့်အယှက်ဖြစ်ပုံ မရဘူး။ တကယ်တော့ သူ့အတွက် အားလုံးက ပုံမှန်ပဲလို့ ယူဆထားပုံရတယ်။ အတွေးတစ်ခုက ကျွန်မခေါင်းထဲကို ဝင်ရောက်လာတယ်။ ဒီကောင်လေးက ဂျိုစီအတွက်တော့ အမေလိုပဲ အရေးပါတဲ့ လူတစ်ယောက် ဖြစ်လိမ့်မယ်။ ပြီးတော့ သူ့ရဲ့ ရည်မှန်းချက်တွေက ကျွန်မရဲ့ ရည်မှန်းချက်တွေနဲ့ တစ်နည်းတစ်ဖုံ မျဉ်းပြိုင်နီးပါး ကျနေလိမ့်မယ်။ ဒါကြောင့် သူဟာ ဂျိုစီ့ဘဝရဲ့ အဆင်တန်ဆာတွေထဲမှာ ဘယ်ပုံဘယ်နည်း ရောယှက်ပါဝင်နေသလဲ ဆိုတာကို နားလည်နိုင်ဖို့အတွက် သူ့ကို ဂရုတစိုက် လေ့လာသုံးသပ်ကြည့်သင့်တယ်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ရစ်ခ်" ကျွန်မ ပြောလိုက်တယ်။ "သူက ဟောဟိုဘေးအိမ်မှာ နေတာလား။ ထူးဆန်းတယ်နော်။ အဲဒီလို အိမ်တစ်လုံး ရှိနေမှန်း ငါ အရင်က သတိမထားမိခဲ့ဘူး"

"ဟုတ်တယ်" ရစ်ခ်က ပြောတယ်။ ကျွန်မကိုတော့ တည့်တည့် မကြည့်သေးဘူး။ "အဲဒီမှာ ငါ နေတာပဲ။ ငါ့အမေနဲ့ ငါ"

ကျွန်မတို့အားလုံး အိမ်တွေရှိတဲ့ဘက်ကို လှည့်လိုက်ကြတယ်။ ပထမဆုံး အကြိမ်အနေနဲ့ ဂျိုစီတို့အိမ်ရဲ့ အပြင်ပန်း အပြင်အဆင်ကို ကျွန်မ အမှန်တကယ် ကြည့်ခွင့်ရလိုက်တယ်။ အိမ်က ကျွန်မ တွက်ဆထားတာထက် မဆိုစလောက်လေး ပိုသေးနေတယ်။ သူ့ခေါင်မိုးရဲ့ အနားစွန်းတွေက နည်းနည်း ပိုပြီး ထင်ရှားတယ်။ ဒါပေမယ့် တခြားအရာအားလုံးကတော့ ကျွန်မ အိမ်ထဲမှာရှိနေတုန်းက ခန့်မှန်းထား သလိုပါပဲ။ နံရံတွေကိုတော့ ဖြူစွတ်စွတ်နီးပါး ဆေးရောင်သုတ်ထားတဲ့ သစ်သားပြား

m.g.y.o.e.com

mgyoe.com SAMPLE BOOK

တွေနဲ့ စနစ်တကျထပ်ပြီး တည်ဆောက်ထားတယ်။ အိမ်ကို အရွယ်မတူတဲ့ သေတ္တာ သုံးလုံးကိုဆက်ပြီး ရှုပ်ထွေးတဲ့ အသွင်သဏ္ဌာန်တစ်ခုဖြစ်အောင် ဖန်တီးထားသလိုပဲ။ ရစ်ခ်ရဲ့အိမ်က ပိုသေးတယ်။ ဟိုးအဝေးမှာ ရှိနေတာကြောင့်မို့တော့ မဟုတ်ဘူး။ သူ့ကိုလည်းပဲ သစ်သားပြားတွေနဲ့ ဆောက်လုပ်ထားတာ။ ဒါပေမယ့် သူ့ရဲ့ ဖွဲ့စည်းပုံကတော့ ပိုပြီး ရိုးရှင်းတယ်။ အနံထက် အလျားပိုရှည်တဲ့ သေတ္တာတစ်လုံးကို မြက်ခင်းပြင်ပေါ် မှောက်ချထားသလိုပဲ။

"ငါ့အထင်ပြောရရင် ရစ်ခ်နဲ့ ဂျိုစီတို့က ပခုံးချင်းဖက်ပြီး ကြီးလာခဲ့ကြတာ ဖြစ်ရမယ်" ကျွန်မက ရစ်ခ်ကို ပြောလိုက်တယ်။ "နင်တို့ရဲ့ အိမ်တွေလိုပေါ့"

သူက ပခုံးတွန့်လိုက်တယ်။ "ဟုတ်တယ်။ ပခုံးချင်းဖက်တွေ"

"ငါ့အထင် ရစ်ခ်ရဲ့ လေသံက အင်္ဂလိပ်လေသံပဲ"

"နည်းနည်းလေးလောက်ပါ"

"ဂျိုစီမှာ အခုလို သူငယ်ချင်းကောင်းတစ်ယောက် ရှိတာ ငါ ဝမ်းသာပါတယ်။ ငါ့ရဲ့ တည်ရှိနေမှုက အခုလို သူငယ်ချင်းကောင်းတွေရဲ့ အကြားမှာ ကန့်လန့်ခံ မနေလောက်ဘူးလို့ မျှော်လင့်ပါတယ်"

"အဲဒီလို မျှော်လင့်ရတာပါပဲ။ ဒါပေမယ့် ခင်မင်မှုတွေရဲ့အကြားကို ကြားဝင်နိုင်တဲ့ အရာတွေက နည်းတာမှ မဟုတ်တာ"

"ကဲ တော်လောက်ပြီထင်တယ်" အိမ်ထိန်း မယ်လနီယာရဲ့ အသံက တောင်ပူစာရဲ့ အောက်ခြေကနေ ဟိန်းထွက်လာတယ်။

"လာပြီ" ဂျိုစီက ပြန်အော်လိုက်တယ်။ သူက ရစ်ခ်ကို ပြောတယ်။ "ဒီမှာ ရစ်ခ်၊ ငါလည်း နင့်လိုပဲ အဲဒီတွေ့ဆုံပွဲကို အမြင်ကတ်တာပဲ။ ငါ နင့်ကို အဲဒီမှာ ရှိနေစေချင်တယ်။ နင် လာရမယ်"

ရစ်ခ်က နောက်တစ်ဖန် သူ့ရဲ့ အဝေးထိန်းခလုတ်ကို စူးစိုက်ကြည့်နေပြန်တယ်။ ငှက်တွေ လေထဲကို အတူတကွ ပျံဝဲလာကြတယ်။ ဂျိုစီက ငှက်တွေကို ငေးကြည့်နေတယ်။ လက်နှစ်ဖက်စလုံးက သူ့ပခုံးပေါ်မှာ ရှိနေကြတုန်းပဲ။ သူတို့နှစ်ယောက်ရဲ့ ပုံရိပ်တွေက ကောင်းကင်ကို ကျောခိုင်းပြီး တစ်ခုတည်းအဖြစ် ပျော်ဝင်သွားတယ်။

"မြန်မြန်လုပ်ကြဟေ့" အိမ်ထိန်း မယ်လနီယာက အော်တယ်။ "လေက အတော် ပြင်းလာပြီ။ နင်တို့ အဲဒီမှာ သေသွားချင်လို့လား ... ဟမ်"

"ဆင်းလာပြီ" အဲဒီနောက် ဂျိုစီက ရစ်ခ်ကို ညင်ညင်သာသာ ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အင်္ဂါနေ့ နေ့လယ်နော်၊ ဟုတ်ပြီလား"

"အေးပါ"

"ရစ်ကီက လိမ္မာသားပဲ၊ နင် အခု ကတိပေးထားပြီးပြီနော်။ ကလာရာက သက်သေပဲ"

လက်တွေကို သူ့ပခုံးပေါ်ကနေ ဖယ်ပြီး သူ လှည့်ထွက်လာခဲ့တယ်။ ပြီးတော့ ကျွန်မရဲ့ လက်မောင်းကို ဖမ်းကိုင်ပြီး တောင်ပူစာအောက်ကို ရှေ့က ဆင်းသွားတော့တယ်။

ကျွန်မတို့ဟာ အတက်တုန်းကနဲ့ မတူတဲ့ ကုန်းလျှောအတိုင်း ဆင်းလာခဲ့ကြတယ်။ ကျွန်မတို့ကို ဂျိုစီရဲ့ အိမ်အရှေ့ထိရောက်အောင် ပို့ပေးနိုင်ကြောင်း ကျွန်မ တွေ့မြင်နေရတယ်။ တောင်စောင်းက ပိုပြီး မတ်စောက်နေတယ်။ တောင်အောက်မှာတော့ အိမ်ထိန်း မယ်လနီယာက ပွစိပွစိလုပ်လို့။ နောက်တော့ သူ လက်လျှော့လိုက်ပြီး တောင်ပူစာကို ပတ်ရင်း ကျွန်မတို့နဲ့ ဆုံနိုင်မယ့်နေရာကို အလောတကော ရောက်လာတယ်။ ဖြတ်ထားတဲ့ မြက်တွေကြားကနေ ကျွန်မတို့ ဆင်းလာကြရင်း ကျွန်မ နောက်ပြန်လှည့်ကြည့်လိုက်တယ်။ ရစ်ခ်ရဲ့ အသွင်သဏ္ဌာန်ကို ပုံရိပ်မည်းအဖြစ်နဲ့ ကောင်းကင်ကိုယှဉ်လျက် နောက်တစ်ကြိမ် တွေ့မြင်လိုက်ရတယ်။ သူက ကျွန်မတို့ဘက်ကို ကြည့်မနေဘူး။ ခဲရောင်ပြင်ထဲမှာ ဝေ့ဝဲနေကြတဲ့ သူ့ငှက်တွေကိုပဲ မော့ကြည့်နေလေရဲ့။

ကျွန်မတို့ အိမ်ပြန်ရောက်တော့ ဂျိုစီက သူ့ရဲ့ ဂွမ်းကပ်အနွေးထည်အကျႌကို ချွတ်ပစ်လိုက်တယ်။ အိမ်ထိန်း မယ်လနီယာက သူ့အတွက် ဒိန်ချဉ်တစ်ခွက် လုပ်ပေးတယ်။ ပြီးတော့ ကျွန်မတို့နှစ်ယောက် အလယ်ကျွန်းမှာ အတူထိုင်ကြပြီး သူက ဒိန်ချဉ်ကို ပိုက်နဲ့ စုပ်သောက်နေတယ်။

"အခုတစ်ခေါက် အပြင်ထွက်တာ နင့်ရဲ့ ပထမဆုံးအကြိမ်ပဲ ဆိုတာကို ငါ မယုံနိုင်သေးဘူး" သူက ပြောတယ်။ "ကဲ ဆိုစမ်းပါဦး။ ဘယ်လိုသဘောရလဲ"

"ငါ အရမ်းသဘောကျတာပဲ။ အပြင်ဘက်က လေရယ်၊ ဘေးဘီဝဲယာကနေလာတဲ့ အသံဗလံတွေရယ်၊ အားလုံးက အတော်ကို စိတ်ဝင်စားစရာကောင်းတယ်" နောက်ပြီး ကျွန်မ ထပ်ဖြည့်လိုက်တယ်။ "ပြီးတော့ ရစ်ခ်နဲ့ တွေ့ရတာကိုလည်း ဝမ်းမြောက်မိတာ အမှန်ပဲ"

ဂျိုစီက သူ့ရဲ့ ဖျော်ရည်ခွက်ထဲကနေ ထိုးထွက်နေတဲ့ ပိုက်ကို လက်နဲ့ ညှစ်နေတယ်။

mgyoe.com

"သူ့ရဲ့ အပြုအမူက မြင်မြင်ချင်း ဆောက်နဲ့ထွင်း ဆိုသလိုပဲ လူတစ်ဖက်သားကို ကောင်းတဲ့ ထင်မြင်ချက်မျိုး ဖန်တီးပေးနိုင်လိမ့်မယ် မထင်ဘူး။ သူက တစ်ခါတစ်ခါကျတော့ ဘုကန့်လန့်ရယ်။ ဒါပေမယ့် သူက ထူးခြားတဲ့ လူတစ်ယောက်ပါ။ ငါ နေမကောင်းဖြစ်နေတဲ့အခါမျိုး၊ ကောင်းတဲ့ကိစ္စတွေကိုပဲ တွေးဖို့ ကြိုးစားတဲ့အခါမျိုးမှာ ငါတို့ အတူတူလုပ်ဆောင်ကြရမယ့် ကိစ္စဝိစ္စတွေကိုပဲ ငါ တွေးကြည့်လေ့ရှိတယ်။ သူ အဲဒီတွေ့ဆုံပွဲကို အသေအချာ လာမှာပါပဲ"

❑

အဲဒီနေ့ညနေ ညစာစားနေတုန်းမှာ သူတို့လုပ်နေကျအတိုင်း အလယ်ကွန်းပေါ် တည့်တည့်ကျနေတဲ့ မီးလုံးကလွဲလို့ ကျန်တဲ့ မီးတွေအားလုံးကို ပိတ်ထားကြတယ်။ ဂျိုစီက ကွန်မကို အနားမှာရှိနေစေချင်လို့ ကွန်မ အဲဒီမှာ ရှိနေခဲ့တယ်။ ဒါပေမယ့် သူတို့ လွတ်လွတ်လပ်လပ် နေလို့ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကွန်မ အမှောင်ထဲမှာ ရပ်နေခဲ့တယ်။ ကွန်မရဲ့ မျက်နှာက ရေခဲသေတ္တာဘက်လှည့်လို့ပေါ့။ မိနစ်အနည်းငယ်လောက် ကြာလိမ့်မယ်။ ဂျိုစီနဲ့ အမေက ညစာစားရင်း ပေါ့ပါးတဲ့ အကြောင်းအရာတချို့ ပြောဆိုနေကြသံ ကြားရတယ်။ အဲဒီနောက်မှာ ဂျိုစီက ပေါ့ပါးအေးဆေးတဲ့ လေသံနဲ့ မေးခွန်းထုတ်လိုက်တယ်။

"မေမေ၊ သမီးရဲ့ အမှတ်တွေက သိပ်ကို ကောင်းနေခဲ့ရင် အဲဒီ မိတ်ဖွဲ့တွေ့ဆုံပွဲကို လုပ်နေဖို့ အမှန်တကယ် လိုအပ်သေးလို့လား"

"လိုတာပေါ့ သမီးရယ်။ ဉာဏ်ကောင်းနေရုံနဲ့ မလုံလောက်သေးဘူး။ သမီးအနေနဲ့ တခြားလူတွေနဲ့ ထိတွေ့ ဆက်ဆံရဦးမယ်လေ"

"တခြားလူတွေနဲ့ ဘယ်လိုဆက်ဆံရမလဲဆိုတာ သမီး သိပါတယ် မေမေရယ်၊ အဲဒီအုပ်စုနဲ့တော့ မလုပ်ပါရစေနဲ့"

"အဲဒီအုပ်စုက သမီးနဲ့ သက်တူရွယ်တူတွေလေ၊ ပြီးတော့ တက္ကသိုလ်ကို ရောက်တဲ့အခါမှာ သမီးက အဲဒီလိုလူမျိုးတွေနဲ့ပဲ ပေါင်းသင်းဆက်ဆံရမှာ။ မေမေ တက္ကသိုလ်ကိုရောက်တဲ့ အချိန်တုန်းကဆိုရင် တခြားကလေးတွေနဲ့ နေ့စဉ်နေ့တိုင်း အတူရှိနေခဲ့တဲ့ မေမေရဲ့အတွေ့အကြုံက နှစ်ချီနေပြီ။ ဒါပေမယ့် သမီးနဲ့ သမီးတို့မျိုးဆက်အတွက်ကျတော့ နည်းနည်း ဦးနှောက်ခြောက်စရာ ဖြစ်နေတယ်။ အခုချိန်မှာ သမီး ပိုပြီး အားစိုက်ထုတ်မှဖြစ်မယ်။ တက္ကသိုလ်မှာ အဆင်မပြေဖြစ်နေကြတဲ့ ကလေးတွေက တွေ့ဆုံပွဲတွေကို လုံလုံလောက်လောက် မတက်ခဲ့ကြတဲ့ ကလေးတွေပဲ အမြဲတမ်း ဖြစ်နေတယ်"

mgyoe.com

m g y o u r . c o m

"တက္ကသိုလ်က အဝေးကြီးလိုပါသေးတယ်၊ မေမေရယ်"

"သမီးထင်သလောက် မဝေးတော့ဘူး" ပြီးတော့ အမေက ပိုပြီး နူးညံ့ညင်သာစွာ ပြောတယ်။ "ကဲပါ သမီးရယ်။ သမီးအနေနဲ့ သမီးရဲ့ သူငယ်ချင်းတွေကို ကလာရာနဲ့ မိတ်ဆက်ပေးလို့ ရတယ်လေ။ သူတို့က သူ့ကိုတွေ့ရဖို့ စိတ်လှုပ်ရှားနေလောက်တယ်"

"သူတို့က သမီးရဲ့ သူငယ်ချင်းတွေ မဟုတ်ဘူး မေမေ။ တကယ်လို့သာ သမီးက အဲဒီလို တွေ့ဆုံပွဲမျိုး မဖြစ်မနေ လုပ်ပေးရမယ်ဆိုရင် သမီး ရစ်ခ်ကိုလည်း အဲဒီပွဲမှာ ရှိနေစေချင်တယ်"

ကျွန်မရဲ့ နောက်ကျောဘက်မှာ အချိန်တစ်ခုလောက် တိတ်ဆိတ်သွားတယ်။ နောက်တော့ အမေက ပြောတယ်။ "ကောင်းပြီလေ။ မေမေတို့ အဲဒီလို လုပ်ပေးနိုင်ပါတယ်"

"ဒါပေမယ့် အဲဒါကို မကောင်းတဲ့ စိတ်ကူးလို့ တွေးထင်နေတာ မဟုတ်လား"

"ဟင့်အင်း၊ လုံးဝ မဟုတ်ဘူး။ ရစ်ခ်က အင်မတန်တော်တဲ့ လူငယ်တစ်ယောက်ပါ။ ပြီးတော့ သူက မေမေတို့ရဲ့ အိမ်နီးနားချင်းလေ"

"ဒါဆို သူ လာလို့ရမယ်ပေါ့။ ဟုတ်လား"

"သူ လာချင်တယ်ဆိုရင်ပေါ့။ အဲဒါကတော့ သူ့ရွေးချယ်မှုပဲ"

"ဒီတော့ တခြားကလေးတွေက သူ့ကို ရိုင်းရိုင်းပျပျ ဆက်ဆံလိမ့်မယ်လို့ မေမေက ထင်နေတာလား"

အမေရဲ့ စကားသံ မထွက်ပေါ်ခင် နောက်ထပ်တစ်ခါ ငြိမ်ဆိတ်သွားပြန်တယ်။ "သူတို့ ဘာကြောင့် အဲဒီလို လုပ်ရမှာလဲ။ မေမေတော့ နားမလည်ဘူး။ တကယ်လို့ တစ်ယောက်ယောက်ကသာ မချေမငံပြုမူလာခဲ့မယ်ဆိုရင် သူတို့ ဘယ်လောက်တောင် အောက်တန်းကျသလဲဆိုတာကို သူတို့ဘာသာသူတို့ သက်သေပြလိုက်သလို ဖြစ်သွားမှာပေါ့"

"ဒါဆို ရစ်ခ် မလာသင့်တဲ့ အကြောင်းရင်းခံ လုံးဝ မရှိဘူးပေါ့"

"တစ်ခုတည်းသော အကြောင်းအရင်းက. . . ဂျီစီ. . . သူကိုယ်တိုင် မလာချင်တာပဲ"

နောက်ပိုင်း အိပ်ခန်းထဲမှာ ကျွန်မတို့ နှစ်ယောက်တည်းပဲ ရှိကြတော့တဲ့ အချိန် ဂျီစီက အိပ်ဖို့ အိပ်ရာပေါ် လဲလျောင်းနေရင်း သူ ခပ်တိုးတိုး ပြောလာတယ်။

m g y o u r . c o m

mgyoe.com SAMPLE BOOK

"အဲဒီစိတ်ပျက်စရာကောင်းတဲ့ ပါတီပွဲကို ရစ်ခ်ပါ တက်စေချင်လိုက်တာ"

သိပ်ကို မှောင်လွန်းနေပြီ ဆိုပေမယ့် မိတ်ဖွဲ့တွေ့ဆုံပွဲအကြောင်း သူ စကားစလိုက်တာကို ကျွန်မ ကျေနပ်နေမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အဲဒီပွဲနဲ့ ပတ်သက်ပြီး ဘာမှ ဟုတ်တိပတ်တိ သိရသေးတာ မဟုတ်ဘူး။

"အင်း၊ ငါလည်း အဲဒီလိုပဲ မျှော်လင့်တယ်" ကျွန်မ ပြောလိုက်တယ်။ "တခြားလူငယ်တွေရော သူတို့ရဲ့ AF တွေကို ခေါ်လာကြမှာလား"

"ဟင့်အင်း ခေါ်လာခွင့် မရှိဘူးလေ။ ဒါပေမယ့် အိမ်ရှင်ရဲ့ AF ကတော့ တက်ခွင့် ရှိတာပေါ့။ အထူးသဖြင့်တော့ နင့်လို အသစ်ဆိုရင်ပေါ့။ သူတို့အားလုံးက နင့်ကို စုပ်စုချင်ကြမှာ"

"ဒါဆို ဂျိုစီက ငါ့ကို ရှိနေစေချင်တယ်ပေါ့"

"ဒါပေါ့။ ငါ နင့်ကို ရှိနေစေချင်တယ်လေ။ ဒါပေမယ့် နင့်အတွက်တော့ သိပ်ပြီး အဆင်ပြေလှမယ် မထင်ဘူး။ အဲဒီလို တွေ့ဆုံပွဲတွေက မစွံပါဘူးဟာ။ အဲဒါ အမှန်တရားပဲ"

❑

မိတ်ဖွဲ့တွေ့ဆုံပွဲရဲ့ မနက်ခင်းမှာ ဂျိုစီ ခမျာ ပူပန်ကြောင့်ကြမှုတွေနဲ့ ပြည့်နှက်နေတယ်။ နံနက်စာ စားပြီးတဲ့အခါမှာ သူ အိပ်ခန်းကိုပြန်သွားပြီး အဝတ်အစားတွေကို တစ်ထည်ပြီးတစ်ထည် စမ်းဝတ်ကြည့်နေတယ်။ သူ့ရဲ့ ဧည့်သည်တွေ တဖွဲဖွဲ ရောက်လာနေတာကို ကြားနေရတာတောင်မှ၊ အိမ်ထိန်း မယ်လနီယာက သူ့ကို တတိယအကြိမ် အော်ခေါ်ပြီးတာတောင်မှ သူက သူ့ဆံပင်တွေကို ဖြီးသင်နေသေးတုန်းပဲ။ နောက်ဆုံးမှာတော့ အောက်ထပ်က အသံဗလံတွေ ပေါင်းစုံကြားမှာ ကျွန်မ သူ့ကို ပြောလိုက်တယ်။ "ဂျိုစီရဲ့ ဧည့်သည်တွေဆီသွားဖို့ အချိန်တန်ပြီ ထင်တယ်"

အဲဒီအခါကျမှ သူက ဝက်မှင်ဘီးကို မှန်တင်ခုံပေါ် ချပြီး မတ်တတ်ထရပ်လိုက်တယ်။ "ဟုတ်တယ်။ အရှိတရားကို ရင်ဆိုင်ဖို့ အချိန်တန်ပြီ"

လှေကားအတိုင်း အောက်ကို ဆင်းလာတော့ ဟီးဟီးဟားဟား လုပ်နေကြတဲ့ သူစိမ်းတွေနဲ့ ပြည့်နှက်နေတဲ့ ဟောခန်းကြီးကို ကျွန်မ တွေ့မြင်လိုက်ရတယ်။ အဖော်လိုက်လာကြတဲ့ လူကြီးတွေလည်း ရှိနေကြတယ်။ အားလုံးက အမျိုးသမီးတွေချည်းပဲ။ လူငယ်တွေရဲ့ အသံတွေက 'လဟာခန်း' ဘက်ကနေ ထိုးထွက်လာတယ်။ ဒါပေမယ့် ဆွဲတံခါးတွေကို စေ့စေ့ပိတ်ထားတာဆိုတော့ ဂျိုစီရဲ့ ဧည့်သည်တွေကိုတော့

mgyoe.com

m.gyoe.com

ကျွန်မတို့ မမြင်ကြရသေးဘူး။

လှေကားပေါ် ကျွန်မရဲ့အရှေ့မှာ ရပ်နေတဲ့ ဂျိုစီက အောက်ရောက်ဖို့ ခြေလှမ်းလေးလှမ်းအလိုမှာ တဲ့ရပ်လိုက်တယ်။ တကယ်လို့သာ လူကြီးတစ်ယောက်က သူ့ကို လှမ်းမခေါ်လိုက်ရင် သူ နောက်ပြန်တောင် လှည့်သွားလောက်တယ်။

"ဟိုင်း ... ဂျိုစီ၊ နေကောင်းတယ် မဟုတ်လား"

ဂျိုစီက လက်တစ်ဖက်မြှောက်ပြတယ်။ ခဏနေတော့ အမေက ဟောခန်းထဲမှာ ရှိတဲ့ လူကြီးတွေကို ဖြတ်ကျော်လာပြီး 'လဟာခန်း' ဘက်ကို သွားဖို့ အချက်ပြနေတယ်။ "ဝင်သွားလေ" သူက လှမ်းပြောတယ်။ "သမီးသူငယ်ချင်းတွေ သမီးကို စောင့်နေကြတယ်"

အမေက ပိုပြီး ထိရောက်အောင်လို့ တခြားစကားတွေနဲ့ ဖေးမ ပြောဆိုဖို့ ဟန်ပြင်နေတုန်းမှာပဲ တခြားလူကြီးတွေက သူ့အနား ရောက်လာပြီး ရယ်မောပြောဆိုနေကြတယ်။ ဒီတော့ သူလည်း မတတ်နိုင်တဲ့အဆုံး ကျွန်မတို့အနားကနေ ထွက်ခွာသွားတော့တယ်။ ဂျိုစီအတွက်တော့ ခွန်အားအသစ်တွေ ရလာပုံပဲ။ သူက ကျန်ရှိနေသေးတဲ့ လှေကားထစ်တွေကို နင်းဖြတ်သွားပြီး လူအုပ်ထဲ တိုးဝင်သွားတယ်။ 'လဟာခန်း' ဘက်ကို သွားလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျွန်မ သူ့နောက်ကနေ လိုက်နေခဲ့တယ်။ ဒါပေမယ့် အဲဒီဘက် ဝင်သွားရမယ့်အစား သူက လူကြီးတွေကို ဖြတ်ပြီး အရှေ့တံခါးဆီကို သွားနေတယ်။ အရှေ့တံခါးမကြီးက ဖွင့်ထားတာကြောင့် လတ်ဆတ်တဲ့လေတွေက တဖြူးဖြူး တိုးဝင်နေကြတယ်။ ဂျိုစီမှာ တိကျပြတ်သားတဲ့ ရည်ရွယ်ချက်တစ်ခု ရှိနေတယ်လို့ ထင်ရလောက်အောင်ကို သူ သွားမြဲ သွားနေတယ်။ ဘေးလူတွေကတော့ သူ့ကို ဧည့်သည်တွေအတွက် တစ်ခုခု လုပ်ပေးစရာရှိလို့ သွားနေတယ်လို့ ထင်ကြမှာပဲ။ ဘယ်သို့ဆိုစေ ဘယ်သူကမှတော့ သူ့ကို မဟန့်တားကြဘူး။ ကျွန်မ သူ့နောက်ကို လိုက်သွားတော့ ကျွန်မရဲ့ ဘေးပတ်ပတ်လည်မှာ အသံပေါင်းစုံကို ကြားနေရတယ်။ တစ်ယောက်က ပြောတယ်။ "ပါမောက္ခကွမ်က ကျွန်မတို့ကလေးတွေကို သင်္ချာ ရူပဗေဒ သင်တဲ့အပိုင်းမှာ တော်ကောင်း တော်ပါလိမ့်မယ်။ အဲဒါနဲ့ပဲ သူ ကျွန်မတို့ကို ရိုင်းရိုင်းပျပျ ဆက်ဆံခွင့် မရှိဘူး" ပြီးတော့ နောက်အသံတစ်သံက ပြောတယ်။ "ကမ္ဘာ့ အကောင်းဆုံး အိမ်ထိန်းတွေက ဥရောပကနေ လာတယ်" အသံတော်တော်များများက ဖြတ်သွားတဲ့ ဂျိုစီကို နှုတ်ဆက်နေကြတယ်။ ခဏကြာတော့ ကျွန်မတို့ အရှေ့တံခါးဆီ ရောက်သွားတယ်။ ပြင်ပလေက ကျွန်မတို့ကို ဆီးကြိုနှုတ်ဆက်လို့။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျိုစီက အပြင်ကို လှမ်းကြည့်တယ်။ သူ့ခြေထောက်တွေက တံခါးခုံပေါ်မှာ ရပ်နေရင်း အိမ်ပြင်ဘက်ကို လှမ်းအော်လိုက်တယ်။ "လာတော့လေ။ နင် ဘာလုပ်နေသေးတာလဲ" နောက်တော့ သူက တံခါးကျည်းပေါင်ကို ဆုပ်ကိုင်ပြီး ကိုယ်ကို အပြင်ဘက် ယိုင်လိုက်တယ်။ "မြန်မြန်လုပ်ပါဟ။ အားလုံး ဒီမှာရောက်နေကြပြီ" ရစ်ခ်ဲ အိမ်ပေါက်ဝမှာ ကိုယ်ထင်ပြလာတယ်။ ဂျိုစီက သူ့လက်မောင်းကို ကိုင်ပြီး သူ့ကို ဟောခန်းထဲ ဆွဲခေါ်သွားတယ်။

သူက တောင်ပူစာမြက်ခင်းပြင်မှာ ရှိခဲ့တုန်းကအတိုင်း ဝတ်စားထားတယ်။ ရိုးရိုးဂျင်းဘောင်းဘီနဲ့ ဆွယ်တာအကျီနဲ့။ ဒါပေမယ့် လူကြီးတွေက သူ့ကို ချက်ချင်း သတိထားမိသွားကြသလိုပဲ။ သူတို့အသံတွေကတော့ တကယ်တမ်း ရပ်တန့်မသွားကြဘူး။ ဒါပေမယ့် အသံတွေ တိုးသွားတယ်။ နောက်တော့ အမေက လူအုပ်ထဲက နေ ဖြတ်ပြီး အနားကို ရောက်လာတယ်။

"ဟယ်လို ရစ်ခ်ဲ။ ကြိုဆိုပါတယ်။ အထဲဝင်လေ" သူက ရစ်ခ်ဲရဲ့ နောက်ကျောဆီကို လက်ပို့လိုက်ပြီး ဧည့်သည်လူကြီးတွေဆီ သူ့ကို တွန်းပို့လိုက်တယ်။ "အားလုံး အားလုံး။ သူလေးက ရစ်ခ်ဲပါ။ ကျွန်မတို့ရဲ့ မိတ်ဆွေကောင်း အိမ်နီးနားချင်းပေါ့။ တချို့ကတော့ သူ့ကို သိထားပြီး ဖြစ်ပါလိမ့်မယ်"

"ဘယ်လိုလဲ၊ ရစ်ခ်ဲ" ဘေးနားက အမျိုးသမီးကြီးက ပြောတယ်။ "လာရောက်နိုင်တဲ့အတွက် ဝမ်းသာပါတယ်"

ပြီးတော့ လူကြီးတွေအားလုံးက ရစ်ခ်ဲကို တစ်ပြိုက်နက်တည်း နှုတ်ဆက်လိုက်ကြတယ်။ သူ့ကို ရင်းရင်းနှီးနှီး ကြင်ကြင်နာနာ ပြောဆိုနှုတ်ဆက်နေကြပေမယ့် သူတို့ရဲ့ အသံတွေက ထူးထူးဆန်းဆန်း သတိနဲ့ ပြောနေကြမှန်း ကျွန်မ ရိပ်စားမိတယ်။ အမေက အသံအားလုံးကို မိုးသွားအောင် ပြောလိုက်တယ်။

"ဆိုတော့ ရစ်ခ်ဲ၊ သား အမေရော နေကောင်းရဲ့လား။ သူ ဒီမရောက်တာ တောင် အတော်ကို ကြာသွားပြီ"

"သူ နေကောင်းပါတယ်။ ကျေးဇူးတင်ပါတယ် မစ္စက်အာသာ"

ရစ်ခ်ဲ စကားပြောနေတုန်းမှာ အခန်းတစ်ခန်းလုံး ငြိမ်ကျသွားတယ်။ ကျွန်မရဲ့ အနောက်မှာရှိတဲ့ အရပ်မြင့်မြင့်နဲ့ အမျိုးသမီးကြီးက မေးတယ်။ "သားက ဒီနားပဲနေတယ်လို့ အန်တီ ကြားလိုက်မိသလိုပဲ။ ဟုတ်လား ရစ်ခ်ဲ"

ရစ်ခ်ဲရဲ့ အကြည့်က စကားပြောသူဆီရောက်ဖို့ မျက်နှာတွေကို ဖြတ်ကျော်သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်ပါတယ်၊ အန်တီ။ အပြင်ဘက်ကိုထွက်ပြီး ကြည့်လိုက်မယ်ဆိုရင် တွေ့မြင်နေတဲ့ တစ်လုံးတည်းသော အိမ်က ကျွန်တော်တို့ရဲ့ အိမ်ပါပဲ" ပြီးတော့ သူက ခပ်ပြတ်ပြတ် ရယ်လိုက်ပြီး ဆက်ပြောတယ်။ "ကျွန်တော် ဆိုလိုတာက ဒီအိမ်က လွဲရင်ပေါ့ဗျာ"

သူ့ရဲ့ ဖြည့်စွက်စကားကို လူတိုင်းက ကျယ်လောင်စွာ အားရပါးရ ရယ်မောကြတယ်။ သူ့ဘေးမှာ ရပ်နေတဲ့ ဂျီစီကတော့ စိတ်မသက်မသာ ပြုံးနေရှာတယ်။ စောစောက စကားကို သူကိုယ်တိုင် ပြောလိုက်ရတာကျနေတာပဲ။ နောက်အသံက ပြောတယ်။

"ဒီအပြင်ဘက်မှာက လတ်ဆတ်တဲ့လေတွေချည်းပဲ။ ရှင်သန်ကြီးထွားဖို့ နေရာကောင်းတစ်ခုပဲဆိုတာ မြေကြီးလက်ခတ် မလွဲဘူး"

"မဆိုးဘူးပဲ ဆိုပါတော့ဗျာ။ ကျေးဇူးတင်ပါတယ်" ရစ်ခ်က ပြောတယ်။ "ပီဇာတစ်ချပ်ကို အသည်းအသန် မလိုအပ်သေးဘူးဆိုတဲ့ အထိပေါ့"

လူတိုင်းက ပိုပြီး ကျယ်လောင်စွာ ရယ်မောလိုက်ကြတယ်။ ဒီတစ်ခါမှာတော့ ဂျီစီလည်း တစ်ဦးအပါအဝင်ပဲ။ တကယ့်ကို ပျော်ရွှင်နေတဲ့ရုပ်မျိုး။

"ကဲ…ကဲ သွားတော့ ဂျီစီ" အမေက ပြောတယ်။ "ရစ်ခ်ကို ခေါ်သွားလိုက်။ သမီးရဲ့ တခြားဧည့်သည်တွေ အားလုံးကိုလည်း ဧည့်ခံရဦးမယ်။ အခုပဲ ဝင်သွားလိုက်တော့"

လူကြီးတွေက အနောက်ကို ဆုတ်ပေးလိုက်ကြတယ်။ ဂျီစီက ရစ်ခ်ရဲ့ လက်မောင်းကို ဆုပ်ကိုင်ထားရင်း သူ့ကို 'လဟာခန်း' ထဲ ခေါ်သွားတယ်။ သူတို့ ဘယ်သူကမှ ကျွန်မကို မကြည့်ကြဘူး။ ဒီတော့ ကျွန်မ လိုက်သွားသင့် မသင့်ဆိုတာကိုလည်း ဝေခွဲမရဘူး ဖြစ်နေတယ်။ ခဏနေတော့ သူတို့ ထွက်သွားကြတယ်။ လူကြီးတွေက ဟောခန်းထဲမှာ နောက်တစ်ခါထပ်ပြီး အုန်းအုန်းကျွက်ကျွက် ဖြစ်နေကြပြန်တယ်။ ကျွန်မကတော့ အရှေ့တံခါးဝနားမှာ ရပ်လျက် ကျန်နေရစ်ခဲ့တယ်။ အနားက အသံသစ်တစ်သံက ပြောတယ်။

"လူတော်လေးပဲ။ သူက ဘေးအိမ်မှာနေတယ် ဆိုလားလို့။ ငါ ကောင်းကောင်း မကြားလိုက်ရဘူး"

"ဟုတ်တယ်။ ရစ်ခ်က ဘေးအိမ်ကပါ" အမေက ပြောတယ်။ "သူက ဂျီစီနဲ့ ရာသက်ပန် သူငယ်ချင်းတွေလေ"

"ကောင်းလိုက်တာ"

mgyoe.com